# ရတနာမြတ်သုံးပါး နှင့် ကိုယ်တွေ့မြင်ရပ်ဆန်းများ

မကွေး ဝင်းမြင့်

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

မကွေးဝင်းမြင့်

# ရတနာမြတ်သုံးပါး နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ

စာမူခွင့်ပြုချက် [၄၅၅] မျက်နှာဖုံးခွင့်ပြုချက် [၀၈၉၆]

နှလုံးလှစာပေ ဖြန့်ချီရေး၊ စာတိုက်သေတ္တာ အမှတ် ၈၄၊
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊
ရန်ကုန်မြို့။ [ဖုန်း - ၄၂၉၄၁]

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၈၂ ခု၊ အောက်တိုဘာလ၊ အုပ်ရေ ၃၀၀၀။

မျက်နှာဖုံးပန်းချီ

စံတိုး

ဘလောက်

ဘသစ်

အဖုံးရိုက်

လုပ်အား

စာအုပ်ချုပ်

မင်းမင်းစိုး

ဦးချစ်အောင်(၀၂၀၇)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဦးမြင့်နိုင် (၀၁၃၄၃)၊ အေးမြင့်စာပေ၊ ၇၂၊ ကျောင်းလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

ဘုရားဖက်တော့ အသက်ရှည်

တရားဖက်တော့ အမျက်ပြေ

သံဃာဖက်တော့ အခက်ဝေ

ရတနာ မြတ်သုံးပါး

မိဘ နှစ်ပါးနှင့်

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ တို့အား


ရှိသေစွာဦးညွှတ်လျက်

**မကွေးဝင်းမြင့်**

# ကျေးဇူးတင်ပါသည်

ဤ 'ရတနာ့မြတ်သုံးပါးနှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်း များ' စာအုပ်အတွက် အဘက်ဘက်မှ အကူအညီ ပေးကြသော ဆရာဒဂုန်ဦးစန်းငွေ၊ ဓမ္မာစရိယ ဆရာ ဦးဌေးလှိုင်၊ ရှင်မဟာ ဗုဒ္ဓဃောသ ဦးဘသန်း၊ ဓမ္မ ဃောသက ဦးမောင်မောင်၊ ရန်ကုန် မြသိန်းတန် ကျောင်းတိုက်မှ အရှင်ကုသလ၊ (ပါဠိ ပါရဂူ) ဦးတေဇဝန်၊ စာရေးဆရာ စောညို၊ တံခွန်တိုင် စာပေမှ မောင်မြတ်ခေါင် နှင့် လက်နှိပ်စက် ဖြင့် ကူးယူပေးသော ကိုတင်ပွားတို့အား ကျေးဇူး အထူး တင်ရှိကြောင်း မှတ်တမ်းတင် ဂုဏ်ပြုပါသည်။

မကြွေးဝင်းမြင့်



# မာတိကာ


ဤစာအုပ်အသွင်နှင့် ဆရာဒဂုန်ဦးစန်းငွေ၏ အမြင် ၁၃
ဘုရားရတနာ ၁၇
ကျွန်တော် မအံ့သြပါ ၃၄
တရားရတနာ ၅၁
ပရိတ်ကြီး အရသာ ၅၁
ပြောင်းရွှေ့ဖို့အမိန့် ၅၄
ဘုန်းကြီးခြောက်ကြီး ၅၆
ရှင်မဟာဗုဒ္ဓဃောသဦးဘသန်းနှင့် ကဗျာ့စွယ်စုံဦးထွန်းရွှေ ၅၈
ပရိတ်စွမ်းအင်နှင့် ဗေဒင်အဟော ၆၀
မေတ္တာ ၆၈

မာတိကာ


| | |
|---|---|
| မေတ္တာရဲ့ အကျိုးအာနိသင် | ၇၀ |
| သံဃာရတနာ | ၇၆ |
| လူပုံ့တော်ပတ္တမြား ဦးမောင်မောင် | ၇၆ |
| သံဃာဘုန်းကံ | ၇၈ |
| ဆရာတော် သံဃာတော်များ၏ ဩဝါဒအဆိုအမိန့်များ | ၈၂ |
| ဘုန်းကြီးကောင်းတွေ ထိအောင်မရေးနိုင် | ၈၃ |
| တပါးတည်းနေရတာ မကြောက်ဘူးလား ဘုရား | ၈၃ |
| ကိုယ်အတွာ လူသိတာပေါ့ | ၈၄ |
| ခင်ဗျားမှာ သားသမီးရှိတာကိုးဗျ | ၈၅ |
| သည်နေရာမှာ ရေကူးတတ်ဖို့လိုတယ် | ၈၆ |
| သက်စေ့ဆွမ်း | ၈၉ |
| ရေချိုးမှားလို့သေတဲ့မသာသာ တွေ့တယ် | ၉၁ |
| အသက်ရှည်လို ထန်းရည်ခါးနဲ့ ကြက်သားမျို | ၉၂ |
| လောကမှာ ဝတယ်မရှိပါဘူးဟယ် | ၉၃ |
| ဘဲလို မကျင့်နှင့် မြင်းလိုကျင့် | ၉၄ |
| မင်း တလောကလုံးနဲ့ ရန်ဖြစ်နေပေရော့ | ၉၅ |
| ရုပ်,နာမ် မရှိတာ ကောင်း | ၉၆ |
| ဘာအုန်းကြီး လိမ္မာလာပါပြီ | ၉၇ |
| ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူး | ၁၀၀ |

မာတိကာ


| | |
|---|---|
| အုန်းမှုတ်ခွက်အစ | ၁၀၃ |
| အသက်ကလေးရယ်တဲ့ ရှည်စေလို | ၁၁၃ |
| မဆယ်တင် | ၁၁၅ |
| ဒမြဘေး သီသီလွတ် | ၁၁၉ |
| လူငယ်လူရွယ်တွေ | ၁၂၃ |
| ဒါတို့ပြည် ဒါတို့မြေ | ၁၂၈ |
| သူတော်ကောင်းခေတ် တရားမြတ်လွှမ်းပတ်ဤကမ္ဘာ | ၁၂၉ |
| ဗာရာဏသီသို့ ကြွခြင်း | ၁၃၁ |
| ဟန္ဒီဘာသာဖြင့် သင်္ဂြိုဟ်ကျမ်းအဖွင့် | ၁၃၂ |
| ဝိသုဒ္ဓိမဂ်ဖြင့် ဒေါက်တာဘွဲ့ ယူ | ၁၃၂ |
| ၁၇-နိုင်ငံသို့ သာသနာထွန်းလင်းစေ | ၁၃၃ |
| ဆရာတော်ပင့်သူ ဒါယိကာမ | ၁၃၄ |
| ဗုဒ္ဓသာသနာကို ကမ္ဘာမှာ မြန်မာကခေါင်းဆောင် | ၁၃၅ |
| ဘေးရန်ကာဆီး ပရိတ်ကြီး | ၁၄၁ |
| မင်္ဂလသုတ် | ၁၄၆ |
| ရတနသုတ် | ၁၄၇ |
| မေတ္တသုတ် | ၁၅၃ |
| ခန္ဓသုတ် | ၁၅၆ |
| မောရသုတ် | ၁၅၉ |

မာတိကာ

ဝဋ္ဋသုတ် ၁၆၁
ဓဇဂ္ဂသုတ် ၁၆၃
အာဋာနာဋိယသုတ် ၁၆၈
အင်္ဂုလိမာလသုတ် ၁၇၂
ဗောဇ္ဈင်္ဂသုတ် ၁၇၄
ပုဗ္ဗဏှသုတ် ၁၇၇
အန္တရာယ်ကင်း ဂါထာတော်များ ၁၈၃
ဘုရားဂုဏ်တော်ကိုးပါး ပုတီးစိပ် ၁၈၅
ပုတီးစိပ်သောအခါ စိတ်မှဆင်ခြင်ရန် ၁၈၆
ဂုဏ်တော်ကိုးပါး ပုတီးစိပ်ခြင်းဖြင့် ရနိုင်သော
အကျိုးကျေးဇူးများ ၁၈၇
ရှင်အရဟံ ပုတီးစိပ် ၁၈၉
ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော အန္တရာယ်ကင်း
ဂါထာတော်များ ၁၉၁
ငါးပါးသီလအနက် ၁၉၄
ဂုဏ်တော်ကိုးပါး ၁၉၅
သမ္ဗုဒ္ဓေ ဂါထာတော်ကြီး ၁၉၈
သိရသ္မိံ ဂါထာတော်ကြီး ၂၀၁

## မာတိကာ


| | |
|---|---|
| ဓာရဏ ပရိတ် ပါဠိတော် | ၂၀၄ |
| ဓာရဏ ပရိတ် နိဿယ | ၂၀၆ |
| ပရိမိတ္တဇာလသုတ် ပါဠိတော် | ၂၁၅ |
| ပရိမိတ္တဇာလသုတ် နိဿယ | ၂၁၇ |
| ပြည်တော်ပြန် စမ္မခဏ်ဂါထာတော် | ၂၂၃ |



ဤစာအုပ် အသွင်နှင့်

# ဆရာ ဒဂုန်ဦးစန်းငွေ၏ အမြင်

သူ့စာကို* ကမန်းကတန်း ယှက်ပြီး ဖုတ်ပူမီးတိုက်နှင့် ကတိုက်ကရိုက် ပင် ရေးပေးလိုက်ရ၏။ သူကား မကွေးမြို့က အဝေးရောက် ဧည့်သည်ပေကိုး။ ချက်ချင်းပင် ပြန်ရမည်ဆိုသကိုး။

"ရတနာမြတ်သုံးပါးနှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ" တဲ့။ ဤကား သူယူလာသော စာမူ၊ သူထုတ်ဝေမည့် စာအုပ်၏ အမည် ဖြစ်၍၊ သူဆိုသူကား အုန်းမှတ်ခွက် (၀၁) အုန်းမှတ်ခွက်

# အမြင်

ကိုနှင်းမိရာမှ ပို၍ နာမည်ဟိန်းထွက်လာသော စာရေးဆရာ မကွေးဝင်းမြင့် ဖြစ်သတည်း။

ဘုရားဖက်တော့ အသက်ရှည်
တရားဖက်တော့ အမျက်ပြေ
သံဃာဖက်တော့ အခက်ဝေ

မြန်မာမှု၌ ဆိုရိုးရှိခဲ့၏။ ဆောင်ပုဒ် ပြုလာခဲ့ကြ၏။ သူသည် ထို ဆောင်ပုဒ်များ၏ သရုပ်ကို ရုပ်လုံး ပေါ်လာအောင် သူ၏ကိုယ်တွေ့များဖြင့် ခြယ်မှုန်းကာ ဤစာအုပ်၌ သရုပ် ဖော်ထားခဲ့လေသည်။

"ရတနာမြတ်သုံးပါးနှင့် ကိုယ်တွေ့ ဖြစ်ရပ်ဆန်းများ" ဆိုသော်လည်း သူ့စာကိုဖတ်မိသောအခါ သူ့ကိုယ်တွေ့မှာ ရတနာမြတ်သုံးပါးသာမကပဲ သူနှင့် ထိတွေ့ရသော သူ့ ဝန်းကျင်အများကိုပါ မြင်ရ၊ တွေ့ရပါသည်။

ရတနာမြတ် သုံးပါးကို ယုံယုံကြည်ကြည်၊ မြတ်မြတ်နိုးနိုး ကိုးကွယ်ခြင်းနှင့် ပတ်သက်၍ ဘဝတကွေ့မှ အတွေ့အကြုံများကိုသာ တင်ပြသွား၏။ သူ့အနေအားဖြင့် ရတနာမြတ်သုံးပါး

ကို ဆည်းကပ်ကြပါ၊ ကိုးကွယ်ကြပါ ဟူ၍ တိုက်တွန်းခြင်း ပြုသည်ကိုကား မတွေ့ရ။

သို့သော် သူသည် အရေးလိမ္မာ၏။ ရတနာသုံးပါးကို အလိုလို ကြည်ညိုချင် လာအောင်၊ ကိုးကွယ်ချင် လာအောင် ဆွဲဆောင်နိုင်သူ ဖြစ်လေသည်။

လူမှန်သမျှ ပုထုဇဉ် သဘာဝအတိုင်း ထိမပေါက်ချင်သူ တယောက်မျှ မရှိ။ ထိပေါက်အောင် မည်သို့ လုပ်ရမည်နည်း။ ထောင်ကျချင်သူဟူ၍တယောက်မျှမရှိ။ ထိုအန္တရာယ်မှလွတ်အောင် မည်သို့ ရှောင်ရမည်နည်း။ ဒုမြတိုက်ခံချင်သူဟူ၍ တယောက်မျှမရှိ။ ဒုမြဘေးမှ ဝေးအောင် မည်သို့ ရှောင်ရမည်နည်း။ အန္တရာယ်တစုံတခုကြုံလိုသူ တဦးမျှမရှိ။ အကယ်၍ ကြုံခဲ့သော် ဘယ်နည်းဘယ်ပုံ လွတ်အောင်ရုန်းရမည်နည်း။

ခုရေတွင်းတူးပြီး ခုရေကြည်သောက်ချင်၍ မဖြစ်ပေ။ ဤစာအုပ်ကို ဖတ်ယင်း ထိုပြဿနာများအတွက် အဖြေရနိုင်စရာ ရှိပေသည်။

သူ၏တင်ပြချက်များသည် ရိုးသား၍ လေးနက်လှ၏။ စာဖတ်သူများကို ရှင်ပျော်ပျော်နှင့်

# အမြင်

ဆွဲခေါ်သွားလေသည်။ အချို့ နေရာများတွင် ရင်တလှပ်လှပ်နှင့် လျှို့ဝှက်သဲဖို ဝတ္ထုကောင်း တပုဒ်ကို ဖတ်နေသကဲ့သို့ ထင်ရပြီး၊ အချို့နေရာ များတွင်မူကား ဓမ္မမိတ်ဆွေအချင်းချင်း ဆွေးနွေးနေသည့် အသွင်မျိုးကို တွေ့ရ၏။

အချုပ်ကိုဆိုသော် "ရတနာ့မြတ်သုံးပါးကို ဆည်းကပ်ပါ၊ မိဘကို ရိုသေပါ" ဟု တိုက်တွန်းလျှင် ရချင်မှရမည် ဖြစ်သော်လည်း ဤစာအုပ်ကို ဖတ်မိက ရတနာ့မြတ်သုံးပါးနှင့်တကွ မိဘဆရာသမား အနန္တငါးပါးတို့အား ညွတ်တွားကိုင်းရှိုင်းလိုသောစိတ်များ တဖွားဖွားပေါ်လာအောင် တွဲခေါ် ဆွဲဆောင် သွားလိမ့်မည် ဟု ထင်ပါသတည်း။

ဒဂုန်ဦးစန်းငွေ

၁၀-၇-၀၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဘုရားရတနာ

ကျွန်တော့်နာမည် မကွေးဝင်းမြင့်ဖြစ်ပါတယ်။ မကွေးမြို့မှာ တော့ ကျွန်တော့်ကို မသိသူ မရှိသလောက်ပါပဲ။ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က လူစုံတယောက်မို့ပါပဲ။

ကျွန်တော်က ပန်းချီရေးတယ်။ စာရေးဆရာ လုပ်တယ်။ ကုန်သွယ်ရေးလက်ထောက် ငွေကိုင်၊သတင်းထောက်။ ဝါသနာ ပါတာတွေရော ထမင်းစားဖို့ပါ လုပ်တယ်။

အခုတော့ စာအုပ်ဆိုင် ဖွင့်ထားတယ်။ နဝဒေး ဝင်းမြင့်၊ သတင်းထောက် ဝင်းမြင့်၊ စာရေးဆရာ မကွေး ဝင်းမြင့်။ ကလေးကအစ လူတိုင်းသိနေကြတယ်။

အများကိစ္စ ကိုယ့်ကိစ္စ ဆိုတာလို အများအကျိုးအတွက် လိုက်လိုက်လုပ်ပေးလွန်းတော့ မကွေး အောင်စာပေ ဦးအောင် ဖြိုးက

"မောင်ဝင်းမြင့်၊ သူများချည်းလိုက်သနားမနေနဲ့။ ကိုယ့်ကိုယ်ကိုယ်လဲ ပြန်သနားအုံး" လို့ ပြောယူရတဲ့အထိ ကျွန်တော်က လုပ်တာကိုး။

ကုန်သွယ်ရေးလက်ထောက် ငွေကိုင် အမှုထမ်းဘဝတုန်းက တောင်းတောင်း ပန်ပန်နှင့် ဇွတ် ထွက်ခဲ့ပြီး ၁၉၆၇ ခုနှစ် မေလဆန်းမှာ စာအုပ်ဆိုင်ထောင်တယ်။ နာမည်က 'နဝဒေး စာပေ' တဲ့။

ကောလိပ်ကျောင်းသား ကျောင်းသူ အပေါင်းအသင်းတွေကြောင့် တဟုန်တိုးတိုးတက်လာခဲ့ပါတယ်။ ငွေ၆၀၀၀ လောက် မတည်တာ ငွေတသောင်းကျော် ဖြစ်လာပါတယ်။ လက်ထဲ ငွေကလေးကရှိ၊ ဆိုင်ကလေးက စိုစိုပြည်ပြည်ဖြစ်လာတော့ကျွန်တော့် လုပ်ရည်ကိုင်ရည်၊ ပေါင်းသင်းဆက်ဆံရေးကို ရပ်ဝေးရပ်နီးက ပါမကျန် လေးလေးစားစား ဂရုစိုက်သာပါတယ်။

တနေ့တော့ ပျက်ရတော့မှာ ဓမ္မတာပါပဲ။ ဒါပေမယ့် ခုဟာက မြန်ဆန်လွန်းပါတယ်။ နပိုလီယံပြောသလို "ကျွန်ုပ်ဟာ အမြင့်ကိုတက်ရစဉ်က ခြေလှမ်းပေါင်း မြောက်မြားစွာနဲ့ တက်ခဲ့ရပေမယ့် အောက်ကိုကျသောအခါ ခြေတလှမ်းမျှသာ ရှိပေတကား" ဆိုတာလိုပဲ။

ကျွန်တော်ဟာ အပေါင်းအသင်းတွေအပေါ် ရက်ရောပါတယ်။ "သူငယ်ချင်း၊ ငါတော့ အခုစက်ဘင်ဘာ ငါ့ဆိုင်စာရင်း စစ်တော့မယ်၊ ငွေ ၃၀၀၀ လောက် ထည့်စရာရှိဘယ်၊ ခဏပေးပါအုံး"

ပြည်သူ့ဆိုင်က အရောင်းစာရေးကလည်း လာတောင်းတတ်တယ်။ ဒီနေရာမှာ အားနာတတ်တာရယ်၊ ကိုယ်ချင်း စာနာတတ်တဲ့ စိတ်ရယ်ကြောင့်

"ကဲ သူငယ်ချင်း၊ ငွေယူသွားတော့၊ နောက် ဆက်ဆက်လာပေးနော်" လို့ ပြောယင်း ထုတ်ပေးရတာလည်း ရှိတယ်။ အဲဒီငွေဟာ ပြန်မလာတဲ့လမ်း မြန်းတော့တာပဲ။ တနေ့တော့ ကျွန်တော့်ဆီ အမည်မဖော်လိုတဲ့ အရာရှိဘယောက် ရောက်လာတယ်။ သူ့မှာ ပွဲပေါက်ပွဲလမ်းရှိသတဲ့။ ငွေ ၁၀၀၀ ရင်းယင်ငွေငါးသောင်း အောက်ထစ် မြတ်မှာတဲ့။

ဒါနှင့် လူဆိုတာ လောဘသားဆိုတော့ ပထမအရစ်အနေနှင့် ငွေငါးထောင်ပေးလိုက်တယ်။ ဒုတိယအရစ် ၃၀၀၀ ပေါ့။

လုပ်ငန်းကမဖြောင့်တော့ သူသည်း အလုပ်ပြုတ်။ ကျွန်တော့်ငွေလည်း ဆုံးတော့ဘာပါပဲ။ အဲဒီတုန်းက ကျိတ်ငိုရတာပဲ။ အကုသိုလ်ဆိုတာ တပုံကြီး လာတယ်ဆိုတာ သိပ်မှန်ပါတယ်။ အဲဒီလို ငွေတွေဆုံးတော့ ဟန်မပျက်နေပါတယ်။ မရပါဘူး။ စိတ်လေလေရှိဘာနှင့် ရပ်ကွက် သာရေးနာရေးမှန်သမျှ အလုပ်ကိုပစ်ပြီး သွားလုပ်နေတတ်ပါတယ်။

ရှေ့တန်းပြန် ကြိုဆိုရေး လုပ်တုန်းကိုင်တုန်း ကိုယ်ကိုယ်တိုင်ကားမောင်းလို့ သစ်ပင်ဝင်တိုက်ပြန်ပါရော။ ကံကောင်းလို့ မသေတယ်။ ကားက အတော်ပျက်စီးသွားတယ်။ အစိုးရ ဌာနတခုက ကားဆိုတော့ ကျကျနနပြင်ပေးရတာ ငွေ ၂၀၀၀ ကျော်လောက် ချောရော။ အိမ်ကမိန်းမ လက်ဝတ် လက်စားတွေ ရောင်းပစ်ပေးရတာ။

စာအုပ်ဆိုင်လည်း ကုန်ဝယ်မတင်နိုင်တော့ဘူး။ စာတိုက်က လာတဲ့ ဗီပီပီတွေ မှန်မှန် မရွေးနိုင်တော့ဘူးပေါ့။ ဒီကြားထဲ ဇနီးသည်က ကလေးပျက်ကျပြန်တယ်။ အိမ်မှာ သားသမီး လေးယောက်နဲ့ သိပ်ကသိတာပေါ့။ ချက်ပြုတ်ပြီး ဆေးရုံလူနာ ဆီ သွားထမင်းပို့ရ၊ စာအုပ်ဆိုင်တာဘက်နှင့် မအားရဘူး။

ဇနီးဆေးရုံကဆင်းတော့ အဖေဆုံးပါလေရော။ အဖေဆုံး တော့ ကျွန်တော်က သားအကြီးဆုံးဆိုတော့ သင်္ဂြိုဟ်ဖို့ကိစ္စက ကျွန်တော့်မှာတာဝန်အရှိဆုံး။ အဲဒီတုန်းက လက်ထဲမှာ ငွေခဝိ ပြည့်အောင်မရှိပါဘူး။ သူငယ်ချင်းတယောက်ဆီ ပြေးဆွဲတော့ ငွေ ၂၅ ကျပ် ထုတ်ပေးတယ်။

အရေးဟဲ့ အကြောင်းဟဲ့ဆိုယင် ပြေးသာ ပြေးပါဆိုလို့ သတင်းဂျာနယ်က ကျွန်တော့်ဆရာ အထေးက်တော် လှအောင် ဆီ သံကြိုးရိုက်ရတယ်။ ကျွန်တော့်ဖခင် ဆုံးတဲ့အကြောင်းပေါ့။ ဂျာနယ်ထဲ နာရေးကြော်ငြာကလေးထည့်ပေးဖို့လောက် မှန်းတာ ပါ။ ဒါပေမယ့် ဆရာက ကျွန်တော့်ဆီ သံကြိုးနှင့် ငွေငါးဆယ် လွှဲပေးတယ်။ ဆရာပို့လိုက်တဲ့ ငွေငါးဆယ်ဟာ ဒီတုန်းက ငါး ထောင်လည်းဟုတ်တယ်။ ငါးသောင်းလည်းမှန်တယ်။ ကျွန်တော့် တသက်မှာ ဘယ်တော့မှ မေ့လို့ရမှာ မဟုတ်ပါဘူး။

ဒီနေရာမှာ အားကိုးစရာကိစ္စ ဝင်လာပါတယ်။ ဖခင်လည်း မရှိဘူး။ မိခင်လည်းမရှိဘူး။ အပေါင်းအသင်း မိတ်ဆွေဆိုတာ ကလည်း သာတုန်းပေါ့။ စီးပွား ပျက်တော့ ရှောင်ကြတယ်။

ဒီကြားထဲ အတိုး မတန် တဆနှင့် ချေးပြီး ပြန်ထူထောင် သေးတယ်။ လှုပ်ယင်း မြုပ်တော့တာပါပဲ။ ကြွေး လည်ပင်း

သာသနာရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။



ခိုက်တော့တာပါပဲ။ အဆင် မပြေဘူး ဆိုမှဖြင့် ဘာ လုပ်လုပ် အဆင်ကို မပြေတော့ဘူး။ ဒါကို ကျွန်တော်က သိပ်မယုံချင်ဘူး။ ဒါကြောင့် ငါလုပ်ယင် ဖြစ်ရမယ်။ ဘာလို့ မဖြစ်ရမှာလဲဆိုပြီး ဇွတ်တိုးလုပ်သေးတယ်။

အဲဒီတုန်းမှာ ကျွန်တော်က မြူနီစီပယ် အခွန်ကောက်စာရေး ဝင်လုပ်တယ်။ ငွေငါးသောင်းလောက်လက်ထဲကိုင်ထားနိုင်တယ်။ ဒါပေမယ့် အဲဒီငွေကို ခြောက်လအတွင်း ခုနစ်ရက် တခါ၊ နှစ်ခါ နှစ်ထောင်၊ သုံးထောင် အပ်သွားရတယ်။ ဒီကြားထဲ သုံးနိုင်တာ ပေါ့။

ဒါနဲ့ သူငယ်ချင်း တယောက်နှင့် ပေါင်းပြီး ဘိလပ်မြေ အရောင်း၊ အဝယ် လုပ်တယ်။ မကောင်းမှုဆိုတော့ လူမဖမ်းရုံ တမည်ပဲ။ ငွေတသောင်းလောက် ချေရော။ အဲဒါမှ ဒုက္ခ။ အခုငွေတသောင်းက ကျွန်တော့်ငွေ မဟုတ်ဘူး။ ဒါနဲ့ စိတ်ညစ် ရပါလေရော။

အဲဒီတုန်းကစိတ်ဒုက္ခရောက်ရတာမျိုးတသက်မကြုံဖူးပါဘူး။ ငွေတသောင်းကို ကျွန်တော် ဘယ်နည်းနှင့်မှရှာရမှာ မဟုတ်ပါ ဘူး။ ဒီငွေတသောင်းကိုလည်း တလအတွင်း အပြေသွင်းရမှာတဲ့။ မသွင်းယင်၊ မသွင်းနိုင်ယင် တရားစွဲမယ်၊ ထောင်ချမယ်ပေါ့။

ကျွန်တော် အားကိုးစရာတွေ လိုက်ရှာပါတယ်။ တချိန်တုန်း က ပေးခဲ့သူတွေဆီ သွားတယ်။ လင် ယောကျ်ားက ပေးချင် ပေမယ့် ဇနီးက မပေးချင်ဘူးတဲ့။ ဒါနဲ့ ဟိုလှည့်၊ သည်လှည့် ငွေမလည်ဘူး ဘာဘူးနှင့် ပြန်ခဲ့ရတယ်။

၁၅၈၄၃
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်
ကမ္ဘာအေး၊ ရန်ကုန်

ကျွန်တော့်မိန်းမမှာလည်း ညအိပ်မပျော်ရှာဘူး။ အရူးလိုပဲ။ ထ,ထပြီး ငိုတယ်၊ ကျွန်တော်ကတော့ စိတ်ကို ခိုင်ခိုင်ထားတယ်။ အိပ်ရာထဲက ကလေးတွေကိုကြည့်ပြီးတော့ မျက်ရည် လည်မိပါတယ်။ သူတို့လေးတွေဟာ အဖေဆိုမှ အဖေ။ ကျွန်တော်ကလည်း အလို လိုက်ခဲ့တယ်။ ငွေ မရှိတာ သူတို့ မသိဘူး။ လူကြီးတွေဘာကြောင့်သောကရောက်နေတာကိုသူတို့တတွေမသိရှာကြဘူး။

ညကြီး သန်းခေါင် ထိုင်ပြီး အားကိုးစရာ ရှာပါတယ်။ တပတ် ကျော်ကျော် ကျွန်တော့်ကို ကူညီမယ့်သူလို့ ထင်တဲ့ လူတွေဆီ ခြေ တိုအောင် လျှောက်ခဲ့ရတယ်။ တပြား တချပ်မှ မရခဲ့ဘူး။

ခုတော့ ကျွန်တော့် စိတ်အာရုံထဲ ဖျိုးကနဲ ဖျပ်ကနဲ လက်လာပါတယ်။ ပြာ လဲ့လဲ့ ငါး တိုင် အား နဲ့ မျက် နှာ တော် တည်တည် ငြိမ်ငြိမ် ဖူးမြင်ရတဲ့ ကျွန်တော့် အိမ် ခေါင်းရင်းက ဆင်းတုတော် ဘုရားရှင် ကိုယ်တော်မြတ်ကြီးပါပဲ။

ကျွန်တော်ဟာ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ရှေ့တော်မှာ တင်ပျဉ်ခွေထိုင်ပြီး ထွက်သက် ဝင်သက်မှတ်တယ်။ ပထမတော့ စိတ်က ဟိုရောက် ဒီရောက်ပဲ။ မငြိမ်ဘူး။ နောက်တော့ တစတစ ငြိမ်လာပါတယ်။ တနာရီလောက် ထိုင်ပြီးတော့ အိပ်ရာဝင်ပါတယ်။

ချက်ချင်း အိပ်ပျော်သွားတယ်။ သောကစိတ်ဟာ ဝင်မလာတော့ဘူး။

ဒါနှင့် မနက်လင်းတော့ ဆွမ်းချက်တယ်။ ရေချမ်းကပ်တယ်။ နောက်ရက်တွေကျတော့ မိန်းမကပါ ဝင်လုပ်လာတယ်။ နောက်ဆုံး အားကိုးရာ ဘုရားရှင် ဆိုတာ ယုံကြည်လာတယ်။

ကျွန်တော်တို့ မကွေးမြို့က ရွှေဥဒေါင်း ရုပ်ရှင်ရုံ ပိုင်ရှင် ဦးဘလူ ဆိုတာ ရှိတယ်။ သူက ကျွန်တော့်ကို ပြောဖူးတယ်။ သူပြောတာက

'ကိုဝင်းမြင့်နှယ်၊ ဘုရား တရား သံဃာ ဆရာ မိဘ လေးလေးစားစား၊ ယုံယုံ ကြည်ကြည် အမြဲ စိတ်မှာ ထားဗျ' ပြီးတော့ သမ္ဗုဒ္ဓေဂါထာတော်ကိုလဲရွတ်ပြတယ်။ 'ကျုပ်တော့ ကိုယ်တွေ့ပဲဗျာ။ ဒီလိုဗျ၊ တနေ့ ကျုပ် အိပ်ရာထ ဘုရား ရှိခိုးပြီး တိုက်အပေါ်ထပ်က အောက်ကို ဆင်းလာတော့ ကျုပ်နဲ့ ရုပ်ရှင်လုပ်ဖော် ကိုင်ဖက် တယောက်က ဧည့်ခန်းမှာ စောစော စီးစီး ငူငူကြီး ထိုင်နေတာ တွေ့ရတယ်။ ကျုပ်လဲ မိန်းမကို ဧည့်သည်အတွက် လက်ဖက်ရည်လုပ်ပါဟ၊ ကော်ဖီလုပ်ပါဟ ပြောဆိုပြီး သူ့နား ထိုင်လိုက်တော့ လား လား၊ သူ့လက်ထဲမှာ အသွားခြောက်လက်မရှိတဲ့ ဓားကြီးဗျို့၊ ဒါနဲ့ ဒီဓားကြီးက ဘာပြုလို့ ကိုင်ထားရတာလဲမေးတော့ ကျုပ်ကို အသေသတ်ဖို့သာတာတဲ့။ အခု မျက်နှာ မြင်လိုက်တာနဲ့ မသတ်ဖြစ်ပဲ ဖြစ်သွားတာတဲ့။ ဒါနဲ့ ကျုပ်က ပြောရတာပေါ့။ နေစမ်းပါအုံး။ ကျုပ်ကို အသေ သတ်ချင်တဲ့စိတ် ဖြစ်ရအောင် ဘာကြောင့်လဲ။ အကျိုးအကြောင်း မေးတော့ သူက တလုံးချင်း ပြောတယ်။ တကယ်ဆိုတော့ သူ အထင်မှားပြီး ကျုပ်ကို အသေသတ်ဖို့ လာတာတဲ့ဗျ။ နောက်ဆုံးတော့ သူ အထင်လွဲတာတွေ ပြေလည်သွား

တယ်ဗျို။ ကျုပ်လဲ အဲဒီတော့မှ ရတနာ သုံးပါး ဆရာ မိဘ အနန္တော အနန္တ ကျေးဇူးတော် ဂုဏ်တော်တွေကိုလဲ ဆတက်တိုးပြီး ယုံလာတယ်။ သမ္ဗုဒ္ဓေဂါထာတော်ကိုလဲ ပိုပြီး ရွတ်လာတာ အခုထိ ဆိုပါတော့ဗျာ။ ရုပ်ရှင်တို့ ပွဲတို့ ဆိုတာ ဟိုတုန်းက လုပ်ရတာ အင်မတန် အန္တရာယ် များတာ ကလား။ ဘာပဲဖြစ်ဖြစ် သမ္ဗုဒ္ဓေဂါထာတော်ရွတ်ယင် ဘေးကင်းတာက တော့ ကိုယ်တွေ့ပဲဗျို'

ဦးဘလူ စကား ကျွန်တော် ပြေး အမှတ် ရပါတယ်။ ကျွန်တော်လည်း သမ္ဗုဒ္ဓေ ဂါထာတော်ကို ရတာ မဟုတ်ဘူး။ ကျွန်တော်တို့ ဈေးလည်စိုးရုပ်ကွက် ရ-လ-ကဥက္ကဋ္ဌ ဦးကျော်လှ ဆီက ကူးယူရတယ်။ သူ့ဆီက ကူးပြီး ရွတ်တာပါပဲ။

အဲ၊ စကား စပ်မိလို့ ဦးကျော်လှ အကြောင်း ပြောရအုံးမယ်။ ဟိုတုန်းက ဦးကျော်လှဟာ အင်မတန်ဆိုးတဲ့လူကြီးပေါ့။ လမ်းထဲ အရပ်ထဲ မူးလဲတာ သူပဲ။ နောက်တော့ ဒါတွေ မှားမှန်းသိလာပြီး လူကောင်းဖြစ်လာတာ လေးငါးခြောက်နှစ်လောက်ပဲ ရှိပါသေးတယ်။

ခုတော့ သူဟာ ပုတီး စိပ်တယ်။ ဂါထာတွေလည်း အတော် ရတယ်။ အရက် ဆိုတာ လုံးဝ မသောက်တော့ဘူး။ လူတဘက်သားကို သနားကြင်နာတတ်တယ်။ သူ့ဆီက သမ္ဗုဒ္ဓေဂါထာကူးပြီး ကျွန်တော် ရွတ်ရတော့တာပေါ့။

မနက် ရေချိုး ကပ်တယ်။ ညနေ ထမင်း စားခါနီး ရေချိုး ကပ်တယ်။ သမ္ဗုဒ္ဓေ မှန်မှန် ရွတ်ပေါ့။ မြူနီစီပယ်ကို ငွေ တသောင်း သွင်းဖို့ ရက်က နီးသည်ထက် နီးလာပါတယ်။

ရှိသမျှ အိမ်ထောင် ပရိဘောဂတွေ စုဆောင်းရောင်းသွင်းတော့ ငွေရှစ်ထောင် ကျန်နေတယ်။ မြို့နိဗ္ဗာန်ယ်က ကျန်နေတဲ့ ငွေရှစ်ထောင်ကို လဆန်း ၁၅ရက်နေ့ နောက်ဆုံးထားသွင်းရမတဲ့။ လကလည်း ဆန်းတော့မယ်။

စိတ်ပုတီး စိပ်၊ သမ္ဗုဒ္ဓေ ဂါထာတော်ရွတ်နှင့် စိတ်ကလေး ငြိမ်စ ပြုလာပါတယ်။

တညနေစောင်း မကွေးမြို့နယ် စိုက်ပျိုးရေးအရာရှိ ဦးဘို ရောက်လာတယ်။ ဦးဘိုနှင့်သိတာ မကြာသေးပါဘူး။ သူ့ရုံးအတွက် စာအုပ်ကလေး ဘာလေး ဝယ်ယင်းနှင့် သိတာပါ။ ဆိုင်လာယင် ရေနွေးကြမ်းဝင်သောက်လေ့ ရှိပါတယ်။

'ကိုဝင်းမြင့် ဘယ်သွားတုံး'

ဘုရားစင်ရှေ့ သမ္ဗုဒ္ဓေဂါထာတော်ရွတ်နေတုန်း ဆိုင်ရှေ့က ဦးဘိုအသံ ကြားရပါတယ်။

'ဘုရားရှိခိုးနေတယ်'

ဇနီးသည်က သည်လို ဖြေသံ ကြားရဘယ်။ ကျွန်တော့် အသက်က ထိုစဉ်က ၃၂ နှစ်။ ဒါကြောင့် ၃၂ ခေါက် ရွတ်ပါတယ်။ သမ္ဗုဒ္ဓေရွတ်ပြီး အိမ်ရှေ့ထွက်လာတော့ ဦးဘိုက

'ကိုဝင်းမြင့်က ဘုရားရှိခိုးလှချည်လား'

ဦးဘိုက မေးပါလေရော။လောကမှာ အားကိုးအားထားရာ ဘုရားသာ ရှိတော့တဲ့အကြောင်း၊ ဘုရားပရိတ်တော်တွေ ရွတ်နေတဲ့အကြောင်း၊ ဘာ့ကြောင့် ရွတ်ရတယ်ဆိုတဲ့ အကြောင်း အဖြစ်စုံ၊ သနစ်စုံ အကုန် ဖွင့်ပြောလိုက်ပါတယ်။

'အဲဒီလိုဖြစ်နေတာ ဦးလေးဘို။ ကျွန်တော့်ကို ဘယ်သူမှ မကယ်နိုင်တော့ဘူး။ ဘုရားမှတပါး အားကိုးစရာ မမြင်တော့ဘူး။ ဖြစ်ချင်ရာဖြစ် ဒေါင်လိုက်ကျကျ၊ ပြားလိုက်ကျကျဆိုပြီး အရက် မသောက်တော့ဘူး ဦးလေးဘို။ ဘုရားပဲ နာနာရှိခိုးနေတယ်'

ကျွန်တော်နှင့်ဦးလေးဘို ထွေရာလေးပါးပြောပြီး ပြန်သွားတယ်။ နောက်တနေ့ ညနေစောင်းကျတော့ ဦးလေးဘို ရောက်လာတယ်။

'ကိုဝင်းမြင့်၊ ခင်ဗျားနဲ့ကျွန်တော် ထီ စပ်တူ ထိုးရအောင်' တဲ့။

ကျွန်တော်က အိတ်ထဲစမ်းယင်း 'ထိုးလေဦးလေးဘို၊ ဘယ်နှစ်စောင်ထိုးမလဲ၊ ဆန်ဖိုးပဲ ရှိတော့တယ်နော်'

'ထီလက်မှတ်စောင်ရေ ၅၀၀ ခုပဲ ပဒေသာဆိုင်က ထိုးလာတယ်၊ တယောက်တဝက်စီပေါ့၊ ငွေ ၅၀၀ စီ ကျမယ်'

'ဗျာ၊ ကျွန်တော့်မှ ငွေ ၅၀၀ မရှိတာ'

'ရော့၊ အဲဒီမှာ လက်မှတ်ထိုး'

မကွေးမြို့၊ ဈေးရပ်၊ နဝဒေးစာအုပ်ဆိုင်မှ ဦးဝင်းမြင့်က မကွေးမြို့နယ် စိုက်ပျိုးရေးအရာရှိ ဦးဘိုထံမှ ငွေ ၅၀၀ ကျပ် (ကျပ်ငွေငါးရာ) ချေးယူပါသည်။

ပုံ ဝင်းမြင့်

ဒါပဲဖြစ်ပါတယ်။ ဒါနှင့် အဲဒီစာရွက်ပေါ်မှာ လက်မှတ်ထိုးပြီး ထီလက်မှတ်နံပါတ်တွေမှတ်ပြီး ကျွန်တော်နှင့်ဦးဘိုနှစ်ဦးစပ်ဖြစ်ကြောင်း အသီးသီး လက်မှတ် ရေးထိုးလိုက်ကြတယ်။

ထီထိုးပြီး တပတ်လောက်ပဲ ကြာပါတယ်။ ညကြီးမင်းကြီး ဦးဘို ကျွန်တော့်အိမ် ရောက်လာပါတယ်။ ကျွန်တော်နှင့် စပ်တူထိုးထားတဲ့ ထီလက်မှတ်တွေထဲက နှစ်သောင်းဆုပေါက်ပြီတဲ့။ဟုတ်ပါတယ်။ နောက်နေ့ထုတ် သတင်းစာတွေထဲမှာလည်း ပါ,ပါတယ်။

အကြိမ်၁၆ ၀ကြိမ်မြောက်လက်မှတ်နံပါတ် ဃ-၉၂၂၆၁၄။ နှစ်သောင်းဆု။ နှစ်ဦးစပ်ပေါက်ပါတော့တယ်။ ဝမ်းသာလိုက်တာ မပြောပါနှင့်တော့။ အဲဒီညတညလုံး အိပ်မပျော်ပါဘူး။ အိပ်ရက်လား အောက်မေ့ရပါတယ်။ တခါတခါ ကိုယ့်အသားကို လိမ်ကြည့်မိတယ်။ နောက်တနေ့ ရေဒီယို နားထောင်ပြီး နေ့လယ်ပိုင်း ကျပ် ခုနစ်ရာဆု တဆု ထွက်လာပြန်တယ်။

၁၆၁ကြိမ်မြောက် နှစ်ဦးစပ် ၁၅၀၀ ဆု။ ၁၆၂ ကြိမ်မြောက် တဦးတည်း ၇၀၀ ဆု။ ၁၆၃ကြိမ်တွင် ငါးဦးစပ် ၇၀၀ ဆု။ ၁၆၄ကြိမ်တွင် ရှစ်ဦးစပ် ၁၅၀၀ ဆု။ တခါ ကျွန်တော့်ဇနီးထိုးတာက ၇၀၀ ဆု ဆက်တိုက် ထွက်လာပါတော့တယ်။ အဲ၊ ပထမဆုံး နှစ်သောင်းဆုပေါက်ပေါက်ချင်းပဲ မှူနီစီပယ်ရုံးကို ပြေးပြောရတယ်။ ထီပေါက်ပြီဆိုတဲ့အကြောင်းပေါ့၊ ရုံးကမိတ်ဆွေတွေကလည်း ဝမ်းသာရှာကြတယ်။ သူတို့မှာလည်း တာဝန် မှိုလို့ သာပေါ့၊ အရေး မယူချင် ပါဘူး။

ခုတော့ အေးအေးလူလူ လူမသိ သူမသိ ပေးဆပ်ခွင့် ရတော့ ဘာပေါ့။

အပေါင်းအသင်း မိတ်ဆွေတွေကလည်း ကျွန်တော့်ကို မြင်ယင် ဟိုတုန်းက ပုန်းနေခဲ့တာတွေ အခု ဘယ်ချောင်က ထွက်လာကြမှန်း မသိဘူး။ မေးကြ မြန်းကြပေါ့။ ထိပေါက်ဖို့ လွယ်တာ မဟုတ်ပါဘူး။ အကြောင်းအကျိုး တိုက်ဆိုင်ဖို့ရယ်၊ စိတ်ဆန္ဒက လိုချင်မှုရယ်၊ ကုသိုလ်ကောင်းမှုရယ်။ ဒါတွေ အပေါ်မူတည်တယ် ဆိုချင်ပါတယ်။

ကျွန်တော့်ကိုယ်တွေ့ သမ္မုဒ္ဒေ မှန်မှန်ရွတ်၊ ဘုရား ရေချမ်း မှန်မှန်ကပ်၊ ပုဘီးစိပ်ယင်းနှင့် ထောင်ကျတော့မယ့်ဘဝက လွတ်မြောက်လာဘာပါပဲ။ ဒီအကြောင်းကို လူတိုင်းမပြောပါဘူး။ သမ္မုဒ္ဒေတန်ခိုးဘော်ကြောင့် ထိပေါက်တာ ဆိုယင် ယုံချင်မှ ယုံမှာပါ။ မယုံတာက ကိစ္စမရှိပါဘူး။ ပြယ်ရယ်စကားပြုယင် ပြုသူ ဒုက္ခရောက်မှာစိုးလို့ လူတိုင်းကို မပြောဝံ့ခြင်းဖြစ်တာပါ။

ထိပေါက်တဲ့ငွေတွေကို မြှုပ်နှံစီပယ် ပေးဆပ် လိုက်ရတယ်။ အိမ်မှာတော့ စားရရုံပါပဲ။ ဒါပေမယ့် လက်ထဲမှာ ငွေတရာ ပြည့်အောင် မကိုင်ရဘူး။ ရှိယင် ကုန်တာပဲ။ စားအိုးကလည်း ကြီးတယ်။ သည်ကြားထဲ စားရေးသောက်ရေးအတွက် မပူပင်ရဘူး။ သူ့ဟာနှင့်သူတော့ ဖြစ်လာတာပါပဲ။ ဒီလို ပြောလို့ တချို့က ပြုံးကြလိမ့်မယ်။ ပြုံးလည်း ပြုံးပါတော့။

အလုပ်လည်း လုပ်လျက်ပါပဲ။ မတော်လောဘကို မကြံဝံ့တော့ပါဘူး။ မတော်လောဘကြံယင် ကိုယ့်မှာသာ သောကကြုံရတာမို့ သဲခန်းစာ အပြည့်ရပြီ ဆိုပါတော့။ ဒါကြောင့်

မနက် အိပ်ရာကထ ဘုရားရှိခိုးပါတယ်။ အခု အသက် ၃၉ နှစ် ရှိပြီဖြစ်တာကြောင့် သမ္ဗုဒ္ဓေ ၃၉ ခေါက် ပုတီးစိပ်ပါတယ်။ အဲဒါ စိပ်ပြီးတော့ ဓမ္မစကြာ ရွတ်ပါတယ်။ ဓမ္မစကြာပြီးတော့ အနတ္တလက္ခဏာသုတ်ပေါ့။ ဟိုတုန်းက မရွတ်ပါဘူး။ လက္ခဏာ ပုရောဟိတ် ဆရာစန္ဒြနှင့် စကား ပေ်မိကြတော့ 'မောင့်နှယ်၊ ဓမ္မစကြာမှ နေ့တိုင်းရွတ်ယင် အနတ္တလက္ခဏာသုတ်ပါ ဆက်ရွတ် ပေ်းပါ' တိုက်တွန်းတာကြောင့် ဆက်ရွတ်ခဲ့ပါတယ်။

ကျွန်တော့်မှာ ဝတ်ကလေးတခုလုပ်ထားပါတယ်။ အဲဒါက ဘာလဲဆိုယင် ညနေ ထမင်းစားတော့မယ် ဆိုယင် ရေချမ်း အရင်ကပ်ပြီးမှ ထမင်းစားပါတယ်။ ကျွန်တော့်အိမ်သူက ကျွန်တော် ရေချမ်းကပ်တာမြင်ယင် ထမင်းစားတော့မယ်ဆိုတာ သိပြီပေါ့။

အကယ်၍ ကျွန်တော် ခရီးထွက်နေယင် အိမ်ကိုမှာထားခဲ့ပါ တယ်။ ညနေ လေးနာရီတိတိမှာ ရေချမ်းကပ်ဖို့အကြောင်း။ ကျွန်တော် ကလည်း အဝေးကနေပြီး ဒီအချိန် အိမ်သူတော့ ရေချမ်းကပ်နေပြီဆိုတာ စိတ်နှင့် အာရုံပြုရတာပေါ့။ ဒီဘက် နှစ်ပိုင်းတွေ့ကျတော့ အထူးမှာရေမလိုတော့ပါ။ ကျွန်တော် ခရီးထွက်နေယင် အိမ်သူသားမက သမီးတွေကပါ မမေ့မလျော့ ပါရမီ ဖြည့်တတ်နေကြပါပြီ။

ကျွန်တော်ဟာ ငယ်လို ဘုရားဖက် ပုတီးစိပ်လာတော့ ဝိသမ လောဘစိတ်တွေ ပျောက်လွင့်ကုန်တာ အမြတ်ပါပဲ။

အရက်ကိုတော့ ဘယ်တုန်းကမှ မသောက်ခဲ့ပါဘူး။ ဆေး လိပ်တော့ သောက်တယ်။ အဲဒီ ဒုက္ခသုက္ခ ရောက်တဲ့နှစ်ကစပြီး

ဒီနေ့အထိ ဆေးလိပ်ပြတ်သွားပါတယ်။ ရာသက်ပန် ဖြတ်လိုက်မှာပါ။

သူတော်ကောင်းတရား အားထုတ်ပွားများတော့ သူတော်ကောင်းအချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ ဆိုဘာလို ကျွန်တော့်ရဲ့ အပေါင်းအသင်းတွေဟာ တရားသမားတွေချည်း ဖြစ်လာပါတယ်။ ဓမ္မမိတ်ဆွေတွေနှင့် တရားစကားဆွေးနွေးရတာ အရသာ တခုပဲပေါ့။

မကွေးမှာ မြသလွန်ဘုရားကြီးရှိပါတယ်။မြို့နှင့်ဆိုယင် တမိုင်လောက် ဝေးတယ်။ နံနက် လေးနာရီဆိုယင် ကျွန်တော်တို့ရောက်တယ်။ကျွန်တော်တို့ဆိုတာက ကျွန်တော်ရယ်၊ကျွန်တော့်ရဲ့အစ်ကိုကြီးလို ခင်မင်တဲ့ တယ်လီဖုန်းဌာနက ဦးကျော်လှနှင့်ပါ။ သူကလည်း ဗုဒ္ဓဟူးသား၊ ကျွန်တော်ကလည်း ဗုဒ္ဓဟူးသား။ ဗုဒ္ဓဟူးနေ့တိုင်း နံနက်လေးနာရီဆိုယင် ကျွန်တော်တို့နှစ်ယောက်ဘုရား ရင်ပြင်တော်ပေါ်မှာ ပုတီး ကိုယ်စီနှင့် ဘုရား ဝတ်ပြုပုတီးစိပ်ကြတာပေါ့။ ဘုရားရင်ပြင်တော်ပေါ်မှာ နှစ်ယောက်တည်းပါ။

ကျွန်တော်ဟာ ဟိုဂိုဏ်းဒီဂိုဏ်းဝင် မဟုတ်ပါဘူး။ ဘုရား၊ တရား၊ သံဃာ၊ ရတနာ မြတ်သုံးပါးနှင့် မိဘ ဆရာ အနန္တော အနန္တ ငါးပါး ဦးထိပ်ထားပြီး သမ္မုဒ္ဒေ သက်ရှိစိပ်တာပါပဲ။

ပြီးတော့ သတ္တဝါတွေ မေတ္တာပို့ပါတယ်။ 'မေတ္တာ' ဆိုတာ အသံကြားရရုံနှင့် အင်မတန်အေးချမ်းတဲ့အသံ ဆောင်တာပဲ။ ဒီမေတ္တာပို့မှုဟာလည်း လုပ်ကြည့်ယင် ထူးကဲတဲ့အရသာတမျိုး၊ ပီတိသောမနဿတမျိုး ခံစားရပါတယ်။

ကျွန်တော်တို့ဟာ လူသားတွေဆိုတော့ လူမှုကိစ္စတွေများလှပါတယ်။ ဘုရားဘက်၊ တရားဘက်ချည်း လုပ်နေပြန်ယင်လည်း မိခိုသူသားသမီးတွေအတွက် စားဝတ်နေရေးကိစ္စတွေ လစ်ဟင်းမှာ စိုးရပါသေးတယ်။ ဒါကြောင့် များများမတတ်နိုင်တောင်မှ အိပ်ရာဝင် အိပ်ရာထ သမ္ဗုဒ္ဓေတခေါက်လောက်ဖြစ်ဖြစ် မှန်မှန်ရွတ်ကြည့်စေချင်ပါတယ်။ ဘာပဲပြောပြော ကျွန်တော့်တသက် သမ္ဗုဒ္ဓေဂါထာတော်ကိုတော့ နှုတ်က မချတော့ပါဘူး။ အင်မတန် အစွမ်းထက်တဲ့ ဂါထာတော် ဖြစ်ပါတယ်။ နောက်ဆုံး အားထားရာကတော့ သမ္ဗုဒ္ဓေပါပဲ။ အိမ်ထောင်စု တခုလုံး ဒုက္ခရောက်တော့မယ့်ဘေးက ယုံယုံကြည်ကြည်နှင့် ရွတ်ခဲ့တာကြောင့် ထီနှစ်သောင်းဆုပေါက်တဲ့ အကြောင်း ကျွန်တော့် မိတ်ဆွေ တော်တော်များများ၊ မကွေး တမြို့လုံးလောက် ဆိုပါတော့၊ သိကြပါတယ်။ ဒါ့ကြောင့် လာပြီးမေးကြ မြန်းကြ၊ ဂါထာတော်ကို ကူးယူကြ ရွတ်ကြပါတယ်။

တနေ့တော့ လူတယောက် ရောက်လာပါတယ်။

'ငါတော့ သမ္ဗုဒ္ဓေမှန်မှန်ရွတ်တာပဲ၊ ထီလဲမပေါက်ဘူး'တဲ့။ ကျွန်တော် ပြုံးမိပါတယ်။

'အကျိုးလိုလို့ရွတ်တာကိုတော့ ငါလဲ မပြောတတ်ဘူး။ ဒုက္ခ ရောက်ပြီ ဆိုမှဖြင့် ကယ်တာ အမှန်ပဲ။ ငါ ဖြစ်တာကလဲ မြူနီစီပယ်က ငွေတွေ မသွင်းနိုင်ယင် ထောင်ကျမယ်၊ မိသားစုတွေ ဒုက္ခရောက်မယ်။ အဲဒါတွေမဖြစ်အောင် ကြွေးကျေရုံပဲ ထီပေါက်ပေးတာကွ'

ကျွန်တော်က ဒီလိုပြောတော့ သူ ဘဝင်ကျပုံ မပေါ်ဘူး။ ကျွန်တော်ကလည်း ထိပေါက်ချင်လို့ သမ္မုဒ္ဒေရှတ်တာကိုလည်း ဘဝင်မကျလှပါဘူး။

ကျွန်တော် ဆိုလိုတာက လူဆိုတာ မှားတတ်ကြပါတယ်။ မှားတာကို မှားမှန်းသိယင် ရပ်ပါ။ အလုပ်အကိုင် အဆင်မပြေ၊ ကိုယ်လုပ်တာတွေ မှားပဟာ ဆိုပြီး အရက်သေစာ သောက်ပြီး ရမ်းကားနေယင် ဆက်မှားမှာပ ပဲ။

ဒီတော့ မိမိမှားတာကိုသိသိချင်း ဗုဒ္ဓဘာသာသူတော်စင်တို့ လမ်းစဥ်ဖြစ်တဲ့ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း။ ဒါ အကောင်းဆုံး အလုပ်ကွေပါပဲ။

ဒုက္ခဆိုတာကလည်း အပူနှင့် အအေး၊ အလင်းနှင့် အမှောင် ဆိုတာလို လူ့ဘဝ လူ ဖြစ်လာမှတော့ ဒါတွေ မကင်းပါဘူး။ ဒါပေမယ့် ဘုရားနှင့် တရားနှင့် ပုတီးနှင့် နေတဲ့လူ၊ ဒုက္ခ တွေ့တာ နှင့် ဘာမှမလုပ်ပဲ မူးယစ်သောက်စား လေလွင့်နေတတ်တဲ့လူ၊ဒုက္ခ တွေ့တာချင်းမတူပါ။ မွဲတောင် ပြောင်ပြောင်မွဲတယ် ဆိုတာ အဲဒါပြောတာပါ။

ကျွန်တော်ဟာ လူငယ် တယောက်ပါပဲ။ ဒီ အရွယ်နှင့် ဒီပုတီး ဒီပရိတ်တွေ ရွတ်နေတော့ အိမ်နီးနားချင်းတွေက ပြုံး ကြတယ်။ နောက်တော့ သူတို့ပါ သဘော ပေါက်ကုန်တယ်။ ခုဆိုယင် အရှေ့ဘက် အိမ်က တရုတ်မကတောင် ပုတီးကလေး စိပ်လို့ဗျ။ ယုံတော့။

ဒါကြောင့် လူ့ဘဝ လူရယ်လို့ ဖြစ်လာမှတော့ ဒီဝတ်က လေး တခုတော့ အမြဲလုပ်စေချင်ပါတယ်။ အဲဒါက အများကြီး

မဟုတ်ပါဘူး။ အိပ်ရာဝင်တော့မယ်ဆိုယင် ဘုရားရယ်၊ တရားရယ်၊သံဃာရယ်။ ပြီးတော့ မိဘဆရာ အနန္တောအနန္တငါးပါး ဦးသုံးကြိမ်ချပါ။ ပြီးတော့ သမ္ဗုဒ္ဓေကိုးခေါက်ရွတ်ပါ။ တတ်နိုင်ယင် သက်စေ့ပေါ့။ တလ၊ နှစ်လ၊ သုံးလ လုပ်ကြည့်ပါ။ မုချ အကျိုးပေးပါလိမ့်မယ်။

ဒီစကားကို လူတိုင်း မပြောဝံ့ပါဘူး။ ပြောယင် လူကြောင်လို့ ထင်ကြပါလိမ့်မယ်။ တချို့က တယူသန်ကြပါတယ်။ အဲဒီ တယူသန်သမားတွေလည်း လမ်းဆုံးတော့ ရှာတွေ့ ဆိုတာလို နောက်ဆုံးတော့ တရားဓမ္မနဲ့ မွေ့လျော်သွားကြတာပါပဲ။

အရေးကြီးတာကတော့ ဘုရားပါ။ ဘုရား မမေ့ဖို့ပါပဲ။ ဘုရားတယင် ဘုရားက မုချ မပါတယ်။ ဘုရားရဲ့တရားတော်တွေဟာ အေးချမ်းမှုတွေ ပေးပါတယ်။ ဘုရားရဲ့ သားတော်များ ဖြစ်ကြတဲ့ သံဃာတော် အရှင်မြတ်များကို ပူဇော်ယင် ဘေးမသန်းတာ ကိုယ်တွေ့ပါခင်ဗျား။

# ကျွန်တော် မအံ့သြပါ

ကျွန်တော့် အနေနှင့် ဘုရားရယ်၊ တရားရယ်၊ သံဃာရယ်၊ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို ပိုမိုပြီး ယုံကြည်သက်ဝင်အောင် ဖန်တီး လာတာကတော့ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ၏ နေ့တနေ့။

ငွေနှစ်သောင်းရင်းပြီး မကွေးမှာ မြေပဲဆံ ဝယ်ပါတယ်။ မိတ်ဆွေတယောက်က ထုတ်ပေးတဲ့ငွေပါ။ မြတ်ယင် တယောက်တာက်ပေါ့။ အဲဒီတုန်းက ပဲဆံကားတစီးတိုက်မှငွေတသောင်းကျော်လောက် ရင်းယင် ရပါတယ်။ ကားခကလည်း မကွေး ရန်ကုန် ကားတစီးလုံးမှ ငွေ ၄၀၀ ကျပ်။ ပဲဆံကားတစီးတိုက် မကွေးကနေ ရန်ကုန်ရောက်ဖို့အရေး အဆင့်ဆင့်လုပ်ရပါတယ်။ နောက်ဆုံး ပြင်ပသွားလာထွက်ခွင့် ပါမစ်ကို နလက က ကိုင်ပါ

တယ်။ သူတို့အစီအစဉ်နှင့် (အမ်စီစီ) လုပ်ပေးပါတယ်။ ကား ကို အဝေးပြေး စုပေါင်းစခန်းက အဝေးပြေး ကားကြီးများ အလှည့်ကျလွှတ်ပေး စီစဉ်ပေးပါတယ်။ တိုတို ပြောကြပါစို့။ ကျွန်တော်ပဲဆံတွေ ကားပေါ် အသင့်ရောက်ပြီ ဆိုပါတော့။ ထွက်ကြဖို့ စီစဉ်တော့ ကျွန်တော့်သူငယ်ချင်း စာရေးဆရာ မကွေးညိုစိမ့်(မောင်နုမစာပေ၊မကွေး)ကို သွားခေါ်ပါတယ်။ အဆင်သင့်ပဲ။ သူလည်း မနက်ဖြန် ရန်ကုန် ခရီးထွက်ဖို့ အားလုံး စီစဉ်ပြီးပြီလို့ ပြောပါတယ်။ ဒါဖြင့် ငါနဲ့လိုက်ခဲ့ကွာ ပြော တော့ အိပ်ရာလိပ် ပြင်ပြီး တခါတည်း လိုက်လာခဲ့ပါတယ်။

သူက ရဲကြပ်ကြီးစာရေးပါ။ သူ့ လက်ဆွဲအိတ်၊ အိပ်ရာ လိပ်ကအစ ရဲဘက်ကမှန်း သိသာနေတယ်။ ကျွန်တော်က နောက်မိပါသေးတယ်။

'တို့သွားမှာက ညကားနော်။ဒမြန့်တွေ့ယင်တော့ မင်းတော့ မလွယ်ဘူး'

'အောင်မယ်၊ကျွန်တော့်တွင် မဟုတ်ပါဘူး။ ခင်ဗျားကလဲ သဘင်းထောက်ပဲ။ သတင်းထောက် ပိုတီးမှာပေါ့။အဲ၊ ခုလိုက် လာတာက ခင်ဗျားနဲ့မို့။ ခင်ဗျားက ဘုရားတရားသမား။ ယုံတယ်လေ။ ဘာအန္တရာယ်နဲ့မှ မတွေ့နိုင်ဘူးဆိုတာ'

'အေးပါကွာ၊ ကောင်းပါလေ့'

ဒါနှင့် ကျွန်တော်တို့နှစ်ယောက် ပဲဆံကုန်ကားကြီးရဲ့ရှေခန်း မှာထိုင်ပြီး နေရာယူလိုက်ပါတယ်။ ဒီတော့ ဒရိုင်ဘာလုပ်သူက

'ခင်ဗျားတို့က နှစ်ယောက်လား။ကျွန်တော်တို့လူတယောက် ရှေ့ခန်း လာလိမ့်မယ်။ တယောက် နောက်သွားပေးပါ' လို့ ပြောတယ်။

'ဒါ ကျွန်တော့်သူငယ်ချင်းဗျ။ ကားတစီးလုံး ကျွန်တော် ငှားထားတာ။ ခင်ဗျားတို့လူ နောက်မှာထိုင်ပေစေ'

ဒီလို တယောက်နှင့်တယောက် အချီအချ ပြောနေတာကို ကားက သူတို့လူက

'နေပါစေကွာ၊ ငါ နောက်ကပဲ လိုက်ခဲ့ပါ့မယ်' ပြောပြီး ထွက်သွားပါတယ်။ ပြဿနာကတော့ ဒါလောက်နှင့်ပဲ ပြီးသွားပါတယ်။ ဒါပေမယ့် ဒရိုင်ဘာ လုပ်သူက ကျွန်တော်တို့ နှစ်ယောက်ကို သိပ်မကြည်ဘူးပေါ့။ ဒါကြောင့် သူ့ဘာသာ ကားကို မောင်းနေတယ်။ ကျွန်တော်တို့ကလည်း နှစ်ယောက်သား ဖောင်လောက်အောင် စကြောင်း့ပေးကြောင်း ပြော လာတာပေါ့။

စကားပြောလို့ မောကြတော့ ကျွန်တော့် အလုပ် လုပ်တယ်။ အဲဒါက ရတနာသုံးပါး ဦးထိပ်ထားပြီး သမ္ဗုဒ္ဓေ ရွတ်ပါတယ်။ ပြီးတော့ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။ ရွတ်ပါတယ်။ ဒီလိုနှင့် မြို့တွေ တမြို့ပြီးတမြို့ ဖြတ်သန်းလာပါတယ်။ နာရီ ကြည့်လိုက် တော့ ည နှစ်နာရီ ထိုးနေပါပြီ။ ကားအပြင်ဘက်မှာ လရောင် က ထိန်ထိန်ငြိးနေပါတယ်။ ပြလို့ အထွက် ရေဝတီမြစ်ကမ်း ဘေး အလိမ်အကောက်လမ်းတွေက သိပ်များပါတယ်။ 'စကား တောင် ကိုးကွေ့' လို့ နာမည်ကြီးတဲ့နေရာပေါ့။ဒမြအားကြီး

ဘိုက်တတ်ပါတယ်။ ပြည်နှင့်အောင်လံကြား အဆိုးဆုံးပေါ့။ ဒမြနှင့်တွေ့ယင်တော့လား၊ သက်သာကြမည်မဟုတ်။ တယောက်က ရဲ၊ တယောက်က သတင်းထောက်။ မလွယ်။

ဒါ့ကြောင့် ဂုဏ်တော် ပွားရတော့တာပေါ့။

ဒီလို စိတ်ထဲ မေတ္တာပို့နေတုန်း ကျွန်တော့် သူငယ်ချင်း မကွေးညိုစိမ့်က

'ကိုဝင်းမြင့်ရေ၊ အားလုံး ဒုက္ခရောက်ကုန်ပြီဗျို'

သူက အလန့်တကြား အော်ပြောပါတယ်။ ကျွန်တော်လည်း မျက်စိဖွင့်ကြည့်လိုက်တော့ ကျွန်တော်တို့ကားဟာ ချောက်ကမ်းပါးဘက် တဘက်ဆွဲသွားပါပြီ။ ကားသမားက ကြောက်အားလန့်အားနှင့် အရှိန်ပြင်းပြင်း၊ လီဗာဇွတ်နင်း၊ လက်ကိုင်ကို အတင်းကွေ့လှည့်ပါတယ်။ ကားနောက်ဘီးတခြမ်း ချောက်ထဲ မကျပဲ လေမှာဝဲပြီး တာလမ်းပေါ် ပြန်ရောက် လာပါတယ်။ လရောင်အောက်မှာ ထင်ထင်ရှားရှားပေါ့။ နောက်ကစီးလာတဲ့ ယာဉ်နောက်လိုက်နှင့် လူတယောက်က ဇွတ် တရှိုရှိုလက်ခေါက် မှုတ်ပြီး အော်၍ ကားကို အရပ်ခိုင်းပါတယ်။ ကားရပ်တော့ ယာဉ်နောက်လိုက်နှင့် လူတယောက်ဆင်းလာပါတယ်။ ထိုလူက မီးဝင်းဝင်းတောက်။ ဒရိုင်ဘာကိုကြည့်ပြီး ဆိုလိုက်၊ပြောလိုက် တာ ရစရာမရှိတော့ပါ။

ကျွန်တော်တို့တောင် ဒရိုင်ဘာအပေါ် သနားသွားပါ တယ်။ ဒရိုင်ဘာက

'ကျွန်တော် ငိုက်သွားတယ်ဗျာ'

'မင်း အိပ်ချင်ယင် ငါ့ကိုပြောပါလား။ ငါမောင်းမှာပေါ့။ ကံကောင်းလို့ ကား ချောက်ထဲကျမသွားတယ်။ ပဲဆံတွေရော လူတွေပါ ဒုက္ခရောက်မှာ'

'ဟုတ်ပါတယ်။ ကျွန်တော်လဲ သိ့သိချင်း ဇွတ် ဆွဲယူလိုက်တာပါပဲ'

'ဒါက မကျလို့သာပေါ့ကွာ။ ကျပြီလို့ ထင်လိုက်တာ။ ပြီးတော့ ဘီးတဘက်က ချောက်ပေါ်မှာ ဝဲပုံ နေတာ။ ဆင်းကွာ၊ သွား၊ နောက်မှာအိပ်ချေ'

ထိုသူက ဒရိုင်ဘာကိုအော်ငေါက်ပြီး သူကိုယ်တိုင်မောင်းပါတော့တယ်။

'ကျွန်တော်တော့ သွားရောမှတ်တာ'

မကွေးညိုစိမ့်က မောသံကြီးနှင့် ပြောပါတယ်။

ထိုလူက ဒေါသမပြေသေး။ ရှူးရှူးရှားရှားဖြစ်တုန်း။

'ကျုပ်လဲ သွားရောမှတ်တာပေါ့။ ကားနောက်ပိုင်း ခါထွက်သွားတာကြည့်လိုက်တော့ ချောက်ကြီး။ ဘယ်လို တလမ်းပေါ် ရောက်သွားတာလဲ မသိဘူး။ ဒီကောင် လုပ်လိုက်ယင် အရမ်းချည်းပဲ'

'ခုနက ကားမောင်းတဲ့လူ မဆိုးပါဘူးဗျ၊ သွေးအေးအေး နဲ့ သတိတော့ ကောင်းသား'

'တော်တယ် အောက်မေ့လို့ ကျွန်တော် သူ့ကို ဒရိုင်ဘာ ခန့်ထားတာပေါ့ဗျာ။ ကျွန်တော်က ဒီကားအံုနာပါ၊ နတ်တလင်းမြို့က။ ကျွန်တော့်နာမည်က မောင်မြင့်ပါ'

'အော်၊ ဒီကား အုံနာ့ကိုး။ မကွေးက အထွက်တုန်းက တခြားခရီးသည်မှတ်လို့ ရှေ့ခန်း မရဘူးလို့ ပြောလိုက်မိတာ ခွင့်လွှတ်ပါဗျာ'

ကျွန်တော်က အားတုံ့အားနာ တောင်းပန်တော့ သူက

'ကိစ္စမရှိပါဘူးဗျာ၊ ကျွန်တော်က ကားသမားက တက်လာတဲ့ အုံနာပဲ။ ဒီလောက် ဒုက္ခလောက်တော့ မမှုပါဘူး။ ဖြစ်ပါတယ်'

နတ်တလင်းဘ ကားပိုင်ရှင် ဦးမောင်မြင့်နှင့် ကျွန်တော်တို့ နှစ်ယောက် လမ်းတလျှောက် လေပေးဖြောင့်လာကြပါတယ်။ စောစောပိုင်းက ဖြစ်လိုက်တဲ့ ကိစ္စကလေးကိုတော့ သုံးယောက်သား ခဏခဏ ပြောမိကြပါတယ်။

'အေးဗျာ၊ ဘုရား မ တာပါပဲ။ အားလုံး ဒုက္ခရောက်တော့မလို့'

တွေးမိတိုင်း မောရပါတကား။ ကားပိုင်ရှင် ဦးမောင်မြင့်ကတော့ လူအေးပါပဲ။ အရပ်မနိမ့်မမြင့်။ အသားညိုညို။ အရက်သေစာ မသောက်မစားတဲ့ရုပ် ပေါ်လွင်နေပါတယ်။

ဒီလိုနှင့် လမ်းတလျှောက် စကား ကောင်း လာကြ ယင်း တယောက်နှင့်တယောက် ရင်းနှီးချစ်ခင်သွားကြပါတယ်။ နတ်တလင်းမြို့ရောက်တော့ မိုးစင်စင် လင်းနေပါပြီ။ ဦးမောင်မြင့်က ကားကို တာပွန်လမ်း သူ့အိမ်ရှေ့ ထိုးဆိုက်လိုက်ပါတယ်။ ကားပေါ်က မဆင်းမီ သူက

'ကဲဗျာ၊ အေးအေးဆေးဆေးပေါ့။ ရေမိုးချိုး၊ ဒီမှာ ထမင်းစားကြပါ။ ကားနောက်ဘီးတာယာပါ လဲလိုက်ယင် ကောင်းမလားလို့'

'လုပ်ပါ ဦးမောင်မြင့်၊ ဖြည်းဖြည်းပေါ့ဗျာ။ ဖြစ်ပါတယ်။ နောက်တနေ့ ရန်ကုန်ရောက်ယင် ကျေနပ်ပါတယ်'

'ရောက်ပါတယ်ဗျာ၊ မပူပါနဲ့။ ကားကောင်းအောင် ထပ်ပြီး လိုတာလေးတွေ လုပ်လိုက်သေးတာပေါ့'

ဦးမောင်မြင့်အိမ်မှာ ရေမိုးချိုးပြီး ကျွန်တော်တို့နှစ်ယောက်ကို အထူးဧည့်သည်အလား ကျကျနန ကျွေးမွေးပြုစုပါတယ်။ ထမင်းစားယင်း ညကအဖြစ်အပျက်ကလေး ပြန်ပြောကြလိုက်၊ ရယ်လိုက်မောလိုက် ဆိုပါတော့။

လူ ဆိုတာ ထိတ်လန့်ခဲ့ရတာလေး တသက် မေ့မရ ဖြစ်တတ်ပါတယ်။ အဲဒါကို ဖြစ်တုန်းက ကြောက်ဒူး တုန်သလောက် ပြန်ပြောတဲ့အခါ ရယ်စရာမောစရာ အော်ကြီးဟစ်ကျယ် ပြောတတ်ကြတာပဲပေါ့။

ဒရိုင်ဘာနှင့် စပယ်ယာကတော့ ကား နားပြီ ဆိုကတည်းက မအားကြတော့။ စက်ဆီတွေ ပေပေတေတေနှင့် လုပ်နေကြတယ်။ ကျွန်တော်တို့ ထမင်း စားသောက်ပြီးလို့ မြို့ထဲ လည်ပတ်ပြီးလို့ ပြန်လာတော့ သူတို့ နှစ်ယောက် ရေမိုးချိုး ထမင်းစားနေတာ မြင်ရပါတယ်။ နတ်တလင်းမှာ ကြုံခဲ့ရတာလေး ပြောပြချင်ပါသေးတယ်။

ဘုတာနားကလက်ဖက်ရည်ဆိုင်ထိုင်မိကြတော့ လူတယောက်က ကုပ်ကုပ်ကုပ်ကုပ်နှင့် ကျွန်တော်တို့ နှစ်ယောက်နား လာထိုင်တယ်။ အဲဒီလူက တအောင့်လောက်ကြာတော့

'ဗျို့ ဆရာတို့၊ ပစ္စည်းတခု ရောင်းချင်တယ်'

နှစ်ကိုယ်ကြား လာပြောတယ်။

'ဘာပစ္စည်းလဲ၊ ပြော'

ကျွန်တော်က ခပ်တိုးတိုး ပြန်မေးတော့

'လာ လာ'

ကျွန်တော် ထ လိုက်သွားတယ်။ မီးရထား သံလမ်းဘေး သစ်တုံးကြီးတွေအကွယ်ကျတော့ သူ့လွယ်အိတ်ကို ဖွင့်ပြတယ်။ ငုံ့ကြည့်လိုက်တော့ လား လား၊ ဒန်ရောင် လက်နေတဲ့ ပစ္စတိုတလက်။ သူက

'အဲဒါပဲ။ ခင်ဗျား ခြေစောင့်လက်စောင့် ယူထားပါလား။ ခုနစ်ရာနဲ့ ပေးမယ်'

'ဟာ၊ ဒါနဲ့တော့ ကျွန်တော့်ကို မစောင့်ပါရစေနဲ့'

ပြောပြီး ပြန်ထွက်လာတယ်။ သူက ကျွန်တော်နှင့် အလုပ်မဖြစ်မှန်း သိကတည်းက လစ်ပါလေပြီ။

ကျွန်တော့် သူငယ်ချင်း မကွေးညိုစိမ့်က

'ဘာတဲ့လဲဗျ အဲဒီ လူက'

'သေနတ်ရောင်းချင်လို့တဲ့ကွာ။ ဘယ်လိုတုန်းဟ။ လူတွေက သောင်းကျန်းလှချည်လား'

ကျွန်တော်က ပြောတော့

'ခင်ဗျား သူ့ကို မှတ်မိသလား။ လာ၊ လိုက်ကြရအောင်'

'နေပါစေကွာ၊ သတင်းတော့ ပေးသင့်တာပေါ့'

'ခင်ဗျားက သတင်းထောက် လုပ်နေပြီး ညှိလိုက်တာဗျာ။ ဖမ်းထားလိုက် ပြီးတာ'

'ပြောတော့လွယ်တယ်။ သူကလဲ ဖျံပဲဖြစ်မှာပေါ့ဟ။ လည်လို့ ဒါလုပ်တာပဲ။ သူ့ ထိုက်နဲ့သူ့ ကံပေါ့ကွာ။ တို့က ညှော်သည်ပဲဟာ'

'ကျွန်တော်က အဝတ်အစား မှောင်ခိုပစ္စည်း ပြချင်လို့ ခေါ်သွားတယ် မှတ်နေတာ'

အေး၊ ငါလဲ အစက အဲဒီလို ထင်တာပဲ'

'လာဗျာ၊ ဒါသက်သက်လူလည်လုပ်တာ။ အဲဒီလူလိုက်ရှာမယ်'

သူက ဇွတ်တရွတ်လုပ်တော့ ကျွန်တော်လည်း ထလိုက်ခဲ့ရတာပေါ့။ ဘယ်တွေ့တော့မလဲ။ ဟိုကလည်း လျင်တာပေါ့၊ ကျွန်တော်တို့ သံလမ်းတလျှောက် ဟိုကြည့်ဒီကြည့် လုပ်နေတုန်း ပြည်ဘက်က ထွက်လာတဲ့ စာပို့ရထားရောက်လာတယ်။ လူတွေ ရှုပ်ယှက်ခတ်သွားတာပေါ့။ ဒါနှင့် လက်လျှော့ ပြန်ခဲ့ကြတယ်။

အော်၊ လူတွေဟာ သူလိုကိုယ်လို လွယ်အိတ်ကလေးတွေနှင့် ခရီးသွားနေကြပေမယ့် သူတို့လွယ်အိတ်ထဲ မမျှော်လင့် မမျှော်မှန်းနိုင်တဲ့ ပစ္စည်းပစ္စယတွေ ပါတတ်ကြပါလားလို့ ဆင်ခြင်မိပါတော့တယ်။

ကျွန်တော်တို့ပြန်ရောက်တော့ ညနေ လေးနာရီထိုးပြီ။ ညနေစာ စားသောက်ပြီး ကားထွက်ခဲ့ပါတယ်။ ကားကို ဂရုတစိုက်မောင်းဖို့ ဦးမောင်မြင့်က သူ့ဒရိုင်ဘာကို မှာလိုက်တာမှ လွန်ပါရော။ ပြည်ရန်ကုန် လမ်းမကြီးက ကောင်းလှတာကြောင့် သိပ်မစိုးရိမ်တော့ပါ။

ကျွန်တော်တို့ နတ်တလင်း၊မြို့တာပွန်လမ်း ဦးမောင်မြင့် အိမ်ရှေ့မှ ကားထွက်ခဲ့ကြတော့ မကွေးဘက်က ထွက်လာကြတဲ့ ပဲဆံကား ကိုးစီး တစီတတန်းကြီး တွေ့ရပါတယ်။ သူတို့နှင့်ရောပြီး ကားတွေတတန်းကြီး ခရီးဆက်လက်ထွက်ခွာခဲ့ပါတော့တယ်။

ဒါနှင့် ကျွန်တော်တို့တတွေ တော်တော်ကလေး မောင်းမိကြတော့ လက်ပံတန်းကွေ့ ရောက်ပါတယ်။ အဲဒီမှာ ကားကို ရေဖြည့်ကြ၊ လက်ဖက်ရည်သောက်ကြ။ အနားယူကြပါတယ်။

ည ၁၀နာရီရှိပြီပေါ့။ အပြင်ဘက်မှာ လကလည်း ထိန်ထိန်သာနေပါပြီ။ ခုလို လသာသာမှာ မော်တော်ကားနှင့် ခရီးသွားရတဲ့ အရသာဟာ သွားဖူးတဲ့လူတိုင်း သိကြမှာပါ။ ရိုးပြတ်လယ်ကွင်းတွေ။ လရောင်အောက်မှာ ရေတွေ တဖွေးဖွေး။ ကြေးနန်းကြိုးတိုင်တွေပေါ်မှာ ညငှက်ကလေးတွေက မှုံးထူးနေပါတယ်။ ဒီအချိန်၊ အများသူငါတွေ အိပ်စက် အနားယူနေတဲ့ အချိန်မှာ ကျွန်တော်တို့ဝမ်းရေးအတွက် ကားတစီးနှင့်ရန်ကုန်ဘက် ဦးတည်မောင်းလျက် ရှိပါတယ်။ အတူ ပါလာကြတဲ့ ကားတွေကတော့ အရေးကြီးယင် သွားနှင့်ကြဟေ့လို့ပြောပါတယ်။

ဒါ့ကြောင့် ကျွန်တော်တို့ ကားတစီးတည်း မောင်းထွက်ခဲ့ပါတယ်။ ဒရိုင်ဘာကလည်း ကျွန်တော်တို့ နှစ်ယောက်အပေါ်ခေါ်ခေါ်ပြောပြော ဖြစ်လာပါပြီ။ သူ့အုံနာက ကျွန်တော်တို့နှစ်ယောက်ကျ ဂရုစိုက်တယ် မဟုတ်လား။ဒါ့ကြောင့် သူလည်း

မနေသာပါ။ ကျွန်တော်တို့ သွားချင်တယ် ဆိုတာနှင့် တပြိုင်နက် ကားပေါ်တက် မောင်းတော့တာပါပဲ။

မောင်းတော့ မောင်းပါရဲ့။ တော်တော်ကလေး ကြာတော့ ကိုရွှေဒရိုင်ဘာက အခွင့်အရေး တောင်းဆိုလာပါတယ်။ သူက

'ဆရာတို့ရေ၊ ရွှေနားကရွာကျယင် ကျွန်တော့်ကို နာရီဝက်လောက် ခွင့်ပေးပါ။ ကျွန်တော့် ချစ်သူလေးနဲ့ ခဏတွေ့ပါရစေ'

လရောင်တဘက်က ကားအတွင်းထဲ ထိုးကျနေပါတယ်။ ဒရိုင်ဘာရဲ့ မျက်နှာဟာ ရွှန်းလဲ့နေပါတယ်။

'တွေ့ပါဗျာ၊ ဖြစ်ပါတယ်။ ကုသိုလ်တောင်ရသေး'

'သိပ်မကြာစေရဘူး ဆရာ၊ စိတ်ချ'

ပြောပြောဆိုဆိုနှင့် သူပြောတဲ့ရွာ ရောက်ပါတယ်။ ရွာက ပြည်ရန်ကုန်ကားလမ်းမနှင့် ၅ ဖာလုံလောက် ဝေးပါလိမ့်မယ်။ သို့သို့မည်းမည်း လရောင်အောက်မှ ရွာကလေး။ ဒရိုင်ဘာက လက်ထဲအထုပ်တနုဆွဲပြီး သူ့စံပယ်ယာပါ ခေါ်သွားပါတယ်။

'ကိုဝင်းမြင့်၊ ဒရိုင်ဘာက နာရီဝက်လို့သာ ပြောတယ်။ သူ့ရွာ သွားတာပြန်တာနဲ့တင် အနည်းဆုံး နာရီဝက်ကြာမယ်'

ကျွန်တော်ကပုံးပြီး ကျွန်တော့်သူငယ်ချင်း မကွေးညိုစိမ့်ကို ခေါင်းညိတ် ပြလိုက်ပါတယ်။ ကျွန်တော်က ကားပေါ်က အညောင်းပြေဆင်းပြီး လမ်းလျှောက်ယင်း ပုတီး စိပ်နေပါတယ်။ လရောင်အောက်မှာ တိတ်ဆိတ်ဆိတ်။အင်မတန်အရသာရှိတာပဲ။ဒီလိုနှင့် တနာရီကျော်ကျော်လောက် ကြာသွားတော့

ကျွန်တော့်သူငယ်ချင်း မကွေးညိုစိမ့်အာ ကားဒရိုင်ဘာအပေါ်ကို မကျေနပ်ချင်တော့ဘူး။

'ဘယ်လိုလဲဗျ၊ ခင်ဗျားဒရိုင်ဘာ လုပ်ပုံ။ ပြောသွားတာ နာရီဝက်ဆို။ ခု တနာရီတောင်ကျော်ပြီ။ ဟင်း၊ ခုနေ ဒမြလာတိုက် အချောင်ခံရမှာ'

'ဒီနေရာ စိတ်ချရပါတယ်ကွာ'

ကျွန်တော်က အေးအေးသမား။ ကျွန်တော့်သူငယ်ချင်းက ဇိုးဇိုးဇတ်ဇတ်။ စိတ်မြန် ကိုယ်မြန်သမား။ မဟုတ်တာလည်း မလုပ်၊မပြော။ လုပ်ယင်လည်း ဘယ်သူ့မျက်နှာကိုမှ မထောက်။ သူ့ကိုချော့ရတာကတဘက်။ဒီကြားထဲ ပိုဆိုးတာက ကျွန်တော်တို့နှင့် လက်ပံကန်းကွေ့မှာ အတူနားခဲ့ကြပြီး သွားနှင့်ကြ၊ တို့မလိုက်သေးဘူးဆိုတဲ့ မကွေးက ပဲဆံကားတွေက ကျွန်တော်တို့ကို တစီးပြီးတစီး ကျော်ကျော် သွားကြပြီး

'သွားပြီ သူငယ်ချင်းရေ'

'ဘာဖြစ်လဲ၊ ဘာလိုလဲ'

'ဘာမှ မဖြစ်ပါဘူး။ ခဏနားတာပါ'

'ဒါဖြင့် သွားမယ်ဗျို့'

တစီးပြီးတစီး ကျွန်တော်တို့ကို ဝေါကနဲ ဝေါကနဲ ဖြတ်ဖြတ် ကျော်တက်သွားလေ၊ ကျွန်တော့်သူငယ်ချင်း ဒေါပွလေ ဖြစ်နေတာပေါ့။

ဒါ့ကြောင့် မကွေးညိုစိမ့်ကို ကားဒရိုင်ဘာ ကိစ္စ မေ့ထားအောင် စကားဖောင်လောက်အောင် ပြောပြီး အိမ်ကပါလာတဲ့ မာတ်ဗူးထဲက လက်ဖက်ရည် သောက်ကြတယ်။ လက်ဖက်ရည်

သာ ကုန်ပါရော။ ကိုရွှေဒရိုင်ဘာက မပေါ်လာ ရေးချ မပေါ်လာ။

'ကိုဝင်းမြင့်၊ ခင်ဗျားလူတွေလုပ်ပုံ မဟုတ်ဘူး။ လိုက်ခေါ်မှ ဖြစ်မယ်'

'လာပါလိမ့်မယ်ကွာ။ မင်း အိပ်ချင်လို့လား။ အိပ်ချင် အိပ်လေ။ ကိုယ် စောင့်နေပါ့မယ်'

'မအိပ်ချင်ပါဘူးဗျာ။ မနက် ရန်ကုန်ရောက်ဖို့ အရေးကြီး တာပါ'

'ရောက်ပါတယ်ကွာ။ သိပ်စိတ်စောမနေပါနဲ့။ သူတို့ချင်း တွေ့ကြတုန်း အားရပါးရ ပြောကြပါစေ၊ ဒရိုင်ဘာတွေဟာ သနားစရာပါကွာ။ ငါ ဒရိုင်ဘာတယောက်ရဲ့ အဘိဓမ္မာစကား တခု ကြားဖူးတယ်။ ဘာတဲ့၊ ကျုပ်တို့ဒရိုင်ဘာတွေဟာ ခရီး သည်တွေရဲ့ ရောက်လိုတဲ့အရပ်ကိုရောက်အောင် ကျွန်တော်တို့က ပို့ပေးရပြီး ကျွန်တော်တို့ဒရိုင်ဘာတွေရဲ့ ဘဝခရီးကိုတော့ ဘယ် ခရီးသည်ကမှ ပို့မပေးကြဘူးတဲ့။ ဒါ့ကြောင့် ဒရိုင်ဘာဟာ သူ့ ချစ်သူနဲ့ တွေ့နေတာကို ပါရမီဖြည့်တဲ့အနေနဲ့ သည်းခံလိုက်ပါ သူငယ်ချင်းရယ်'

သည်လိုပြောနေကြတုန်း လယ်ကွင်းတွေကြားက သူတို့ ပြန် လာကြတယ်။ ကိုရွှေဒရိုင်ဘာနှင့် ယာဉ် နောက်လိုက်ပေါ့။ မိန်းမ ငယ်ငယ်ချောချော နှစ်ယောက်အပြင် အဘွားကြီး တယောက်လည်း ပါလာသေးတယ်။ ဆေးပေါ့လိပ် တငေါ့ငေါ့ နှင့်။ လိုက်ပို့သူတွေက

'ကဲ့ သွားကြတော့။ ရှာဦး ကျောင်းက နှစ်ချက်တောင် ထိုးနေပြီ၊ အပြန်ကျလဲ ဝင်အုံး'

ဒရိုင်ဘာနှင့် သူတို့ အလွမ်းသယ်နေကြတာကို ကျွန်တော်က ပြုံးကြည့်နေနိုင်ပေမယ့် ကျွန်တော့် သူငယ်ချင်းက စိတ်မရှည်တော့ပါ။ ဒါ့ကြောင့်

'ကဲ ကဲ၊ နောက်မှပြော။ ကျွန်တော်တို့ ခရီး ဆက်စရာ ရှိသေးတယ်'

ဒရိုင်ဘာ လုပ်သူကလည်း သူလုပ်ချင်တာ လုပ်ခဲ့ရပြီမို့ ကျွန်တော်တို့နှစ်ယောက်ကို သွားကြီးတဖြဲဖြဲနှင့် သေပျော့ပျော့ ကလေးနှင့် တောင်းပန်လိုက်သေး။

'အားနာလိုက်တာ ဆရာတို့ရယ်။ နည်းနည်း ကြာသွားလို့'

ကျွန်တော်က ဘာမှပြန်မပြောပါ။ ကျွန်တော့် သူငယ်ချင်း ကတော့ ဒရိုင်ဘာကို မျက်စောင်းတခဲခဲ။ နဂါးများ ဆိုယင် ပြာကျသွားမယ် မှတ်။

ဒီလိုနှင့် ကျွန်တော်တို့ကား ရန်ကုန်ဘက် ဦးတည်မောင်း လာခဲ့ကြပါတယ်။ မိုးလေကင်းပြီး လရောင်ဝင်းဝင်းအောက်မှာ ပြည်-ရန်ကုန် ကားလမ်းပေါ်မှာ ကျွန်တော်တို့ကား တရိပ်ရိပ် ပြေးနေပြီပေါ့။

ရန်ကုန်ဝင်တော့ မိုးစင်စင် လင်းနေပါပြီ။

အဲဒီတုန်းက ကျွန်တော်တို့ နယ်ကသာတဲ့ ကုန်ကားတွေဟာ မြေနီကုန်းကားဂိတ်မှာ ရပ်နားကြပါတယ်။ ကျွန်တော်တို့အချင် သွားနှင့်ကြတဲ့ ကားတွေက ရောက်နေကြပါပြီ။ တချို့က

တရေးတမောပင် အိပ်ပြီးပြီ။ရန်ကုန်ရောက်နှင့်နေတဲ့ ကျွန်တော့် သူငယ်ချင်း ဟုတ်ခင်က

'ကိုယ့်လူတို့ကား ဒမြကြ တောထဲ ခေါ်သွားတယ် မဟုတ်လား'

'ဟင့်အင်း၊ မခေါ်ပါဘူး။ ဘာဖြစ်လို့'

'တကယ်လား'

'တကယ်ပေါ့။ ဘာဖြစ်လို့လဲ'

'တို့ကားတွေ ညက ဒမြ ဆော်ထည့်သွားတယ်'

'တကယ်'

'တကယ်ပေါ့။ ဒမြကြ လူပေါင်း ၃၀ လောက် ရှိသဟ။ လက်နက်တွေကလဲ တပြောင်ပြောင်နဲ့'

'ဟ၊ မင်းတို့ ကားကိုးစီးလုံးကို ရပ်တိုက်ခံရတာလား'

'ဒါပေါ့။တို့က ကားကိုးစီးမှ လူ ၁၈ယောက်တည်းပါဘာ။ လက်နက်ဆိုလို့ ကားလှည့်တဲ့ ဂေါက်တံပဲ ပါတာ။သူတို့က သေနတ်တွေနဲ့ဟ။ နင်တို့ကားနောက်ဆုံးက ယောင်ပေ ယောင်ပေနဲ့ လိုက်လာပြီး ဒမြကြ ကိုရင်တို့နှစ်ယောက်ကို ရဲနဲ့သတင်းထောက်တွေဆိုပြီး ဖြောင်လိုက်ပြီကို မှတ်နေတာ'

'ဟေ'

ဒီတော့မှ ကျွန်တော်တို့နှစ်ယောက် တအံ့တဩ။ တယောက်မျက်နှာ တယောက်ကြည့်ပြီး ပြုံးလိုက်ကြတယ်။

'တို့ ညက မင်းတို့ ကျော်သွားပါကော။ အဲဒီမှာ အချိန်သိပ်ကြာသွားတယ်။ အဲဒီလူကြီးက သူ့ရည်းစားနဲ့ ချိန်းတွေ

နေတာလေ။ ည နှစ်ချက်ကိုတီးရော။ လူ့ကို မောကြောဆိုက်သွားတာပဲ'

'အဲဒါ ကံကောင်းတာကိုယ့်လူ၊ ဒမြနဲ့လွဲသွားတာကံကောင်းတယ်မှတ်'

'ဟုတ်တယ်။ ကျုပ်နာရီ မရှိတော့ဘူး'

'ကားဖင်ထိုင်ခုံအောက် ဝှက်ထားတဲ့ ငွေလေး ၅၀၀ လဲပါသွားလေရဲ့'

'ငါ့ဦးလေးက ငါးပိဝယ်ဖို့ပေးလိုက်တဲ့ ငွေ ၁၅၀၀ လဲ သေခြင်းဆိုးတွေနောက် ပါသွားပြီကွ'

တယောက်တပေါက် ပြောလိုက်ကြတာ။ ရှုံ့သူရှုံ့။ မဲ့သူကမဲ့။ ပြုံးသူကပြုံး။ ဒီကြားထဲ သူခိုးပြေးမှ ထိုးကွင်းထ ဆိုတာလို 'နေနိုင့်အုံးပေါ့ ကွာ၊ တနေ့တော့ တွေ့ကြသေးတာပေါ့။ မျောက်ကြီးအကြောင်း ပြလိုက်ရအုံးမယ်' စပယ်ယာ ကိုမျောက်ကြီးက ဒမြအနက်ခံထားရတဲ့ ဒဏ်ရာကို လက်ကိုင်ပဝါနဲ့ အုပ်ယင်းက အံတကြိတ်ကြိတ်။

ကျွန်တော်တို့တတွေကတော့ ဘယ်သိမလဲ။ ကျွန်တော့်ကား ဒရိုင်ဘာဟာ သူ့ချစ်သူနဲ့ ကြည်နူးနေတုန်းအချိန်။ ကျွန်တော်တို့နှစ်ယောက် လရောင် ရွှန်းမြမြအောက်မှာ စာအကြောင်း၊ ပေအကြောင်း ပြောနေကြတုန်းအချိန်။ သူတို့ကားတွေကို ဒမြတွေ တိုက်ချိန် ဖြစ်မှာပဲပေါ့။

သူတို့က ကျွန်တော်တို့ကသား ဒမြအတိုက်မခံရတာကို တော်တော် အံ့သြနေကြတယ်။ ကျွန်တော်တို့ နာရီတွေ ကြည့်၊ အိတ်ထဲက ငွေတွေ ကြည့်လိုက်နှင့် တအံ့တသြ ဖြစ်နေကြတာပေါ့။

ကျွန်တော်တို့ကတော့ ဘာမှ မအံ့သြပါ။ ဘာ့ကြောင့်လဲ ဆိုတော့ ရတနာမြတ်သုံးပါးက ကျွန်တော်တို့ကို ဒမြဘေးမှ ကယ်တင်လိုက်တယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်နေသောကြောင့် ဖြစ်ပါတယ်။

# တရားရတနာ

## ပရိတ်ကြီး အရသာ

ပရိတ်ဆိုတာ ပရိတ္တ ဆိုတဲ့ ပါဠိက လာတယ်လို့ မှတ်ရဖူးပါတယ်၊ ထက်ဝန်းကျင်မှ စောင့်ရှောက်တတ်သော တရားစကားများ ဖြစ်ပါသတဲ့။ မြတ်စွာဘုရား ဟောကြားတော်မူချက်များ၊ ရဟန္တာကြီးများနှင့် အလောင်းတော်ကြီးများတို့ရဲ့ သစ္စာစကားတွေ၊ နတ်ခင်းကြီးများရဲ့ သီကုံးရွတ်ဆိုတဲ့ ဂါထာတွေပါ ပါသတဲ့။ ဒီပရိတ်ကြီးကိုရွတ်ယင် လူ သတ္တဝါတွေ ကျရောက်ဆဲ ကျရောက်သတ္တံ့ ဘေးဘယ ၊ အန္တရာယ်အသွယ်သွယ်ကို တားဆီး နိုင်ပါသတဲ့။ ပရိတ်တော်ရဲ့ တန်ခိုးတော်ဟာ စကြဝဠာ ကုဋေတသိန်းတိုင်အောင် ပျံ့နှံ့တော်မူတယ်လို့ မှတ်ရဖူးပါတယ်။

ဒါကြောင့် ကျွန်တော်ဟာ ပရိတ်တော် ၃၁ မျိုးပါဝင်တဲ့ သီရိမင်္ဂလာပရိတ်တော် စာအုပ်ကြီးကို ရွှေတိဂုံဘုရား စောင်း

တန်းက ဝယ်ခဲ့ပါတယ်။ ဟိုတုန်းကတော့ တအုပ်မှ ခုနစ်ကျပ်ပါ။ ခု ၁၇ ကျပ် ဖြစ်နေပါပြီ။ ကမ္ဘာ့အေး သာသနာရေး ဦးစီးဌာနကထုတ်တဲ့ ပရိတ်ကြီးစာအုပ်ဆိုတော့ စာလုံးအကွာအက အစ ပီပြင်ကျနု၊ အမှားအယွင်း၊ အကျအပေါက် ကင်းစင်ပါတယ်။ ဒီပရိတ်ကြီးစာအုပ် ရတဲ့နေ့ကစပြီး ဘုရားရှိခိုးတိုင်း စာအုပ်ကြည့် ရွတ်ခဲ့ပါတယ်။

ဘာ့ကြောင့် ပရိတ်ရွတ်တုံးလို့ မေးစရာရှိပါတယ်။ ပွင့်ပွင့်လင်းလင်း မကွယ်မဝှက်ဖြေရယင် ကောင်းကျိုးချမ်းသာမင်္ဂလာနှင့် ပြည့်စုံချင်လို့ပါပဲ။ ဒါကြောင့် ပရိတော်ကို ရွတ်ပါတယ်။ ရွတ်တဲ့နေရာမှာ ပုဒ်အကွာရာ မှန်ကန်အောင် မကွေးက တိုင်းသာသနာရေး အရာရှိ (ပင်စင်) ဦးလေးဦးတင်လှိုင် ထံမှောက်သွားရောက် တက်ယူရပါတယ်။

မင်္ဂလသုတ်နှင့် ပတ်သက်ပြီး ရေနံချောင်းက မိတ်ဆွေတယောက်က ပြောဖူးပါတယ်။ သူတို့ရေနံချောင်းမှာ ဘုန်းကြီးတပါး ရှိသတဲ့။ အဲဒီဘုန်းကြီးဟာ တခြားဘာမှ မရွတ်ဘူး၊ မင်္ဂလသုတ်ကိုတော့ နေ့တိုင်း စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် ရွတ်ခဲ့တယ်တဲ့။ ခုလည်း ရွတ်တုန်းပါပဲတဲ့။ အဲ၊ သူ ၁၂ နှစ်လောက်အကြာကျတော့ သူ့ကျောင်းဟာ ဟိုတုန်းက တဲကုပ်က တိုက်ကျောင်းကြီးဖြစ်လာတယ်။ ကျောင်းတွေ တဆောင်ပြီးတဆောင် လှူဒါန်းသူတွေ ပေါ်လာတဲ့အပြင် ကျောင်းတိုက်အတွင်း ဝင်ရောက်ဖူးမြော်မိသူတိုင်း မင်္ဂလာရှိလိုက်တဲ့ကျောင်းကြီးလို့ ပြောယူရတဲ့ အထိ ကျက်သရေ မင်္ဂလာနဲ့ ပြည့်စုံကြောင်း ပြောပြပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ သတင်းထောက်ပီပီ ချက်ချင်း

လိုက်ပြီး အဲဒီကျောင်းတိုက်ရှိရာ ရေနံချောင်းမြို့လိုက်ပြီး ကြည့်ညိုပါတယ်။ အိုး၊ ပြောထိုက်ပါပေ့။ ကောင်းလိုက်တဲ့ဖြစ်ခြင်း။ ကျောင်းအတွင်း ဝင်လိုက်ရတာနဲ့ စိတ်ထဲ ရင်ထဲ ချမ်းမြေ့အေးချမ်း သွားပါတယ်။ ကျောင်းထိုင် ဆရာတော်ဟာလည်း ဘာသိဘာသာ အေးအေး တရားဓမ္မ မွေ့လျော်သူ ပီပီ စကားလည်း အင်မတန်နည်းပါတယ်။ ဒါ့ကြောင့် ဆရာတော့်ဘွဲ့မဖော်ပြပါနှင့် ဆိုလို့ ဒါလောက်ပဲ အရိပ်အမြွက်တင်ပြပါရစေ။

ပြီးတော့ မိတ်ဆွေတယောက် ရှိသေးတယ်။ သူက မကွေးကောလိပ်က။ မင်္ဂလသုတ်နှင့် ပတ်သက်ပြီး သူနှင့်စကားစပ်မိကြတော့ 'မင်္ဂလသုတ်'ကို မင်္ဂလာရှိအောင် တနေ့တခေါက် မှန်မှန်ရွတ်တယ်လို့ ပြောပါတယ်။

ကျွန်တော်ကတော့ ပရိတ်ကြီး ၁၁သုတ်စလုံး ရွတ်ပါတယ်။ ပရိတ်ကြီးရွတ်နေတုန်း 'သောက'တွေ မေ့ပျောက်နေတာပေါ့။ အပြင်လောက လူ့ဘဝဟာ အင်မတန် ပူလောင်တာပဲ။ သားမယားကိစ္စ၊ မိတ်ဆွေအပေါင်းအသင်းကိစ္စ၊ ဆွေမျိုးညာတိကိစ္စ၊ စီးပွားရေး၊ကျန်းမာရေး။ အင်မတန်ပူလောင်တာပဲ။ဒါ့ကြောင့် ပရိတ်ရွတ်နေတုန်း ပရိတ်တော်ရဲ့ အေးချမ်းမှု၊ ချမ်းမြေ့တဲ့ အရသာတွေကြောင့် ပရိတ်ဆုံးသွားမှာတောင် ကြောက်တယ်။

လူ့လောကဟာ ကြောက်စရာ ကောင်းလှပါတယ်။ လူဆိုတာ ဒေါသဖြစ်တတ်ပါတယ်။ စိတ်တိုတတ်တယ်၊ ငြူစူတတ်ကြပါတယ်။ ဒါတွေဟာ ကြောက်စရာတွေပေါ့။ ပြီးတော့ ကျွန်တော့်ကို မေးစရာရှိပါတယ်။ ဒါလောက် ကြောက်စရာကောင်းတဲ့ လောကကြီးကို စွန့်ခွာပြီး တရားဓမ္မနဲ့ သင်တပင်

ဝါးတပင်အောက် သွားပါလားလို့။ ဟုတ်ပါတယ်။ကျွန်တော် ဟာ ဘာနှင့် တူနေသလဲဆိုတော့ မြစ်အလယ်မှာ ခုတ်မောင်း သွားလာနေတဲ့ သင်္ဘောပေါ်ကို လိုက်သွားမိတဲ့ ငှက်ငယ် တကောင်လိုပါပဲ။ သင်္ဘောခေါင်းတိုင်ဟာ ပထမတော့ မပူပါ ဘူး၊ ကမ်းစပ်က ထွက်စကိုး။ စက်ရှိန်မြင်းလာလေ၊ ပူလာလေ ပါပဲ။ ရေလယ်လည်းရောက်နေပြီ။ကမ်းစပ်ပျံနိုင်ဖို့လဲ အင်အား က မရှိ။ ပူမှန်း သိရက်နဲ့ ကပ်နေရသလိုပါပဲ။ သင်္ဘော ကမ်းကို ဆိုက်တဲ့အခါ ခွာရမှာပေါ့။ ဒီလိုပါပဲ၊ ကျွန်တော့် ခံယူချက် ဟာ။

## ပြောင်းရွှေ့ဖို့အမိန့်

မိတ်ဆွေ တယောက်အကြောင်း ပြောပါရစေ။ သူ့အမည်၊ အလုပ်အကိုင်တွေ ထည့်ရေးယင် မကောင်းတတ်လို့ပါ။ တနေ့ တော့ သူရောက်လာပါတယ်။

'ကျွန်တော်ဗျာ၊ ကန်ပက်လက်ကို ပြောင်းရမတဲ့'

'ပြောင်းရတော့ မကောင်းဘူးလားဗျ၊ နယ်မြေ ဗဟုသုတ ရတာပေါ့'

'ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ မိအို ဘအိုတွေက တဘက်၊ ညီငယ်ညီမငယ်တွေက လူလားမမြောက် သေးနဲ့၊ ကျွန်တော် ဒီမှာမရှိယင် မဖြစ်ဘူးဗျ'

'အော်၊ ဒါကြောင့်လား။ ဒါဖြင့် သက်ဆိုင်ရာကို အသနား ခံကြည့်ပါလား'

'ရမယ် မထင်ပါဘူးဗျာ'

'ဒါဖြင့် ဘာလုပ်ချင်တုံး'

'အဲဒါ ခက်နေတာပေါ့။ ဘာလုပ်ရမှန်း မသိလို့ပေါ့'

'ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ခင်ဗျားလဲ ကုသိုလ်ရအောင်။ ခင်ဗျား ပရိတ်ကြီးစာအုပ်တအုပ်ဝယ်၊ အဲဒါ နေ့တိုင်းရွတ်ကြည့်စမ်း။ သတ္တဝါတွေ မေတ္တာနာနာပို့ဗျ။ သေချာပေါက်တော့ ကျွန်တော် မပြောရဲဘူး။ ပြောင်းရလဲ ခင်ဗျား ကုသိုလ်ရတာပေါ့။ မပြောင်းရယင်လဲ ခင်ဗျားဆန္ဒ ပြည့်ဝတာပေါ့။ ဘယ့်နှယ်လဲ'

'အေးဗျ၊ ကောင်းသား။ ကျွန်တော်ငယ်ငယ်က ရခဲ့တာတွေပဲ။ တန်းကျောင်းရောက်မှ မေ့ကုန်တာ။ ပြန်နွှေးလိုက်ယင် လွယ်ပါတယ်လေ'

သူသည် ပြောဆိုပြီး ပြန်သွားတယ်။ နောက်နှစ်ပတ်လောက်ကြာတော့ သူရောက်လာတယ်။ ခုတခေါက် ရောက်လာတဲ့ သူ့မျက်နှာဟာ ဝင်းပနေပါတယ်။

သူက 'ဟေ့လူကြီး၊ ခင်ဗျားပြောတဲ့ပရိတ်တန်ခိုး တယ်စွမ်းပါလားဗျ။ ပြောင်းဖို့ရွှေ့ဖို့ ကိစ္စတွေ အားလုံး ရပ်ဆိုင်းထားတယ်ဆိုတဲ့ သံကြိုးစာ မနေ့က ရောက်လာတယ်ဗျို့'

'ဟုတ်လား' ကျွန်တော်လည်း ဝမ်းသာရတာပေါ့။ တိုက်ဆိုင်တယ်ပဲပြောပြော၊သူ ဒီနေ့အထိ မပြောင်းရသေး။ လေးနှစ်ရှိပြီ။

# ဘုန်းကြီးခြောက်ကြီး

စာရေးသူတို့ မကွေးမြို့နယ် ကိုးပင်ရွာမှာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ လောက်က ပျံလွန်တော်မူသွားတဲ့ ဘုန်းကြီးတပါးရဲ့ ရုပ်အလောင်း မသိုးမပုပ်ပဲ ရုပ်အလောင်းဟာ ခြောက်သွေ့နေပါတယ်။ ဘုန်းကြီးခြောက်ကြီးလို့ လွယ်လွယ်ပဲ ခေါ်ကြပါတယ်။

အဲဒီကိုယ်တော်ကြီးဟာ ပျံလွန်တော်မူတဲ့အထိ ပရိတ်ကြီးမှ ပရိတ်ကြီးပေါ့။ ရွာနီးချုပ်စပ်တွေကလည်း ကြည်ညိုလိုက်တာ မပြောပါနှင့်တော့။ သူပျံလွန်တော်မူတော့ သူ့ရုပ်အလောင်းကို မီးမသင်္ဂြိုဟ်ရဘူး။ ရေလည်း မမျှောရဘူး။ မြေလည်း မမြှုပ်ရဘူးပေါ့။ ဒီအတိုင်းထားရမယ်လို့ အမှာစကားကြောင့် ဘာဆေးမှမထိုး၊ ဘာမှမလုပ်ပဲ ဒီအတိုင်း ခြောက်လာတာပဲလို့ သိရပါတယ်။

ဘုန်းကြီးခြောက်ကြီးဟာ ခုထိရှိပါသေးတယ်။ ဒါပေမယ့် ၁၉၄၇-၄၉ လောက်က ကိုရွှေသောင်းကျန်း၊ လူဆိုးသူခိုးတို့က ဒီဘုန်းကြီးခြောက်ကြီးက စွမ်းတယ်ဆိုပြီး ခြေသည်းခွာယူ၊ ခြေမ ဖဲ့ယူနှင့်။ နည်းနည်းတော့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပါပြီ။

ဘုန်းကြီးခြောက်ကြီးနှင့် ပတ်သက်ပြီး တင်ပြရတာက ပရိတ်ကြီးစွမ်းအင် သိစေချင်လို့ပါ။ ဒါ့ကြောင့် ရှေးက လုပ်သွားကြတဲ့ပုဂ္ဂိုလ်များကို အားကျမိပါတယ်။ ပရိတ်ကြီးကိုလည်း နှစ်နှစ်ကာကာ ယုံကြည်တာကြောင့် ရွတ်ဆိုနေခြင်းဖြစ်ပါတယ်။ တရားရတနာတွေပေါ့။

ပရိတ်ကြီး ၁၁ သုတ်ကလည်း သူ့နေရာနှင့်သူ စီစဉ်မှုကလေးတွေ၊ စွမ်းအင်ကလေးတွေ ပါပြီးသား ဖြစ်နေပါတယ်။ ကြည့်ပါ။

မင်္ဂလသုတ်ဆိုယင် လူ့ကျင့်ဝတ်ပေါ့။ အလှူမင်္ဂလာ၊ အိမ်တက်မင်္ဂလာဘွဲ့မှာ ရွက်ဖတ်လေ့ ရှိပါတယ်။

ရတနသုတ်ကိုတော့ ရောဂါဆိုးကပ်ဆိုး တွေ့ကြုံရတဲ့အခါ ရွတ်ကြပါတယ်။

မေတ္တသုတ်ကိုတော့ နတ်တွေက ခြောက်လှန့်တဲ့ အခါ၊ သူတပါးက ရန်ငြိုးထားတဲ့အခါ ရွတ်ကြရပါတယ်။

ခန္ဓသုတ်ကိုတော့ မြွေ့,ကင်း, အဆိပ်ရှိတဲ့ သတ္တဝါတွေဘေးက လွတ်ကင်းအောင် ရွတ်တာပါ။

မောရသုတ်ကိုတော့ ရာဇဝတ်ဘေးနှင့် ရင်ဆိုင်တွေ့ရတဲ့အခါ ရွတ်ကြတယ်။

ဝဋ္ဋသုတ်ကိုတော့ မီးဘေးကြီး မကြုံရအောင် ရွတ်တဲ့ ရွတ်သုတ်ပါ။

ဓဇဂ္ဂသုတ်ကိုတော့ စစ်မက်အန္တရာယ် ဖြစ်ပွားတဲ့အခါ ရွတ်ဖတ်ကြပါတယ်။

အာဋာနာဋိယသုတ်ကတော့ ဘီလူး,သရဲသဘက် ဝင်ရောက်နှောင့်ယှက်ခြင်းဘေးက ကာကွယ်တဲ့သုတ်။

အင်္ဂုလိမာလသုတ်ကတော့ အိမ်သူမိန်းမများ မီးမဖွားနိုင်တဲ့အခါ ရွတ်ရတဲ့သုတ်ပါ။

ဗောဇ္ဈင်သုတ်ကတော့ ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားနေရရတဲ့အခါ ရွတ်ရတဲ့သုတ် ဖြစ်ပါတယ်။

ပုဇွန်ကျော်သုတ်ကိုတော့ ဂြိုဟ်နင်းဂြိုဟ်စီး ကံကြမ္မာမကောင်းတဲ့အခါ ရွတ်ရတဲ့သုတ် ဖြစ်ပါတယ်။

ပရိတ်ကြီး ၁၁ သုတ်စလုံးမှာ သူ့ဟာနဲ့သူ အရန်အတား၊ အကာအကွယ်၊ အစောင့်အရှောက်တွေ ပေးနေတာချည်းပါပဲ။ ဒါ့ကြောင့် နေ့တိုင်း ရွတ်ဆိုပွားများသင့်တယ်လို့ တိုက်တွန်းပါရစေ။

# ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်းနှင့် ကဗျာ့စွယ်စုံ ဦးထွန်းရွှေ

စာရေးသူရဲ့ အပေါင်းအသင်း မိတ်ဆွေ သင်္ဂဟတွေဟာ များသောအားဖြင့် သက်ကြီးရွယ်အိုတွေ များပါတယ်။ပင်ကို ဝါသနာကြောင့်ထင်ပါရဲ့။စာရေးသူဟာ လူငယ်တို့ဘာဝချင်း ထိုင်စကားပြောရမှာထက် သက်ကြီးရွယ်အို စာပေသမားကြီးများနှင့် စကားထိုင်ပြောရတာ အရသာရှိတယ်။ စာရေးသူရဲ့ မိတ်ဆွေတွေဟာ ဆရာကြီး ဒဂုန်ဦးစန်းငွေ၊ ဆရာ ရန်အောင်၊ ဆရာ သခ်ိါ၊ မင်္ဂလာ ဦးအောင်မြင့်၊ သာသနာရေးဌာနက ပုဂ္ဂိုလ်တွေ၊ ဆရာတော် သမားတော်များ၊ယောဂီတွေ များပါတယ်။

ရန်ကုန်ရောက်ယင် ကင်းဘဲလမ်းမှာရှိတဲ့ သိမ်ဖြူဆေးသိပ္ပံ ဆရာတော်ဘုရားထံဝင်ပြီး ဝတ်ပြုလေ့ရှိပါတယ်။ ဆရာတော်မှာ ညှော်သည်တွေများနေယင်လည်း ခဏတဖြုတ်ပေါ့၊ အဲဒီက အောက်ဆင်းလာယင် ဆရာတော်ရဲ့တိုက် အရှေ့ဘက်မှာ သိမ်ဖြူ စာပြုပိဋကတ်တိုက် ရှိပါတယ်။ ပါဠိ၊ သက္ကတ၊ ဟိန္ဒူဘာသာ တတ်ကျွမ်းကြတဲ့ ပညာရှင်တွေ ရှိပါတယ်။

ကဗျာ့စွယ်စုံ ဦးထွန်းရွှေ ဆိုတဲ့ ပုဂ္ဂိုလ် ဆိုတာကလည်း အင်မတန် ဗဟုသုတနှင့်ပြည့်စုံသူဖြစ်ပါတယ်။ဒါပေမယ့် ပညာ မာန မရှိပါဘူး။ ဒါ့ကြောင့် စာရေးသူက မကွေးကဆိုတော့ ဖန်ခါးသီးနှင့် ပတ်သက်ပြီး မေးပါတယ်။ စာရေးသူက

'မကွေးဖန်ခါးသီး နာမည်ကြီးတာကတော့ဗျာ၊ ရာဇဝင် နဲ့ကိုး။ ကျွန်တော်တို့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ မင်းဘူးမြို့၊ စကိုန်းတဲတောင်ပေါ်မှာ ကြွရောက် လာတော့ မကွေးက ဘီလူးညီအစ်ကိုဖြစ်တဲ့ ဘောသော် ဘောကျော်တို့က မြတ်စွာဘုရားကို ဖန်ခါးသီး လှူဒါန်းပါတယ်။ လှူဒါန်းပြီး အပြန်မှာ ဘီလူးညီနောင်ကို နောင်အခါ အမှတ်တရ ဖူးမြော် ကြည်ညိုဖို့ မြသားသွန်တော် ပေးလိုက်ပါတယ်။ ဒါ့ကြောင့် မကွေးဖန်ခါးသီးဟာ နှယ်နှယ်ရရ မဟုတ်ဘူးလို့ ကျွန်တော် ပြောချင်တာပါ။ မကွေးဖန်ခါးသီးဟာ ကြစုမျိုးဖြစ်ပြီး အခွန် ပါးပါတယ်။ အစေ့သေးပြီး စားရတဲ့အသောက ချဉ်ဖြုံးဖြုံး ကလေးပါ။ ဆေးဖက်မှာလဲ ဝင်ပါတယ်ခင်ဗျ'

စာရေးသူ ရောက်တိုင်း ပြောကြ, ဆိုကြ၊ ဆွေးနွေးကြ။ စာပေဗဟုသုတ ဟင်းအိုးကြီးများအလယ်· မှတ်ရ၊ သွန်သင်တာ၊

ဆုံးမတာ ဂရုတစိုက်၊လေးလေးစားစား မှတ်ရ သွားရပါတယ်။ ကဗျာ့ စွယ်စုံ ဆရာ ဦးထွန်းရွှေရဲ့ နောက်ဘက်မှာတော့ ရှင်မဟာဗုဒ္ဓဃောသ ဆရာဦးဘသန်း ဖြစ်ပါတယ်။ ဆရာကြီးဟာ နူးညံ့သိမ်မွေ့ပြီး ဗဟုသုတအဖြာဖြာနဲ့ပြည့်စုံတဲ့ သူတော်ကောင်း ပညာရှိကြီး ဖြစ်ပါတယ်။

စာရေးသူဟာ သွားလေရာ ရတနာ သုံးပါး ဦးထိပ်ထားပြီး ဗုဒ္ဓဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ပရိတ်တော်တွေအကြောင်း သိနားလည်ချင်သူ ဖြစ်တာကြောင့် ခုလို စာတတ်၊ ပေတတ် ဆရာသမားကြီးများနှင့် တွေ့တဲ့ အခါ တောင်းပန် မေးမြန်း မိပါတယ်။ ပြီးတော့ ပရိတ်ကြီး ၁၁ သုတ်ထဲက ခန္ဓသုတ် စွမ်းအင်ကိုသည်း ဆရာ ဦးဘသန်းက အောက်ပါ အတိုင်း အမိန့်ရှိပါတယ်။ ရှုကြပါဘိ၊

# ပရိတ်စွမ်းအင်နှင့် ဗေဒင် အဟော

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ ၁၉၃၉ ခုစ် အောက်တိုဘာလက ဖြစ်၏။ မော်လမြိုင်မြို့ ရှင်ဗုဒ္ဓဃောသ အထက်တန်းကျောင်း အထက်တန်း မြန်မာစာနှင့် ပါဠိဆရာအဖြစ် အမှုထမ်းနေခိုက် မိမိပိုင် လယ်ယာကလေးများ ရှိရာ ချောင်းနှစ်ခွ ရေပူရွာသို့ သွားရန် ကိစ္စ ကြုံလာရာ မသွားပဲ မဖြစ်၊ သွားရတော့မည်။ သွားရမည့်အကြောင်းကို ဇနီးအား ပြောပြ၏။

ဇနီကား ဗေဒင်ကို လေးစား၏။ မည်သည့်ကိစ္စမဆို ဗေဒင်မေးပြီးမှ ဗေဒင်ဟောပြောချက် အတိုင်း ဆောင်ရွက်လေ့ရှိ၏။ နောက်တနေ့ အလုပ်မှ ပြန်လာ၍ အိမ်အရောက်တွင် ဆီးကြိုကာ အရေး တကြီး ပြောသည်မှာ 'ရေှ့ကို သွားလို့ မဖြစ်ဘူး။ သွားရမယ့် အရပ်ကလည်း ထောင့် မတည့်ဘူးတဲ့။ သွားခဲ့ယင် အဆိပ်ရှိတဲ့ သတ္တဝါရဲ့ အန္တရာယ်ကို ခံရမတဲ့။ ဒီတော့ နောက်တလမှသွားယင် ကောင်းမယ်' ဇနီးက ပြော၏။

'ဘယ်သူက ပြောသလဲ'

'ဗေဒင်ဆရာက ဟောတာ'

'ဗေဒင် ဆိုတာ ဘုရားဟော မဟုတ်ပါဘူး။ မှန်ချင်လဲ မှန်တာပဲ။ မှားချင်လဲ မှားတာပဲ'

'မဟုတ်ဘူး။ ဒီဗေဒင်ဆရာက အလွန်မှန်တယ်။ သူဟောယင် လွဲခဲတယ်'

'ကျုပ်တို့ မြတ်စွာဘုရားက ဘယ် အန္တရာယ် မျိုးကိုမဆို ကာကွယ်ဖို့ ပရိတ်တရားတော်တွေကို ဟောထားတော်မူခဲ့တယ်။ နေရာ တကျ အသုံးချတတ်ယင် အန္တရာယ် အတွက် စိုးရိမ်ရာ မရှိပါဘူး။ အဆိပ်ရှိတဲ့သတ္တဝါဆိုယင် မြွေဖြစ်မှာပဲ။ မြွေဆိုယင် သူ့ကို ကာကွယ်ဖို့ ခန္ဓ ပရိတ် ဆိုတာ ရှိတယ်။ အဲဒါ ရွတ်ယင် မြွေအတွက် ဘာမှ ကြောင့်ကြစရာမရှိတော့ဘူး'

'ကျား ရဲရာ ကြမ္မာမရိုးရာ၊ ကံယုံပြီး ဆူးပုံမနင်းနဲ့လို့ ဆိုတဲ့ စကား ရှိသားပဲ'

'ကျုပ်က နေ့ညဥ့်ပရိတ်ရွတ်တယ်။ ပရိတ်ဟာ ဘုရားဟောပဲ။ အလုံးစုံသော အန္တရာယ်ကာကွယ်လို့ ပရိတ်လို့ခေါ်သတဲ့။ အဲ

ဒါကို ကျုပ် ယုံကြည်တယ်။ နေ့စဉ် ပရိတ်ကို ရွတ်တာဟာ သာပါတရုံရွတ်တာနဲ့ မတူဘူး။ ပိုပြီး အာနိသင်ထက်သန်တယ်။ လောကမှာ ရတနာ သုံးပါးဟာ ကိုးကွယ်ရာ၊ အားထားရာ အခစ်ပဲ။ ရတနာ သုံးပါးကို အားထားယင် သွားချင်ရာ သွား၊ အန္တရာယ် ကင်းနိုင်တယ်။ ပြီးတော့ ကုသိုလ်ကောင်းမှု ပြုနေတဲ့ သူဟာ ဗေဒင်ဆရာက မကောင်းဘူးလို့ ဟောပေမယ့် ကောင်း ရမယ်၊ ကောင်းကျိုးရမယ်လို့ မဃဒေဝလင်္ကာမှာဆိုထားတယ်။ နားထောင်ကြည့်စမ်းပါ။

'ဓမ္မတရား၊တိမ်းပါးမမူ၊တည်သောသူအား၊ဘေးဟူတုံလတ်၊ ဥပဒ်အပြစ်၊မဖြစ်နိုင်ရာ၊ကင်းကြစွာ၏။သမ္မာဉာဏ၊ပယောဂဖြင့်၊ လုံ့လအားကူ၊ အားသစ်ထူ၍၊ ကောင်းမှုသဖြင့်၊ ကောင်းအောင် ကျင့်က၊ ယခင့်အတိတ်၊ နိမိတ်တဘောင်၊ ကိတ်ရောင်ဥဘာ၊ ခို ပျံနိဝါတို့၊ ထင်လာသမျှ၊ကောင်းကြသည်ချည်း၊ မချွတ်တည်း ရှင့်'တဲ့။လူတယောက်ဟာ မကောင်းတဲ့နိမိတ်တွေပြနေစေကာမူ၊ မကောင်းတဲ့တဘောင်တွေကြားနေစေကာမူ ဘုရားတရားတော် ကို ယုံယုံ ကြည်ကြည်နဲ့ ရွတ်ဖတ် သရဇ္ဈာယ်ပြီး ကောင်းအောင် ကျင့်ခဲ့ယင် မကောင်းတာတွေ အကုန် ပျောက်ပြီး ကောင်းကျိုး ရောက်လာမှာ အမှန်ပဲ။ အဲဒါကို တထစ်ချ ယုံကြည်စေချင် တယ်'

ဇနီးဖြစ်သူမှာ ဗေဒင် အစွဲသန်သူ ဖြစ်သော်လည်း ဘုရား တရားကို ယုံကြည်သက်ဝင်ပြီးဖြစ်နေသဖြင့် ပြန်၍မငြင်းတော့ပဲ ခရီးထွက်ရေးကို မကန့်ကွက်တော့ချေ။ 'ဒီလိုဆိုယင်လဲ သွား ကြတာပေါ့လေ' ဆိုပြီး လေအေး သတ်လိုက်ပါတော့သည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာတွေဟာ ဗုဒ္ဓတရားတော်ကို ယုံကြည်သက်ဝင်ပြီး ဖြစ်သော်လည်း ဗေဒင် အစွဲကိုကား မဖျောက်နိုင်ကြချေ။ အိမ်ဆောက်မည်ဆိုလျှင် မြေ၏ ကောင်း မကောင်းကို ရွေး၏။ ရက်ရာဇာ ပြဿဒါးကို တွက်၏။ ခရီးထွက်မည်ဆိုလျှင် ရက်ရာဇာနေ့ကို ရွေး၍တွက်၏။ ထိမ်းမြားမင်္ဂလာပြုမည်ဆိုလျှင် မကောင်းခြောက်လ၊ ကောင်းခြောက်လ ရှိသည့်အနက် ကောင်းခြောက်လတွင်သာ မင်္ဂလာ ဆောင်ကြ၏။ နောက်ဆုံးကျတော့ ကောင်း ခြောက်လမှာ မင်္ဂလာဆောင်တဲ့လူတွေထဲမှာ ကွဲသူကွဲ၊ ကွာသူကွာ ဖြစ်ကြရသည်ကို တွေ့ရ၏။ သို့ရာတွင် အစွဲကား မပျောက်ကြချေ။

ဤစွဲချက်တွင် မိခဲတို့လည်း အပါအဝင်ဖြစ်သောကြောင့် ကျောင်းပိတ်သည့် အောက်တိုဘာလအတွင်း ရက်ရာဇာကျသော နေ့တနေ့ကိုရွေးချယ်ကာ ထိုနေ့မှာ မော်လမြိုင်မြို့မှ ချောင်းနှစ်ခွ ထွက်သော ရေဝတီ မီးသင်္ဘောဖြင့် ဇနီးမောင်နှံ ထွက်ခွာသွားကြပါသည်။

အဆိပ်ရှိသော သတ္တဝါနှင့် တွေ့မည်၊ အန္တရာယ်အယှက် ဖြစ်မည်ဆိုသော ဗေဒင်ဆရာ၏ဟောပြောချက်ကို တနုံ့နုံ့တွေး လျက် ရွေးထားသောရက်ရာဇာကိုမေ့ပြီးလျှင် ပရိတ်များကိုသာ တတွတ်တွတ် ရွတ်လာခဲ့ပါသည်။ အထူးသဖြင့် ခန္ဓသုတ်ပရိတ် ကို ရွတ်ပါသည်။ သင်္ဘောဆိပ်နှင့် သွားရမည့် ရေပူသရက်ကုန်း ရွာကား ခုနစ်ဖာလုံခန့် ဝေးကွာသဖြင့် လှည်း လမ်း မပေါက် သော လယ်ကန်သင်းရိုးကို လျှောက်ရမည့် အရေးကို တွေးမိ၏။

ကြိုဆိုရန် မှုးထားသူများနှင့် အဆင်သင့် မတွေ့လျှင်လည်း အခက်ပဲဟု စဉ်းစားမိ၏။

သင်္ဘောသည် နေ့ နှစ်နာရီခန့် အချိန်တွင် ရေပူမရောက်ခင် ဆိပ်တဆိပ်တွင် ဆိုက်ကပ်၏။ အခြားဆင်းမည့်သူမပါ။ မိမိတို့ နှစ်ယောက်တည်းသာရှိ၍ ပျင်းခြောက်ခြောက်နှင့် ကမ်းပေါ်သို့ ရောက်လာရ၏။ သင်္ဘောဆိပ်တွင်ရှိသော ဇရပ်ကလေးပေါ်တွင် အထုပ်ကိုချ၍ ကြိုသူကို မျှော်နေကြ၏။ မပေါ်လာ။ အတော်ကြာ တနာရီခန့်လောက် ဇရပ်ပေါ်တွင် ပရိတ်ရွတ်နေပါသည်။ ဇနီးဖြစ်သူကလည်း တတ်သမျှမှတ်သမျှ ဘုရားရှိခိုးနေပါသည်။ ပရိတ်စွမ်းအင်နှင့် ဗေဒင်အဟော ဘယ်လိုများနေမလဲဟု တွေးနေကြသဖြင့် အချင်းချင်း စကားမပြောနိုင်ကြ။

သုံးနာရီ ကျော်ကျော်လောက် ရောက်လျှင် ကြိုသူလည်း ပေါ်မလာသဖြင့် ဥစ္စာရင်လို ဥစ္စာရင်ခဲ အိတ်ကလေးကိုဆွဲပြီး ဇရပ်ပေါ်ကဆင်းကာ သရက်ကုန်းရွာသို့ မှန်းပြီး ထွက်လာကြပါသည်။ နေပူထားသဖြင့် လယ်ကန်သင်းများ ခြောက်သွေ့၍ အသွားမခက်လှ။ သို့ရာတွင် သတိကိုအမြဲထားပြီး မရဲတရဲ သွားနေကြရပါသည်။

မြေကို တွေ့ပါပြီ။ လယ်နှစ်ကွက်လောက် အလွန် လယ်တကွက်၏ ကန်သင်းရိုးကို လျှောက်သွားနေဆဲ ရှေ့ဝါးတရိုက် အကွာတွင် ကန်သင်းရိုးကို ကန့်လန့်ဖြတ်ကာ ရှေ့မတိုး နောက်မဆုတ် မလှုပ်မယှက် ငြိမ်ချက်သားကောင်းစွာနှင့် မြွေဟောက် တကောင် ရောက်နေသည်ကို တွေ့ရပါတော့သည်။

'ဗေဒင်ဆရာဟောတာ မှန်နေပြီမဟုတ်လား၊ ခု မြွေကြီးတွေ့နေပါပကော' ဇနီးက ပြော၏။

'နေအုံး၊ နေအုံး။ ဒီမြွေဟာ လူသံကြားလို့လဲမပြေးတော့ဘူး၊ တိုက်ကိုက်ဖို့ စောင့်နေတာလား။ မြွေဟောက်ဆိုတာ လူသံကြားယင် ပါးပျဉ်းထောင်နေကျ။ ခုတော့ ငြိမ်နေတယ်။ ကိုင်း၊ စမ်းကြည့်ရအောင်။ လှမ်းပြီး ခဲနဲ့ ပစ်ကြည့်မယ်' ကျွန်ုပ်က ပြော၏။

'မလုပ်ပါနဲ့၊ ခဲထိယင် လူဆီပြေးလာအုံးမယ်။ လိုက်ယင် ဘယ်လိုပြေးမလဲ'

ပြောပြောဆိုဆိုနှင့် ကျွန်ုပ်က ခဲတလုံးဖြင့် လှမ်းပစ်ကြည့်၏။ တုတ်တုတ်မျှ မလှုပ်ချေ။

'ဒီမြွေဟာ အသက်ရှိဟန်မတူ၊ တယောက်ယောက်က ရိုက်ပြီး ချထားခဲ့ဟန် တူတယ်'

ကျွန်ုပ်ကပြောပြီး အရဲစွန့်ကာ ရှေ့တိုးသွားရာ အနီးသို့ရောက်သောအခါကျမှ အသက်မရှိသော မြွေဟောက်သေမှန်း သိရပါတော့သည်။

'ဗေဒင်ဆရာဟောတာ ဘယ်လောက် မှန်သလဲ ကြည့်စမ်း။ အဆိပ်ရှိတဲ့မြွေနဲ့ လာတွေ့နေတယ်' ဇနီးက ပြော၏။

'ပရိတ်တန်ခိုးဟာ ဘယ်လောက်စွမ်းသလဲ၊ ကြည့်စမ်း။ မြွေအရှင်မဟုတ်ပဲ မြွေသေကြီးဖြစ်နေတယ်။ အဆိပ်ရှိပေမယ့် တို့ကို ဘာမှ ဒုက္ခမပေးနိုင်ဘူး။ ပရိတ်တန်ခိုး၊ ပရိတ်တန်ခိုး' ကျွန်ုပ်က ပြော၏။

သို့ရာတွင် မြွေသေမှန်းသိပါလျက် မြွေကို မကျော်ဖြတ်ဝံ့ပဲ ရပ်ကြည့်နေကြရာ ၁၅ မိနစ်လောက် ကြာသွားမည် ထင်ပါသည်။ မြွေအရှိန်ကလည်း ကြီးဘိခြင်း။ သရက်ကုန်းသို့ မရောက်မချင်း ကလမ်းလုံး ဇနီးက ပေဒင်ဆရာ မှန်ကန်ကြောင်းကို ချီးကျူးလျက်သွားကြရာ ရွာအနီးကျမှ ကြိုဆိုသူများနှင့်တွေ့ရပါတော့သည်။

သရက်ကုန်းရွာသို့ရောက်သောအခါ အရပ်လူကြီးဦးစံအောင်က ဆီးကြိုပြီး

'ဘယ့်နှယ်လဲ ဆရာတို့၊ သဘော်ထွက်သွားတာ ကြာလှပြီ။ ခုမှ ရောက်လာကြသကိုး'ဟု ပြောရာ

'လမ်းမှာမြွေတွေ့နေလို့ ဦးစံအောင်၊ ဒါ့ကြောင့် ကြာနေတာ'

'ဘယ်နေရာမှာ တွေ့သလဲ။ ဘာမြွေလဲ'

'သဘော်ဆိပ်နဲ့ တဖာလုံသာသာအကွာ လယ်ကန်သင်းမှာ တွေ့တယ်။ မြွေကတော့ မြွေဟောက်ပဲ'

'ဆရာတို့ လိုက်သေးသလား'

'မြွေက အသေကြီးဖြစ်နေတယ်။ ဘယ်လိုက်တော့မလဲ'

'ဟုတ်တယ်။အဲဒီလယ်ကွက်ထဲမှာ မြွေတောက်ကြီးတကောင် ရှိတယ်လို့ ပြောကြတယ်။ ကံကောင်းပေ့ဆရာ၊ ဘယ်သူကများ ရိုက်သတ်သွားသလဲ မသိ'

ဤတွင် ဇနီးဖြစ်သူက ပေဒင်ဆရာပြောတာ မှန်ကန်ကြောင်း ဝင်ပြီး ပြောပါလေတော့သည်။

'ပရိတ်တန်ခိုးကြီးလို့ပေါ့ ဦးစံအောင်။ ကျွန်တော် ကလဲ ပရိတ်ရွတ်လေ့ ရှိပါတယ်။ ပရိတ်သာမရွတ်ပဲနေယင် မြွေအရှင်နဲ့ တွေ့မှာပဲ'ဟု ကျွန်ုပ်က ပရိတ်တန်ခိုးကို ချီးကျူးပြလိုက်၏။

'ဆရာကတော် ပြောတဲ့အတိုင်း ဗေဒင်ဆရာ ဟောတာလဲ မှန်တယ်၊ ဆရာပြောတဲ့အတိုင်း ပရိတ် တန်ခိုးကြီးတာလဲ မှန်တယ်။ နောက်ဆုံးတော့ ဘုရားဟောပရိတ်တန်ခိုးဟာ သာပြီး ကြီးတယ်လို့ ဆိုရမှာပဲ။ မြွေတွေ့ပေမယ့် မြွေအကိုက်မှမခံရပဲကိုး' ဟု ဦးစံအောင်က ဆုံးဖြတ်ချက် ချ၏။

'ကျွန်တော် ပြောချင်တယ် ဦးစံအောင်၊ တောင်သူ လယ်သမားတွေဟာ မြွေရှိတဲ့နေရာကို အမြဲ သွားနေကြ ရတယ်။ ဒီတော့ မြွေအန္တရာယ်ကင်းအောင် ခန္ဓပရိတ်ကို လူတိုင်း အရကျက်ပြီး နေ့စဉ်ရွတ်သင့်တယ်။ ခန္ဓပရိတ်ကို ရွတ်နေမယ်ဆိုယင် လယ်ထဲမှာ လယ်မရိတ်ခင် ဆီးဖြူသီး ကြဲဖို့လဲ မလိုတော့ဘူးပေါ့'ဟု ပြောရာ

'ကောင်းပြီဆရာ။ ကျွန်တော်လဲ လယ်သမားတွေကို နှိုးဆော်ကြည့်အုံးမယ်'

**ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်း**

မှတ်ချက်။ အထက်ပါ ဆောင်းပါးကို ဆရာ ဦးဘသန်း ကိုယ်တိုင် ရေးသားပြီး စာရေးသူအား ချီးမြှင့်ခြင်း ဖြစ်ပါသည်။

# မေတ္တာ

မေတ္တာဆိုတဲ့အသံ ကြားလိုက်ရတာနှင့် အေးမြကြည်လင်သွားပါလိမ့်မယ်။ ကျွန်တော်တို့မြန်မာတွေဟာ 'မေတ္တာ'ကို ဦးထိပ်ထားနေကြသူတွေပါ။ ညတိုင်း၊ နံနက်တိုင်း ဘုရားရှိခိုးတိုင်း

**သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု။**

ဒီလို အမြဲရွတ်ဆို ပို့သကြပါတယ်။ ရတနာမြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ကြသူတိုင်း နှုတ်ကအမြဲ ရွတ်ဆိုပို့သပါတယ်။ ဒါ့ကြောင့် လူသားအချင်းချင်းအပေါ် မေတ္တာစေတနာ ကြီးမားတဲ့နေရာမှာ ကျွန်တော်တို့ မြန်မာတိုင်းရင်းသားတွေဟာ ကမ္ဘာက ပြောစမှတ်ပြုရတဲ့ အထိပါပဲ။ မေတ္တာကြီးမားကြသူများသာ ကမ္ဘာက 'နိုဗယ်'ဆု ပေးမည်ဆိုပါက ကျွန်တော်တို့ မြန်မာတွေချည်း ရလိမ့်မယ်ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုယင်

မြန်မာအဘိုးအဘွားတွေဟာ ပုတီးတကုံးနဲ့ 'ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအများ၊ ကျန်းမာချမ်းသာကြပါစေ' လို့ အမြဲ မေတ္တာပို့နေလို့ပါပဲ။

မေတ္တာသုတ်ထဲက စာပိုဒ်ကလေးတခုကို ရွတ်ပြပါရစေ။

**န ပရောပရံ နိကုဗ္ဗေထ၊**
**နာတိမညေထ ကတ္ထစိ န ကိဉ္စိ။**

**ဗျာရောသနာ ပဋိဃသညာ၊**
**နာည မညဿ ဒုက္ခမိစ္ဆေယျ။**

အဓိပ္ပာယ်ကတော့

တယောက်သောသူက တယောက်သောသူကို အမျက် မထွက်ပါစေလင့်။ တစုံတခုသောအမှုကိစ္စ၌ တယောက် သောသူက တယောက်သောသူကို ညှဉ်းဆဲချုပ်ချယ် သော ကာယကံ ဝစီကံဖြင့် လည်းကောင်း၊ ခိုက်ရန် မျက်ပွား အငြိုးထားသော စိတ်ဖြင့် လည်းကောင်း အနည်ငယ်မျှသော်မျှ မထိမဲ့မြင်မအောက်မေ့ပါစေလင့်။ အချင်းချင်း၏ ဆင်းရဲဒုက္ခကို အလိုမရှိပါစေလင့်။

ဟဲ- ဘယ်လောက်ကောင်းလိုက်တဲ့ တရားပါလဲ။

ကျွန်တော်တို့လည်း ပုထုဇဉ်ပဲ။ တခါတခါ အမျက်ထွက် စရာတွေ သတင်းထောက်တွေမှ ပို့ကြုံရပါတယ်။ မေတ္တာသုတ်ကို

ရှုတ်တဲ့အခါ တိုင်ချင်တောချင်တဲ့စိတ်တွေ ပျောက်လွင့်ကုန်တာ အမှန်ပါပဲ။ ဒါ့ကြောင့် တော်တော်များများကို သတ္တဝါတခု ကံတခုပဲဆိုပြီး ဥပေက္ခာပြုလိုက်တာ များပါတယ်။

## မေတ္တာရဲ့ အကျိုးအာနိသင်

မေတ္တာရဲ့ အကျိုးအာနိသင်နှင့် ပတ်သက်ပြီး တောင်တန်း သာသနာပြု ဆရာတော် အရှင်ဦးဥတ္တမသာရ မိန့်ကြားတော် မူတာကလေး အမြဲစိတ်ထဲထားပြီး ဆင်ခြင်မိပါတယ်။

ဆရာတော် အရှင်ဦးဥတ္တမသာရက

'လူ့လောကမှာ မေတ္တာလောက်တန်ခိုးထက်သော အရာ ဘာမှမရှိဘူး။ မေတ္တာတရားဟာ လောကကြီး တခုလုံးမှာ တန်ခိုးအထက်ဆုံးတရားဖြစ်တယ်။ ချမ်းသာမှု တကာတို့တွင် ဘယ်ချမ်းသာနှင့်မှ မတူဘူးဆိုတာ ကိုယ်တိုင်မေတ္တာတရား ပွားများကြည့်သော သူများမှာ ကောင်းကောင်းကြီး သိသာနိုင်တယ်။

ဘုန်းကြီးနှစ်ပေါင်း ကြာမြင့်စွာ လူသူမနီးတဲ့ တောကြီး တောင်ကြီးထဲမှာ လှည့်လည်သွားလာ နေထိုင်ခဲ့ရာမှ ဘယ်လိုနည်းနှင့်နေသလဲ၊ ဘယ်လိုတရားနှင့် နေသလဲလို့ ဘုန်းကြီးကို မေးလေ့ရှိကြတယ်။ ဘုန်းကြီးနေ

တာကတော့ ဗြဟ္မာ့ဝိဟာရတရားနှင့် နေတာပါ။ ဗြဟ္မာ့ဝိဟာရဆိုတာ မေတ္တာ၊ ကရုဏာ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ တရားလေးပါးပဲ။ ဗြဟ္မာ့ဝိဟာရဆိုတဲ့ စကားဟာ ဗြဟ္မာကြီးတွေရဲ့ နေပုံနေနည်းကို ဆိုတာပါပဲ။ ကမ္ဘာကြီးဖြစ်ပေါ်လာစက လူသတ္တဝါတွေဟာ ဗြဟ္မာ့ဝိဟာရတရားနှင့် စကြရပြီး ကမ္ဘာကြီးပျက်မယ့်အချိန်ကျတော့လည်း ဗြဟ္မာ့ဝိဟာရတရားလေးပါးနှင့်ပဲ ဇာတ်သိမ်းကြရတယ်။

မေတ္တာတရား ဆင်ခြင်ပွားများနေလို့ရှိယင် သူများမချမ်းသာခင် မိမိစိတ်က အရင်ချမ်းသာတယ်။ သတ္တဝါအားလုံး ချမ်းသာကြပါစေလို့ ဆိုရာမှာ သတ္တဝါအားလုံးဆိုတဲ့စကားမှာ လူ၊ နတ်၊ ဗြဟ္မာ၊ အပါယ်လေးဘုံ သတ္တဝါအားလုံး ပါကြတယ်။

နတ်လူသတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။ ပါဠိလိုကတော့

သဗ္ဗေသတ္တာ အဝေရာ၊ (သတ္တဝါအပေါင်းတို့ ဘေးရန်ကင်းကြကုန်သည်) ဟောန္တု၊ (ဖြစ်ပါစေသတည်း)
အဗျာပဇ္ဇာ၊ (စိုးရိမ်ကြောင့်ကြမရှိကြကုန်သည်) ဟောန္တု၊ ဖြစ်ပါစေသတည်း။

လူတွေဟာ စိုးရိမ်ကြောင့်ကြနေလို့ ရှိယင် စိတ်မချမ်းသာဘူး။ အိပ်လို့လည်းမပျော်ဘူး။ နေလို့လည်း မကောင်းဘူး။ ဘယ်နေရာမှ မကြည်လင်ဘူး။ အဲဒီလို စိုးရိမ်ကြောင့်ကြ မရှိစေနိုင်လို့ ကိုယ်ကဆုတောင်းပေးခြင်း၊ သို့မဟုတ် သူ့ကိုဖြစ်စေခြင်း စေတနာ။ အဲဒါက မေတ္တာတပါး။အနီဃာ၊ဆင်းရဲခြင်းမရှိသည်း ဟောန္တု၊ ဖြစ်ပါစေသတည်း။

ဆင်းရဲဆိုယင် ဘယ်ဆင်းရဲမှ မကောင်းဘူး။ အထူးသဖြင့် စိတ်ဆင်းရဲခြင်းဟာ အဆိုးဆုံးပဲ။ အဲဒီလို ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်ကြစေနိုင်လို့ ဆုတောင်းတာလည်း မေတ္တာတပါးပဲ။ သုခိအတ္တာနံ၊ ပရိဟရန္တု။ ချမ်းသာစွာ မိမိကိုယ်ကို ဆောင်ရွက်နိုင်ကြပါစေ၊ ချမ်းချမ်း သာသာ သူ့ဘာသာ သူ့အလိုအလျောက် နေပါစေလို့ ဆိုတာပါပဲ။ အဲဒါလည်းတပါး။ အားလုံးပေါင်း မေတ္တာလေးပါးပဲ။ သတ္တဝါအပေါင်း ချမ်းသာအောင် မေတ္တာလေးပါးကို ဆင်ခြင် ပွားများနေမယ်။

နောက်ပြီးတော့ ဒုက္ခမုစ္စန္တု။ ဒုက္ခဆင်းရဲခြင်း အပေါင်းက လွတ်ကင်းကြပါစေ၊ အဲဒါက ဂရုဏာ။ ယထာလဒ္ဒသမ္ပတ္တိသောမာပိဂစ္ဆန္တု၊ရအပ်ပြီးသောစည်းစိမ်ချမ်းသာ ဥစ္စာတို့မှ မဆုတ်ယုတ်ကြပါစေနိုင်။ အဲဒါက မုဒိတာ။အားလုံးအတိုချုပ် မြန်မာလိုလွယ်လွယ်နှင့် ပွားနိုင်အောင် ဘုန်းကြီးချပေးမယ် လိုက်ဆို။

နတ်လူ သတ္တဝါအားလုံး ဘေးရန်ကြောင့်ကြ ဆင်းရဲ ကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အဲဒီလို ညအိပ်ရာဝင်မှာတခါ၊ နံနက်အိပ်ရာထမှာတခါ ပထမ စိတ်ထဲက (မနောကံ)၊ နောက် နှုတ်က (ဝစီကံ) ရွတ်ဆိုပြီး မေတ္တာပို့ပါ။ ဟိုဟိုဒီဒီခရီးသွားလာတဲ့အခါမှာလည်း ဘေးရန် အန္တရာယ်ကင်းဝေးအောင် မိမိရှေ့တူရူရှိရာအရပ်မှ နတ်လူသတ္တဝါအားလုံး ချမ်းသာကြပါစေ။ မိမိနောက်တူရူရှိရာအရပ်မှ နတ်လူသတ္တဝါအားလုံး ချမ်းသာကြပါစေ၊ တဖန် ငါ၏ဝဲယာ၌ရှိကုန်သော နတ်လူသတ္တဝါအားလုံး ချမ်းသာကြပါစေလို့ ရွတ်ဆိုရည်မှန်းပြီး မေတ္တာပို့ရမယ်။

ပထမတော့ စိတ်ထဲက၊ နောက် အသံထွက်ပြီးလို့ အရှိန်ရလာတဲ့အခါမှာ စိတ်ထဲက လိုက်လိုက်လှဲလှဲဖြစ်လာပြီး တကယ့်မနောကံစေတနာနှင့် မေတ္တာစစ်မေတ္တာမှန်ပို့တာ ဖြစ်သွားပါလိမ့်မယ်။

ဘုန်းကြီးဟာ တောကြီးတောင်ကြီးမှာ တခါတရံ ညဥ့်နက်သန်းခေါင် မှောင်မိုက်ကြီးထဲ တောင်ငှေးကို အဖော်ပြုပြီး တပါးတည်း သွားရတယ်။ ဘယ်သားရဲ တိရစ္ဆာန်၊ ဘယ်ရန်သူနှင့်မှ မတွေ့ဖူးဘူး။ တောတောင်ထဲမှာ ကျားအလွန်ပေါတယ်။ နေ့ခင်းကြောင်တောင်မှာတောင် သေနတ်ထမ်းပြီးသွားတဲ့လူတွေ ကျားဆိုးနှင့်

မကြာမကြာ ရင်ဆိုင်တွေ့ကြရတယ်။ တကယ်လို့ ဘုန်းကြီးဟာ ကျားနှင့်တွေလို့ ကျားအစားကိုခံရမယ်ဆိုယင် ကျားအစား ခံရပေါင်း အကြိမ်တရာ မကတော့ဘူး။ ကျားများကတော့ ဘုန်းကြီးကိုမြင်ကြမှာပဲ။ သို့သော်လည်း မေတ္တာစိတ်ကြောင့် ဘုန်းကြီးကို ကျားတွေက ရှောင်ရှားပေးကြတယ်လို့ ဆိုရမှာပဲ။

ဒါ့ကြောင့် မေတ္တာတရားလောက်ကောင်းတာ လူ့လောကထဲမှာ ဘာမှမရှိဘူး။ကိုယ်ကသာ မေတ္တာထား။ အဲဒီလို မေတ္တာထားလို့ တဖြည်းဖြည်း ခိုင်မာ ရင့်ကျက်လာပြီဆိုယင် မေတ္တာရဲ့တန်ခိုး၊မေတ္တာရဲ့အကျိုးအာနိသင်ဟာ ရလာပါလိမ့်မယ်။

ဥပမာ ကိုယ့်ကို တစုံတယောက်က လာပြီးရန်မူတယ်ဆိုပါတော့။ ရန်မူတဲ့ လူကို စိတ်က ညွတ်ပြီး တကယ်ချမ်းသာစေလိုတဲ့စေတနာနဲ့ လှိုက်လှိုက်လှဲလှဲ မနေ့ာကံနဲ့နေပြီး မေတ္တာ ပို့ရတယ်။ တကယ် ချမ်းသာစေလိုတဲ့ စေတနာထဲမှာ ဒေါသ စိတ် မဝင်စေနဲ့။ ဝင်လာယင် ဒေါသကို ပယ်ထုတ်။

အဲဒီလိုပယ်ထုတ်နိုင်ယင် ကိုယ်ကနိုင်ပြီမှတ်။အဲဒီလူက မိမိကို တဖြည်းဖြည်း ချစ်ခင်လာလိမ့်မယ်။သူ ပြောမှားဆိုမှား ရှိတာတွေကို လာပြီး တောင်းပန်လိမ့်မယ်။ သူတော်ကောင်း ဆိုတာ မေတ္တာ တရား လက်ကိုင်ထား

ရတယ်။ ဘာပဲ ဖြစ်ဖြစ် မေတ္တာတရားကို လက်ကိုင်ထား ရတယ်။ မေတ္တာတရား လက်ကိုင်မထားပဲ အခြားနည်း လက်ကိုင်ထားယင် မှားရော။ မေတ္တာ တရားလောက် ကောင်းတာ လောကမှာ ဘာမှမရှိဘူး။

၂၉-၁-၇၁နေ့ညတွင်ရန်ကုန်မြို့၊ပုဇွန်တောင်၊မဟာသုခလမ်း၊ ဦးလေး ဓမ္မဃောသက ဦးမောင်မောင် နေအိမ်တွင် ဆရာတော် အရှင်ဦးဥတ္တမသာရကိုယ်တိုင် ပရိတ်တရားတော် ရွတ်ဆို ချီးမြှင့် ယင်း 'မေတ္တာပို့နည်း'မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါတယ်။

'ရတနာရှိရာရတနာစု' ဆိုတာလို ဘုရားရတနာ၊ တရားရတနာ၊ သံဃာ ရတနာ ရတနာ ရှိရာ အရပ်တွေ စာရေးသူ သွားရောက် ကြည်ညိုမှတ်သားနာယူရာမှ စုစည်းရမိခြင်း ဖြစ်ပါတယ်။

# သံဃာရတနာ

ဘုရားရှင်၏ တပည့်သား ဖြစ်ကြကုန်သော အရိယာ သံဃာတော်၊ သမ္မုတိ သံဃာတော်တို့သည် သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော် ကိုးပါးနှင့်ပြည့်စုံတော်မူကုန်၏။ ပဋိသမ္ဘိဒါပတ္တဂုဏ်၊ ဆဠာဘိညဂုဏ်၊ တေဝိဇ္ဇာဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်၏။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာ ဂုဏ်တို့နှင့် ပြည့်စုံတော်မူကုန်၏။ ဘုန်းတန်ခိုး အာနုဘော်ကြီးမားတော်မူကုန်၏။

[သီရိမင်္ဂလာ ပရိတ်တော်၊ စာမျက်နှာ ၄၃၁ မှ]

## လှူပုံတော်ပတ္တမြား ဦးမောင်ခမောင်

သံဃာတော် မြတ်များကို ရိုသေမြတ်နိုးတဲ့နေရာမှာ လှူပုံတော် ပတ္တမြားဦး ခမောင်မောင်ကို စံပြုချင်ပါတယ်။ ဦးမောင်မောင်ဟာ

လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅ နှစ်လောက်က ရန်ကုန်မြို့ ဖ-ဆ-ပ-လ ကွက်သစ်မှာ နေရပါတယ်။ ဆင်းဆင်းရဲရဲပါ။

သူ့အိမ်ဟာ မိုးမလုံလေမလုံ ခနော်ခနဲ့နှင့် အိမ်အိုကလေးမှာ နေရတုန်းအချိန်က သူကိုယ်တိုင် ဖော်စပ်တဲ့ ဆေးတွေကိုလည်း လှည့်လည်ပြီး ကြော်ငြာမောင်းခတ်ရောင်းနေတဲ့ အဆင့်လောက်ပဲ ရှိပါသေးတယ်။ ဦးမောင်မောင်အိမ်ဘေး၊ အိမ်အောက်တွေမှာ ရေဆိုးတွေ ဝပ်ပြီး နေရတဲ့ အချိန်မှာ ဦးမောင်မောင်တို့ ဇနီးမောင်နှံဟာ ကျိုးတိုး ကျဲတဲ ဝါး ကွပ်ပျစ် ကလေး ပေါ်မှာ သင်ဖျာ ခင်းပြီး မစိုးရိမ် ဆရာတော်ကို ဆွမ်း ကပ်လှူကြတယ်။

ဆရာတော်ဟာ အိမ်အခြေအနေကြည့်ပြီး

'မင်းတို့ ကပ်တဲ့ ဆွမ်း စားရတာ မျိုမကျပါဘူးကွာ။ မင်းတို့ကို ငါ မေတ္တာပို့အုံးမယ်'လို့ အမိန့်ရှိပါတယ်။

အဲဒီနောက်ပိုင်းမှာ လှူပုံ့တော်ပေတ္တမြား ဦးမောင်မောင်ဟာ တနေ့တခြား ကြီးပွားတိုးတက်လာပါတယ်။ ကြီးပွားလေ သံဃဝေယျာဝစ္စလုပ်လေ၊ သံဃဝေယျာဝစ္စ လုပ်လေ ကြီးပွားလေ ဖြစ်နေပါတယ်။ ဦးမောင်မောင်ကလည်း သံဃ ဂုဏ်တော် တန်ခိုးကြောင့် စိတ်ချမ်းသာကိုယ်ချမ်းသာနှင့်နေရ ထိုင်ရတယ်လို့ ယုံကြည်ထားပါတယ်။

တနေ့တော့ ဦးမောင်မောင်ဟာ မစိုးရိမ် ဆရာတော်ကို

'တပည့်တော် ကြီးပွားတာဟာ ဆရာတော်တို့ကြောင့် ဖြစ်ပါတယ်ဘုရား'လို့ လျှောက်ထားတယ်။ ဒီနေရာမှာ ကျွန်တော်တို့

ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးဟာ ဂုဏ်ပကာသန၊ ဟိတ်ဟန်တွေ၊ မာနတွေ မရှိလေတော့ ဆေးပြင်းလိပ်ကို ပြာချ ပါယင်း ပြုံးသတဲ့။

'ဒီလို တိုက်ဆိုင်မှုကလေးတွေရှိနေလို့ ဘိုးတော်အမည်ခံတွေ ဘာသာနေကြတာပေါ့ကွာ' လို့ တိုတိုပဲ အမိန့်ရှိပါတယ်။

## သံဃာ ဘုန်းကံ

သံဃာဘုန်းကံဟာ ကြီးမားလှပါတယ်။ သံဃာတော်မြတ်များကို ကြည်ညိုစွာလောင်းလှူကြသူတိုင်း ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုကို ရကြပြီး ကိုယ်စိတ်နှစ်ဖြာချမ်းသာမှုနှင့် နေထိုင်ကြရသူတိုင်းဟာ သံဃာတော်များကို လောင်းလှူကြတာ တွေ့ရပါတယ်။

စာရေးသူရဲ့သူငယ်ချင်းတယောက်က သံဃာတော်အရှင်မြတ် များအပေါ် ဆွမ်းကျွေးဒါနပြုနည်းကလေး မှတ်ရဖူးပါတယ်။ သူပြောတဲ့အတိုင်း တင်ပြရသော်

'ဒါနဆိုတာ ပါရမီတခုပေါ့ သူငယ်ချင်းရဲ့။ ကိုယ့်မိန်းမနဲ့ တိုင်ပင်မိတယ်။ ဘုန်းကြီး ဆွမ်းကျွေးရအောင်လို့ တိုင်ပင်တိုင်း နေစမ်းပါအုံး၊ ဘာ လိုသေးလို့၊ ဘယ်သူ မအားသေးလို့၊ ငွေက နည်းသေးတယ် စသည်ဖြင့်ပေါ့။ ဆွမ်းကျွေးတခု ဖြစ် မြောက်အောင် မနည်း ကြိုးစားလုပ်ယူရတယ်။ ခုတော့ ကိုယ် ခရီးသွားတိုင်း ဆွမ်းကျွေးအလှူလုပ်နိုင်ပြီသူငယ်ချင်း။ ဘာလဲ၊

ခရီး သွားယင်းတောင် ဆွမ်း ကျွေးနိုင်တယ် ဆိုလို့ မင်းက အံ့ဩသလား။ လွယ်ပါတယ် သူငယ်ချင်းရာ။ ကိုယ် ရန်ကုန်ကို ခရီးထွက်တယ် ဆိုပါတော့။ ကားပေါ်မှာ ဘုန်းကြီး တပါး၊ နှစ်ပါးတော့ အနည်းဆုံး ပါတယ်ကွ။ ကုသိုလ် မကောင်းတဲ့ အခါ တပါးမှ မတွေ့ရတာ ကြုံရသေးသပေါ့ကွာ။ အဲဒီလို ခရီးသွားယင်း ဘုန်းကြီး တပါးဖြစ်ဖြစ်၊နှစ်ပါးဖြစ်ဖြစ်ပေါ့ကွာ။ သိပ်များယင်တော့ မလုပ်နိုင်ဘူးပေါ့။ အဲဒီဘုန်းတော်ကြီးတွေ ကို သူတို့ နှစ်သက်သလောက် သူတို့ ဘာသာ စိတ်တိုင်းကျမှာ ဘုဉ်းပေးနေတာကို အသာကြည့်၊ ပီတိဖြစ်ပြီး သူတို့ ဆွမ်းဖိုး ရှင်းခါနီးကျတော့ အဲဒီဘုန်းကြီးရှေ့မှောက် သွားပြီး ဝတ်ပြု၊ တပည့်တော် ဆွမ်းဒကာ ခံပါရစေ ဘုရား လျှောက်တည့်ပြီး ဆွမ်းဖိုးရှင်း၊ ဆွမ်းကပ်လှူလိုက်တာပေါ့ကွာ။ ကဲ၊ ငါ့ဆွမ်းကျွေး အလှူ ဘယ်လောက် ဝန်ကျဉ်းတုံး'

စာရေးသူတို့ မကွေးမှာတော့ လဆန်းရက်တိုင်း လစဉ် ဝတ် မပျက် သံဃာတပါး တတ်နိုင် တတ်နိုင်၊ နှစ်ပါးတတ်နိုင် တတ် နိုင် ဆွမ်းဖိတ်ပြီး ပရိတ်တရား နာလေ့ရှိတာ လူခြောက်ဦး လောက် တွေ့ရပါတယ်။ လဆန်းရက် (မြန်မာ လဆန်းတရက် နေ့)တိုင်း မပျက်မကွက် ဘိုးစဉ် ဘောင်ဆက်က အတိုင်း လုပ် လာတဲ့ အလေ့ ရှိပါတယ်။

ငွေကြေးအဆင်ပြေတဲ့အခါ ၁၀ ပါး ၁၅ ပါး ပင့်ဖိတ်ပြီး ကျကျနန ဖွယ်ဖွယ်ရာရာ လုပ်ကြတာပေါ့။ အဆင်မပြေတဲ့အခါ တပါး နှစ်ပါးပေါ့။ လဆန်းတရက်နေ့တိုင်း အဲဒီ နေ့မှာ ဖြစ် ချင်တာဖြစ် ဆွမ်းကျွေး၊ ဒါမှ မဟုတ် အိမ်မှာ ဘိလပ်ရည်

တပုလင်း ငှက်ပျောတဖီးနဲ့ဖြစ်ဖြစ် လုပ်ဖြစ်အောင် လုပ်တာ တွေ့ရပါတယ်။

ဘာပဲပြောပြော ရတနာသုံးပါးကို မမေ့ဘူးဆိုတဲ့အသွင်ကို ဆောင်တာပါပဲ။ နေ့စဉ် အိမ်မှာ သံဃာ တပါးနှစ်ပါး ဆွမ်း လောက်ကတော့ အိမ်တိုင်းလိုလိုလောက် ဖြစ်ပါတယ်။

ပြီးတော့ 'လစဉ်ဆွမ်းဝတ်'ဆိုတာ ရှိပါသေးတယ်။အဲဒါက ဘုန်းကြီးကျောင်း တကျောင်းကို အပည့်တော် အရှင်ဘုရားတို့ ပေးတဲ့ရက်ကို ဆွမ်းပို့ပါရစေလို့ လျှောက်ထား ရပါတယ်။ ဆရာတော်က မှတ်တမ်းဇယားရှိပါတယ်။ လဆန်း ၁ ရက်နေ့ ဘယ်သူ့ အိမ်၊ လဆန်း ၂ ရက်နေ့ဘယ်ဝါ့အိမ် ဆိုတာ။ ရတဲ့ နေ့ကို မှတ်ထားပြီး ဥပမာ လဆန်း ၁၂ ရက်နေ့ ဆွမ်းလှည့် ဆိုပါက ၁၁ ရက်နေ့တွင် ကျောင်းမှ ကျောင်းသားတယောက် က ဆွမ်းဟင်းထည့်စရာ၊ ဆွမ်းထည့်စရာ ချိုင့်များ လာပို့ပါ တယ်။ နောက်တနေ့နံနက်စောစော အရုဏ်ကပ်ချိန်မှာ ဆွမ်း ဟင်းနှင့် ဆွမ်းချိုင့်တွေ ကျောင်းက ကျောင်းသားက လာယူ တာ ဖြစ်ပါတယ်။ အဲဒါ့က လစဉ်ဆွမ်းဝတ်။

နေ့စဉ် သံဃဒါန ဆွမ်းလောင်းအသင်း ရှိပါသေးတယ်။ မကွေးမှာ သံဃာ အပါး ၃၀၀ ကျော် ရှိပါတယ်။ နံနက် လေးနာရီထိုးတာနှင့်တပြိုင်နက် သံဃ ဆွမ်းလောင်းရုံမှာ တမြို့ လုံးကရှိတဲ့ သံဃာတော် အရှင်မြတ်များ လာရောက် ဆွမ်းခံပါ တယ်။ နေ့စဉ်ဆွမ်းလောင်းအသင်းဟာ ကျကျနန လောင်းလှူ တာ ဖြစ်ပါတယ်။ အဲဒါလည်း လှူချင်ယင် ရက်ကြိုပြီး တောင်း ရပါတယ်။ နေ့စဉ် ဆွမ်းလောင်းတာ ပျက်တဲ့ရက်ရယ်လို့ မရှိ

ပါဘူး။ နေပူပူ၊ မိုးရွာရွာ၊ လေတိုက်တိုက်၊ နေ့စဉ် ဆွမ်းလောင်းတဲ့ ကိစ္စကတော့ အဆင်ကို ပြေနေပါဘယ်။ မိမိကိုယ်တိုင် ချက်ချင်ယင်လည်း ရပါတယ်။ မချက်နိုင်ယင်လည်း ငွေပေးလိုက်တာ ါပဲ။ ဆွမ်းလောင်းရဲ့ အသင်း ကြီးကြပ်မှု ကော်မတီက ဆွမ်းချက် လုပ်သားကြီးများ လပေးစနစ်ဖြင့် ငှားထားပြီး အဆင်သင့် ရှိပါတယ်။

နေ့စဉ် သံဃဒါန ဆွမ်းလောင်း အသင်းဟာ မကွေးမှာ ၁၉၅၉ ခုနှစ်ကစပြီး အကောင်အထည် ဖော်ခဲ့ပါတယ်။အခုဆိုယင် ဦးတင်မောင်၊ ဦးညိုတုတ်၊ ဦးခင်မောင်ထွန်းတို့ ဆွမ်းလောင်းအသင်း လူကြီးများက ဝိုင်းဝန်း ပူးပေါင်းပြီး ကြိုးစားပမ်းစား လုပ်ကိုင်လာမှုကြောင့် မကွေးမြို့ သံဃဒါန ဆွမ်းလောင်းရဲ့ အဆောက်အအုံကြီးဟာ ခေတ်မီ သပ်ရပ်တဲ့ အပြင် ငွေနှစ်သိန်းနီးပါး ကုန်ကျခံ၍ လုပ်ထားတာကြောင့် မြို့ကျက်သရေဆောင် ဖြစ်နေပါပြီ။

ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာတော်ကြီး အရှည်တည်မြဲအောင် သာသနာ့ဝန် ထမ်းနေကြတဲ့ သံဃာတော် အရှင်မြတ်များကို ကြည်ညိုသဒ္ဒါပွားရာမှ သဒ္ဓါတရား စင်ကြယ်ယင် စင်ကြယ် သလောက် ကောင်းသောအကျိုးကို ရကြတာ အမှန်ပါပဲ။

# ဆရာတော် သံဃာတော်များနှင့် ဩဝါဒကထာ အဆိုအမိန့်များ

ဆရာတော်သံဃာတော် အရှင်မြတ်များရဲ့ ဩဝါဒကထာ အဆိုအမိန့်များဟာ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကိုသာ ဟောခဲ့ပြောခဲ့ပေမယ့် ယင်းဩဝါဒကထာ အဆိုအမိန့်များကို ကြားနာရသူတို့အဖို့ အင်မတန် တန်ဖိုးရှိလှပါတယ်။

ဒါ့ကြောင့် ဆရာတော် သံဃာတော်အရှင်များရဲ့ ဩဝါဒ အဆိုအမိန့်များကို လက်လှမ်းမီသမျှ၊ ဖတ်မိသမျှ၊ မှတ်မိသမျှတို့ကို ပြန်လည်ဖောက်သည်ချပါရစေ။

## ဘုန်းကြီးကောင်းတွေ ထိအောင် မရေးနိုင်

ညောင်လေးပင် တောရ ဆရာတော် ဘုရားကြီးသည် တပည့် တပန်းများနှင့်အတူ မီးရထားနှင့် မန္တလေးမြို့သို့ ခရီးထွက်လာပါသည်။

ထိုစဉ်က တက်ဘုန်းကြီးသိန်းဖေ (သိန်းဖေမြင့်)၏ တက်ဘုန်းကြီးစာအုပ် ဂယက်ဟာ လူပြော သူပြော များနေသည့် အချိန် ဖြစ်ပါသည်။

ညောင်လေးပင် တောရဆရာတော်ကြီးသည် ရထားပေါ်၌ တက်ဘုန်းကြီးစာအုပ်ကို ကျောင်းသား တယောက်ကို အဖတ်ခိုင်းကာ နားထောင်နေ၏။ အစအဆုံး စာအုပ် ဖတ်ပြတာပြီးတာနှင့် တပြိုင်နက် ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီး မိန့်တော်မူလိုက်တာက

'တို့ဘုန်းကြီးကောင်းတွေ ထိအောင် မရေးနိုင်ပါဘူးကွာ' ဟူ၏။

## တပါးတည်း နေရတာ မကြောက်ဘူးလား ဘုရား

သာလွန်မင်းတရားကြီးလက်ထက် တောင်ဖီလာ ဆရာတော်သည် စာပေကျမ်းဂန် ဝိနည်းတော်များ ရေးသားသောကြောင့် ဂုဏ်သတင်း ကျော်စော၏။ မင်းဆရာ ဖြစ်သော ကြောင့်လည်း တောင်ဖီလာဆရာတော် ကြွလေရာ ပရိသတ်မစဲ တသဲသဲဖြစ်၏။

တနေ့သောအခါ တောင်ဖီလာဆရာတော်သည် ပခန်းကြီး မြောက်ဘက်တွင် တပါးတည်း တောရဆောက်တည် တရား အားထုတ်နေသော ရွှေဥမင် ဆရာတော်ဘုရားထံ နောက်လိုက် နောက်ပါတပည့်တပန်းများနှင့် တခမ်းတနားကြွရောက်လာ၏။

တောင်ဖီလာဆရာတော်က ရွှေဥမင် ဆရာတော်ကို ဤသို့ မေးလျှောက်၏။ 'အရှင်ဘုရား၊ တပါးတည်း တောထဲ တောင် ထဲမှာ နေရတာ မကြောက်ဘူးလား ဘုရား'

သည်တော့ ရွှေဥမင် ဆရာတော်ဘုရားက

'ကျုပ် ကြောက်လို့ တပါးတည်း နေတာပေါ့'ဟု မိန့်ဆို လိုက်၏။

ရွှေဥမင် ဆရာတော်ဘုရား၏ လေးနက်သော အဖြေကြောင့် တောင်ဖီလာဆရာတော်သည် သတိတရား ရသွား၏။ တပည့် တပန်းများကို နေပြည်တော်သို့ ပြန်လွှတ်ပြီး တောင်ဖီလာ တောရတွင် တပါးတည်း ကေစာရီကျင့်ကြံ တရား အားထုတ် နေလေ၏။

## ကိုယ်အတာ လူသိတာပေါ့

တခါက၊ ရှင်မဟာဗုဒ္ဓဃောသဦးဘာသန်း ရဟန်းဝတ်နေစဉ်က ကျောင်းထိုင် ဘုန်းကြီးတပါးထံမှ ဘုန်းကြီးပင့် စာတစောင် ရောက်လာ၏။ ဘုန်းကြီးပင့်စာမှာ

'အရှင်ဘုရား၊ နယုန်လဆုတ် ၁၁ ရက်နေ့ နေ့ဆွမ်း ဘုဉ်းပေးရန် တပည့်တော်ကျောင်းသို့ ကြွပါရန်'

ကျောင်းကို ရပင့်နှင့်မကျောင်းပဲ ရရစ်နှင့် ကြောင်းထား သောကြောင့် ရှင်မဟာဗုဒ္ဓဃောသ ဦးဘသန်းက ဘဝင်မကျ ဖြစ်နေ၏။

တနေ့ ထိုဘုန်းကြီးနှင့်တွေ့၍ 'ကိုယ်တော်၊ စာရေးတဲ့အခါ သတ်ပုံကိုတော့ ဂရုစိုက်ဖို့ ကောင်းတယ်။ ကိုယ်တော့် ဟာက ရပင့်ကျောင်းကို ရရစ်ကြောင်းထားတာ မကောင်းဘူး'

'အိုဗျာ၊ ရရစ်ကြောင်းလဲ ဘယ်သူကမှ ဇရပ်လို့ မဖတ်ပါ ဘူး'

'ဘယ်သူမှတော့ ဇရပ်လို့ မဖတ်ဘူးပေါ့ ဘုရာ့၊ ဒါပေမယ့် ကိုယ်အတာ လူသိတာပေါ့' ဟူ၏။

## ခင်ဗျားမှာ သမီးရှိတာကိုး ဗျ

တခါက စာရေးဆရာကြီး ဦးကြည်မြ မေမြို့မှာ နေထိုင်စဉ် သူ၏ ချစ်လှစွာသော သမီးကလေးတယောက် သေဆုံးသွား၏။ သမီးအတွက် သောကမီးလောင်ကာ သုသာန်သို့ပင် တနေကုန် သွားရောက် ငေးမောနေသည်ဆို၏။

ထိုစဉ် မေမြို့သို့ ဝေဘူဆရာတော်ဘုရားကြီး ကြွလာတော်မူသည့် သတင်း ကြားသိရသောအခါ ဇနီးဖြစ်သူက အပူငြိမ်းအောင် ဝေဘူဆရာတော်ဘုရားကြီးထံ တရားနာ စေလွှတ်၏။

ဆရာ ဦးကြည်မြသည် ဝေဘူ ဆရာတော် ဘုရားကြီးအား ရှိသေစွာဝတ်ပြုလျက် 'အရှင်ဘုရား၊ တပည့်တော်သမီးကလေး သေဆုံးသွားလို့ သောကမီး တောက်လောင်နေပါတယ်ဘုရား။ ဒါကြောင့် တရားရေအေး တိုက်ကျွေးတော်မူပါဘုရား'

ထိုအခါ ဝေဘူဆရာတော်ဘုရားကြီးက

'ခင်ဗျားမှာ သမီးရှိတာကိုးဗျ'

တိုတို တုတ်တုတ် မိန့်တော်မူလိုက်၏။ ဆရာတော်ဘုရားကြီးထံပါးမှ အိမ်သို့သာပြန်ခဲ့ရသည်။ ဘဝင်မကျလှ။ အိမ်ရောက်မှ အထပ်ထပ် စဉ်းစားမှ ခပ်ရေးရေး သဘောပေါက်လာ၏။

'ဪ၊ ဆရာတော် ဘုရား အမိန့်ရှိတာ ဟုတ်ပေသားပဲ။ ငါ့မှာ သမီးရှိလို့ သမီးအတွက် ပူရတာကိုး။ အင်း၊ ကားရှိတဲ့လူ ကားအတွက်ပူရ၊ မော်တော်ရှိတဲ့လူ မော်တော်အတွက်ပူရ။ ပိုင်ဆိုင်မှုဟူသမျှ ပူရတာချည်းပါတကား'

## သည်နေရာမှာ ရေကူးတတ်ဖို့လိုတယ်

နိုင်ငံကျော်စာရေးဆရာမကြီးဒေါ်ခင်နှင်းယုသည် သိမ်ဖြူ ဆေးသိပ္ပံ ဆရာတော်ထံ ဆေးကုသခံနေ၏။ တနေ့ ဆေးစစ်လာစဉ်

ဆရာတော်က သေချွးစမ်းကြည့်၏။ သက်သာပျောက်ကင်းရမည့် အစား ပိုဆိုးလာ၍ ဆရာတော်၏ စိတ်ထဲ စနိုး စနောင့် ဖြစ်သွား၏။

'ဒကာမကြီး ဒီကိုမလာခင် ဘာဟင်းတွေနဲ့ စားခဲ့သလဲ'ဟု မေး၏။

ဒေါ်ခင်နှင်းယုက

'တပည့်တော် ငါးသလောက်ဟင်းနဲ့ ပုန်းရည်ကြီး စားလာပါတယ်ဘုရား'ဟု လျှောက်ထားသောအခါ သိမ်ဖြူဆရာတော်သည် သောက်လက်စ ဆေးပြင်းလိပ်ကို တရှိုက်မျှ ဖွာလိုက်ပြီး ပြုံးတော်မူ၏။

'ဒကာမကြီးကို ပုံပြင်တခုပြောရအုံးမယ်။ တခါတုန်းကပေါ့။ ကုတ္တိုသမားတယောက်ရှိဘယ်။ သူဟာ မြစ်တဘက်ကမ်းကနေ တဘက် ကမ်းကို ခရီးသည်တွေ တင်ပြီး ပို့ပေးနေရတယ်။ မိုးရာသီ တနေ့မှာတော့ ခရီးသည် များများစားစား မရှိဘူး။ ဆာဒူးကြီး တယောက်တည်း သူ့ လှေပေါ် ပါလာတယ်။ ဆာဒူးကြီးဟာ အကျင့်သိက္ခာနဲ့ပြည့်စုံပြီး စာလည်းတတ်သတဲ့။ ကုတ္တိုသမား ကလည်း သူ့ သမ္မန်ကို ကျွမ်းကျွမ်း ကျင်ကျင်နဲ့ လှော်ခတ်လာတယ်။ ဆာဒူးကြီး ငြိမ်ငြိမ် သက်သက်နဲ့ ထိုင်နေရာက ကုတ္တိုသမားကို လှမ်းမေးတယ်။ 'မင်း စာဘတ်ရဲ့လား' တဲ့။

ကုတ္တိုသမားက စာ မတတ်ပါဘူးဟု ရိုးရိုးသားသား ပြန်ပြောသတဲ့။

အဲဒါနဲ့ ကုတ်သမ္မန်လဲ မြစ်လယ်ရောက်ရော၊ မမျှော်လင့်ပဲ ကောင်းကင်မှာ မိုးသားတွေမည်းလာပြီး လေကျလာတော့မယ့် အရိပ် အရောင် ပေါ်လာတယ်။ သည်တော့ သမ္မန် သမားက ဆာဒူးကြီးကို လှမ်းမေးတယ်။

'ဆာဒူးကြီး ရေကူးတတ်ရဲ့လား'

ဒီတော့ ဆာဒူးကြီးက ရေ မကူးတတ်ဘူးလို့ ပြန်ဖြေတယ်။ ဒါနဲ့ သမ္မန်သမားက 'ဆာဒူးကြီး၊ ဆာဒူးကြီးဟာ တရားမှေ့လဲ အားထုတ်နေသူမို့ ကျွန်တော် အများကြီးကြည်ညိုပါတယ်။ စာလဲ တတ်သိနားလည်သူမို့ အများကြီး လေးစားပါတယ်။ ဒါပေမယ့် ခုတော့ဖြင့် မြစ်လယ်မှာ မုန်တိုင်း ကျပါတော့မယ်။ သမ္မန် မနစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်။ မတော်လို့ သမ္မန်နစ်ယင်တော့ ဆာဒူးကြီးရေ၊ ဒီနေရာမှာ စာတတ်ဖို့ထက် ရေ ကူးတတ်ဖို့ အရေးကြီးပါတယ်။ ဒါမှ ဒီ မိုးသက်မုန်တိုင်း ဘေးက လွတ်မှာ'လို့ ပြောသတဲ့။ အေး၊ ခုလဲ ဒကာမကြီးဟာ စာတွေရေးတတ်ပြီး ကလောင်တချောင်း ပိုင်ပေမယ့် အခု မြစ်လယ်ကို ကူးနေရပြီ။ မိုးသက်မုန်တိုင်းလဲ ကျနေပြီ။ ဒီနေရာမှာ စာတတ်ဖို့ထက် ရေကူးတတ်ဖို့ လိုတယ်နော'

ဟု မိန့်ဆိုပါသတည်း။

ဂ[ ဒေါ်ခင်နှင်းယု ဂုဏ်ယတိုင် ရေးသားသော မဟာစည် စာမွန်ဦး ဆောင်းပါးမှ ကူးယူ ဖော်ပြပါသည်။ စာရေးသူ ]

## သက်စေ့ဆွမ်း

- တနေ့။ ရန်ကုန်မြို့ ဆုတောင်းပြည့် ကျောင်းတိုက် ဆရာတော်ဘုရားကြီးထံ အသက် ၃၅ နှစ်ခန့်ရှိ ဒကာမ တဦး ရောက်လာသည်။

'ဒကာမကြီး ဘာကိစ္စလဲ'

'တပည့်တော်မအိမ် ဆွမ်းစားပင့်ချင်လို့ပါဘုရား'

'အော်၊ အင်း အင်း၊ သံဃာဘယ်နှစ်ပါး ကြွရမလဲ'

'တပည့်တော်မ သက်စေ့ ပင့်ချင်ပါတယ်။ အရှင် ဘုရားတို့ကျောင်းမှာ သံဃာ ဘယ်နှစ်ပါး ရှိပါသလဲဘုရား'

'ရှိပါတယ်ဒကာမကြီး၊ဒကာမကြီးသက်စေ့က ဘယ်လောက်တုံး'

'သက်စေ့ ခုနစ်ဆယ်ပါဘုရား။ဒါကြောင့် အပါးခုနစ်ဆယ် ပင့်ချင်ပါတယ် ဘုရား'

ဒါယိကာမကြီးအဖြေကြောင့် ဆရာတော်ကြီးစိတ်ထဲ ဇဝေဇဝါ ဖြစ်သွားသည်။သည်ဒါယိကာမ အရွယ်ရှိလှ အသက် ၃၀ ကျော်ပါ။ သက်စေ့အပါး ခုနစ်ဆယ် ပင့်တာ ဘယ်လိုများပါလိမ့်။

'နေစမ်းပါအုံး ဒကာမကြီးရဲ့၊ ဒကာမကြီး ပင့်ချင်တဲ့ သက်စေ့ သံဃာအပါး ခုနစ်ဆယ် ဒီကျောင်းနဲ့တင် ရနိုင်ပါတယ်။ ဘုန်းကြီးတို့ကျောင်းမှာ သံဃာ အပါး တရာ ကျော်တောင် ရှိဘာပါ၊ ဒါနဲ့ ခုသက်စေ့ပင့်တာ ဘယ်သူ့သက်စေ့ပါလိမ့်'

'တပည့်တော်မတို့ သက်စေ့ပါဘုရား'

'ဒကာမကြီး အသက် ခုနစ်ဆယ် ရှိပြီလား'

သည်တော့ ဆွမ်းပင့်လာသူ ဒါယိကာမကြီးက ပြုံးစိစိဖြင့်

'တပည့်တော်မအသက်က ၃၅ နှစ်ပါဘုရား။ တပည့်တော်မ ခင်ပွန်းက ၃၅ နှစ်ပါဘုရား။ နှစ်ယောက် ပေါင်း အသက် ခုနစ်ဆယ်မို့ သက်စေ့ခုနစ်ဆယ် ပင့်တာပါ ဘုရား'

သည်တော့မှ ဆုတောင်းပြည့် ဆရာတော်ကြီး သဘော ပေါက်ကာ ပွင့်ပွင့်လင်းလင်း၊ ဘွင်းဘွင်း ရှင်းရှင်းကြီး မိန့် တတ်သူ ပီပီ

'အောင်မာ၊ ဒကာမကြီးတို့က လူချင်း ပေါင်းရတာ အားမရလို့ အသက်ချင်းတောင် ပေါင်းကြပြန်သကိုး။ ကဲပါ ဗျာ၊ ရပါတယ်၊ ရပါတယ်'ဟု မိန့်တော် မူလိုက်သောအခါ ဘုန်းကြီးပင့်လာသူ ဒါယိကာမသည် လက်ကိုင်ပဝါဖြင့် ပါးစပ် ကို ပိတ်လျက် ရှက်ပြုံး ပြုံးကာ ကသောကမျော ဝတ်ပြု ဆင်းသွားသော ဟူ၏။

## ရေချိုးမှားလို့သေတဲ့ မသာသာ တွေ့တယ်

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးသည် ရေကြောက်တော်မူ၏။ တနှစ်လုံးမှတကြိမ်လောက်သာ ရေချိုးတော်မူသည်ဟုဆို၏။ ဆရာတော်ရေချိုးသည့်ရက်ကတော့ သင်္ကြန်ရက်ဒါယကာဒါယိကာမတွေ ရေလှူကန်တော့လာသည့် အတက်နေ့ တရက်တည်းသာ ဖြစ်၏။

တနှစ်လုံးမှ တကြိမ်သာရေချိုးသောဆရာတော်ကို ကျောင်းသားနှင့် ကိုရင်များက မကြားတကြား ဝေဖန်၏။

'တို့ဆရာတော်က တနှစ်လုံးကြာမှ တရက်တည်း ရေချိုးဘာကွ။ ဒါ့ကြောင့် ချေးထူမှာပဲ'

သည်အကြောင်းကို ဆရာတော်ကြားတော့

'အေး၊ ငါရေမချိုးတာ ဘာမှမဖြစ်ဘူး။ မင်းတို့ နေ့တိုင်းရေချိုးတဲ့ကောင်တွေ ကျပ်ကျပ်သတိထား။ ငါ အသုဘရှုသွားတိုင်း သေတဲ့မသာတွေ ဘာလို့သေလဲ မေးကြည့်ယင် ရေချိုးမှားလို့ သေတဲ့မသာသာ တွေ့သကွ။ ရေမချိုးလို့ သေတဲ့မသာ မတွေ့ပေါင်' ဟူ၏။

# အသက်ရှည်လို ထန်းရည်ခါးနဲ့ ကြက်သားမျို

တခါက မန္တလေးမြို့ တောင်ပြင် ဒက္ခိဏာရာမကျောင်းတိုက် ဆရာတော်ဘုရားကြီးထံသို့ ဒကာတဦးရောက်လာပြီး ဦးခိုက်၍ ဤသို့ လျှောက်ထား၏။

'အရှင်ဘုရား၊ ယခုကာလ ဆိုသည်မှာ (အသက် ရှည်စေလို ထန်းရည်ခါးနဲ့ကြက်သားမျို၊ သေစေလို စိန်မစားနှင့်၊ ဥပုသ် စောင့်သွား)ဟု ဆိုကြပါသည်။ ရှေးပညာရှင်တို့သည် ဤစကား ကို အကျိုးမဲ့ဆိုခြင်း မဟုတ်တန်ရာပါ။ သိမှတ်ရန် အဓိပ္ပာယ် အားဖြင့် မိန့်ကြားတော် မူပါ ဘုရား'

ထိုအခါ ဆရာတော်ဘုရားကြီးက

'ဒကာ၊ သင်လျှောက်ထားသောစကားသည် အမှန်အတိုင်း ဆိုသော စကားဖြစ်သည်။ အသက်ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားမျိုဟူသော စကားအရ ထန်းရည်ခါး ဘုရားပစ်ပယ် တော်မူသော ယစ်မျိုးဖြစ်၍ စင်စစ် မသောက်ထိုက်ပေ။ ထိုသို့ မသောက်အပ်သော ထန်းရည်ခါးကို သောက်ကြူး ပါလျှင် အထူးထူးသော ဘဝ၌ ဆက်ကာဆက်ကာ ဘဝ ထောင်သောင်း

မရေမတွက်နိုင်လောက်အောင် သံသရာစက် အသက်ရှည်၍ ဒုက္ခ ဝဲထဲ၌ နစ်မဆုံး ဖြစ်ရမည်။ ထို့ကြောင့် 'အသက် ရှည်စေလို ထန်းရည်ခါးနှင့် ကြက်သားမျို'ဟု ဆိုသည်။ 'သေခံစလို စိန် မစားနှင့်၊ ဥပုသ်စောင့်သွား'ဆိုရာတွင် ဥပုသ်စောင့်လျှင် အသက် သေမည် ဆိုခြင်းမဟုတ်။ ဥပုသ်စောင့်၍ သီလ ငေါ်ကြယ်သော သူသည် သံသရာဝဋ်ဒုက္ခတို့မှ ပြတ်၍ နောက်ထပ် ပဋိသန္ဓေမစွဲပဲ အမြဲသေသည်ကို ရည်ရွယ်၍ 'သေစေလို စိန်မစားနှင့်၊ ဥပုသ် စောင့် သွား' ဆိုကြသည်'ဟု ရှင်းပြတော်မူလိုက်လေသတည်း။

## လောကမှာ ဝတယ် မရှိပါဘူးဟယ်

တနေ့သောအခါ မိုးကုတ်ဆရာတော်ဘုရားကြီးသည် ဒါယကာ ဒါယိကာမများကို ဤသို့ ဩဝါဒစကား မိန့်ကြားတော်မူ၏။

လူ့ဘဝဆိုတာ ကြောက်စရာကြီးပါဟယ်။ ကိစ္စပြီးတယ်လို့ မရှိဘူး။ ဝပါပြီမရှိဘူး။ ဒီနေ့ရေချိုးပြီးပြန်တော့ နောက်တနေ့ ရေချိုးရသေးတာပဲ။ ဒီတခါ တမင်းစားပြီးပြန်တော့ နောက် တခါ ထမင်းစားချင်သေးတာပဲ။ ဝတယ် မရှိဘူး။ အဲဒါ ပုံရိုင်းရိုင်းပြောရယင် ခွေးများ အမဲရိုး ဝါးနေသလိုပဲ၊ ကိုယ် သွားရည်နဲ့ကိုယ် အဟုတ်ကြီး မှတ်နေကြတာ'

# ဘဲလိုမကျင့်နှင့်၊ မြင်းလိုကျင့်

စာရေးသူသည် သိမ်ဖြူဆရာတော်ထံပါး ဆေးပညာလိုက်စားဖူးပါသည်။ ဆရာတော်ဟာ သူ၏ သီးသန့်အဆောင်ခန်းထဲဝယ် ပက်လက်ကုလားထိုင်တလုံးပေါ် ထိုင်နေတော်မူ၏။ စာရေးသူက ဆရာတော်ကြီး စာရေးစာပွဲပေါ်ထိုင်ပြီး ဆရာတော်နှုတ်တိုက်ချပေးသည်များ လိုက်ကူးယူ၏။

ညော့သည်တွေလာသောအခါ ရပ်ထားကြပြီး ညော့သည်များပြန်သွားသောအခါ ဆက်ကြပြန်ပါသည်။ တခါတခါ စာရေးသူသည် သတင်းသမားဖြစ်၍ သတင်းရေး၏။ ပျော်ပျော်နေတတ်သူပီပီ ဟာသစာပေလည်း ရေးသေး၏။တမျိုးသားလုံး ကျန်းမာရေးလိုလားသူပီပီ ဆေးပညာလိုက်စား၏။ ပန်းချီကိုလည်း ငယ်ငယ်ကတိုင် သင်ကြားလေ့လာခဲ့သူမို့ ပန်းချီလည်း ရေးလိုက်သေး၏။ ဆရာတော်က မျက်စိစပါး;မွေးစူးလာအံ့ထင်၏။ တနေ့သောအခါ သိမ်ဖြူဆရာတော်က ဆေးပြင်းလိပ်ကြီးခဲလျက် ဤသို့မိန့်၏။

'မင်း ဘာလုပ်မှာလဲ၊ ငါ့ကိုပြောစမ်း။ သတင်းထောက်လုပ်မှာလား၊ ဆေးဆရာလုပ်မှာလား၊ စာရေးဆရာလုပ်မှာလား၊ ပန်းချီဆရာလုပ်မှာလား။ ရှင်းရှင်းပြောစမ်း။ အေး၊မင်း ဘဲလိုတော့ မကျင့်နဲ့။ ဘဲဆိုတဲ့အကောင်ဟာ ရေထဲလဲကူးတတ်တယ်။

ကုန်းပေါ်လဲ လမ်းလျှောက်နိုင်တယ်။ အဲ၊ ပျံလဲ ပျံနိုင်သေး။ ဒါပေမယ့် လောက်လောက်လားလားဘာဖြစ်တုံး။ မြင်းကျတော့ ကုန်ပေါ်မှာ တဟုန်တိုးအပြေးနိုင်ဆုံးသတ္တဝါဆိုပြီး တခုတည်း စံချိန်တင်ထားတယ်။ ဒါကြောင့် မင်း ဘဲလိုမကျင့်နဲ့၊ မြင်းလို ကျင့်'ဟု မိန့်ဆိုပါသတည်း။

## မင်း တလောကလုံးနဲ့ရန်ဖြစ်ပေရော့

တချိန်က ပါဠိပညာရေးအဖွဲ့ အစည်းအဝေးတခုတွင် ကွယ်လွန်သူ တရားဝန်ကြီးချုပ် ဦးသိန်းမောင်နှင့် ဦးစိုးမြင့်တို့သည် ကိစ္စတခုနှင့်ပတ်သက်၍ အပြင်းအထန်၊အကြိတ်အနယ် ငြင်းခုံကြ၏။ အစည်းအဝေးအပြီးတွင် မစိုးရိမ်ဆရာတော်ကြီးသည် ဦးစိုးမြင့်ကို ကျောင်းသို့ခေါ်၍ သည်းခံရန် ဆုံးမဩဝါဒပေးလေသည်။

'တပည့်တော်က မဟုတ်ယင် မခံချင်ဘူးဆရာတော်၊ ဟုတ်ယင်တော့ ဘယ်လိုလုပ်လုပ်ခံမှာပဲ'ဟု ဦးစိုးမြင့်က လျှောက်ထားရာတွင် ဆရာတော်က

'ဩော်၊မင်းက မဟုတ်ယင်မခံချင်တတ်ပဲကိုး။ အဲဒီလိုဆိုယင် မင်းတသက်လုံး တလောကလုံးနဲ့ ငြင်းခုံခိုက်ရန်ဖြစ်နေပေရော့။ ဒီလောကကြီးက ဟုတ်တဲ့လောကကြီးမှ မဟုတ်ပဲ၊ မဟုတ်တဲ့ လောကကြီးကွယ့်။ဟု ဝ်ဟုဝ်ပေဟုဝ်ဟုဝ် ခံမှပေါ့'ဟုမိန့်တော်မူလိုက်လေသည်။

[ဘဒ္ဒန္တသူရိယာဘိဝံသ ၏ ထေရုပ္ပတ္တိကထာမှ]

# ရုပ်နာမ်မရှိတာ ကောင်း

ချုပ်ခေတ် စစ်ကိုင်းတောင်ရိုးတွင် ဝါဆိုစဉ်က ဆရာတော် ကျောင်းအနီးတွင် စစ်ပုန်းနေထိုင်ကြသည့် ကိုတော-မနိုင်ဆိုသူတို့ လင်မယားနှစ်ဦးသည် ပေါဦးပေါဖျား သရက်သီးများ လာရောက်လှူဒါန်းကြ၏။ ဆရာတော်က သရက်သီး လှူဒါန်းရသည့် အတွက် နိဗ္ဗာန်ရပါလို၏လို့ ဆုတောင်းရန် တရားဟောလိုက်သည်။ မနိုင်သည် အသက်ငယ်ရွယ်သူဖြစ်၍ နိဗ္ဗာန်မလိုချင်၍ ဆို့ကြောင့် မနိုင်က လျှောက်ထားလိုက်၏။

'တပည့်တော်မ နိဗ္ဗာန်မလိုချင်ဘူးဘုရား'

'ဟဲ့၊ ဘာဖြစ်လို့ နိဗ္ဗာန်မလိုချင်ရတာတုံး'

'နိဗ္ဗာန်မှာ ရုပ်မရှိနာမ်မရှိဆိုတော့ ဘာမှမရှိပဲ တပည့်တော် မလိုချင်ပါဘူး'

'ဘာမှမရှိတာ ကောင်းတာပေါ့ဟဲ့'

'ဘာမှမရှိတာ ဘယ်လိုလုပ်ကောင်းမှာတုံး ဆရာတော်'

ယင်းသို့လျှောက်ထားစဉ် ဗုံးကြဲလေယာဉ်ပျံများ လာရောက် ဗုံးကြဲကြသဖြင့် ဗုံးခိုကျင်းအသီးသီးထဲ ဝင်ရောက်ပုန်းအောင်း နေကြရ၏။ ဗုံးကြဲလေယာဉ်ပျံများပြန်သွားလျှင် ကျောင်းပေါ်၌ လူစုမိကြပြန်သည်။

'မနိုင်၊ နင် ခုနင်က ဘယ်သွားပုန်းနေတုံး'

'တောင်ဘက်က ဗုံးခိုကျင်းထဲမှာပါဘုရား'

'ဘာဖြစ်လို့ ပုန်းနေတုံး'

'ဗုံးကြဲလေယာဉ်ပျံတွေလာတော့ ဗုံးကြဲမှာ ကြောက်လို့ပေါ့ ဘုရား'

'ဗုံးကြဲလေယာဉ်ပျံမရှိတာနဲ့ရှိတာ ဘယ်ဟာက ကောင်းတုံး'

'မရှိတာက ကောင်းတာပေါ့ဘုရား'

'အဲဒီလိုပေါ့။ ဗုံးကြဲလေယာဉ်ပျံရှိတော့ ဗုံးကြဲမှာကြောက်ရတယ်။ မရှိတော့ ကြောက်စရာမလိုဘူး။ ရုပ်နာမ်ရှိတော့ ဒုက္ခခံရမှာကြောက်ရတယ်။ နိဗ္ဗာန်မှာ ရုပ်နာမ်မရှိတော့ ဘာဒုက္ခကိုမှ ကြောက်စရာမလိုဘူး။ ဒုက္ခအားလုံး အကုန်ငြိမ်းပဲ။ ကဲ၊ နင် နိဗ္ဗာန် မလိုချင်သေးဘူးလား'

'ဒီလိုတော့လဲ လိုချင်ဖို့ကောင်းသားပဲဘုရား'

'အေး၊ ဆုတောင်း'

# ဘအုန်းကြီး လိမ္မာလာပါပြီ

ဝါးတန်းရပ်မှ ဦးဘအုန်းဆိုသူဒကာကြီးတယောက်သည် တနှစ်တွင် မစိုးရိမ်တိုက်သို့လာ၍ ဒုလ္လဘရဟန်း ခေတ္တဝတ်နေခဲ့ဖူး၏။ ဒကာကြီး ဦးဘအုန်းသည် တနေ့တွင် မစိုးရိမ်ဆရာတော်အား ဤသို့ လျှောက်ထားလေသည်။

'ဘုရာတော်၊ တပည့်တော်တော့ ဘောလုံးပွဲကြည့်တဲ့ဘုန်းကြီး၊ အငြိမ့်ပွဲ၊ ရုပ်ရှင်ပွဲ၊ ဇာတ်ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို မကြည်ညိုဘူးဘုရား'

'ဘအုန်း၊ မင်း ဝါဝင်ဝါကျွတ်မှာ ငါ့ကို မကန်တော့နဲ့။ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို ကန်တော့။ မင်း ငါ့ အပေါ်မှာ ပြစ်မှားတာ ဘာမှမရှိဘူး။ ပွဲကြည့်တဲ့ဘုန်းကြီးတွေအပေါ်မှာ သာ ပြစ်မှားတဲ့ အကုသိုလ်ကံတွေ ရှိနေတာ။ ငါ့ကိုမကန်တော့ လို့ ကုသိုလ် မရရုံပဲ ရှိမယ်၊ ဘာမှ အပြစ် မရှိဘူး။ ပွဲကြည့်တဲ့ ဘုန်းကြီးတွေကို မကန်တော့ယင် မင်းမှာ အပြစ် လေးမယ်။ ဇာတ်တော်မှာကွ၊ဆဒ္ဒန်ဆင်မင်းတို့များ သက်န်းစကလေး မြင် တာနဲ့ သူ့ကို မြားနဲ့ သေအောင်ပစ်တဲ့မုဆိုးကို ဘာမှမလုပ်ဘူး။ မင်းက ဆင်လောက်မှ မလိမ္မာသေးပဲကိုးကွ'

ဒကာကြီး ဦးဘအုန်းသည် ဆရာတော်ကြီး အဆုံးအမကို နာခံပြီးနောက် သူ့စိတ်ကို အတော်ပြင်လိုက်၏။

နံနက်ပိုင်း အစဆုံးတွေ့သည့် ဆွမ်းခံသံဃာကို အနည်းဆုံး အကြော်တခုဖြစ်စေ လောင်းလှူ၍ 'တပည့်တော် အရှင်ဘုရား အပေါ်၌ ပြစ်မှားမိတာများရှိယင် သည်းခံတော်မူပါဘုရား' ဟု ကန်တော့လေတော့သည်။ သည့်လိုနှင့် လေး,ငါး, ခြောက်နှစ် ရှိလာသော အခါ ဒကာကြီး ဦးဘအုန်း မကန်တော့ဖူးသည့် သံဃာဟူ၍ ပရှိသလောက် ဖြစ်သွားလေသည်။ ဆွမ်းခံ သံဃာ များသည် နေ့စဉ် ကန်တော့နေကျ ဒကာကြီး ဦးဘအုန်းနှင့် မလျော်သည့်နေရာ၌ တွေ့လျှင် ပုန်းကွယ်သွားကြလေတော့၏။ ဒကာကြီး ဦးဘအုန်း၏ ကန်တော့ချက်ကား အတော်ပင် ခရီး ရောက်၏။ ဒကာကြီးဦးဘအုန်းသည် တနေ့တွင် ဆရာတော်ထံ လာရောက်၍

'ဘအုန်းကြီး လိမ္မာလာပါပြီ ဘုရား'ဟု လျှောက်ထားလေသည်။

ဆရာတော်က 'မင်းလိမ္မာလာယင် မင်းရဲ့အကန်တော့ကိုခံရတဲ့ သံဃာများလဲ လိမ္မာကြရောပေါ့ကွ'

# ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူး

ကျွန်တော်ဟာ လူငယ် တယောက်ပင် ရှိပါသေးတယ်။ ခေတ်ပညာတွေသင်ခဲ့ရလို့ ဗုဒ္ဓစာပေများနှင့်အလှမ်းဝေးခဲ့ရပါတယ်။ မိရိုး ဖလာ သြကာသကိုပင် ဖြောင့်အောင် မရွတ်ဆိုနိုင်ခဲ့ပါ။ အသက်၃၀လောက်မှာ လူနှင့်မတန်မဆ သောကမီးတွေကြုံရလို့ သောကမီးငြိမ်းရာရှာကြံခဲ့ရာမှ အားကိုးအားထား ရတနာမြတ်သုံးပါးကို တွေ့ရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဘုရားရှင်ကို ကြည်ညိုယင်း၊အားထားယင်း သောကမီးတွေငြိမ်းအေးခဲ့ခြင်း ဖြစ်ပါတယ်။ဒီနေရာမှာ စကားကလေး ဖြတ်ပြောချင်ပါတယ်။

တခါက ဝေဘူ ဆရာတော် ဘုရားကြီးထံ အမျိုးသမီး တယောက် ရောက်လာပြီး ဝေဘူဆရာတော်ရဲ့ခြေနဲ့သူ့ဆံပင်နှင့် ပွတ်တိုက်ပါတယ်။ သူက

'တပည့်တော်မဟာ အပူသည်ပါ ဘုရား။ ကယ်တော် မူပါ ဘုရား' လို့ ငိုယိုပြီး လျှောက်ထားတယ်။ ဝေဘူ ဆရာတော် ဘုရားဟာ ဘာမှ မပြောပဲ ဆိတ်ဆိတ်နေပြီးမှ

'ဒကာမကြီး၊ ဘုရားဟာ ဘာမဆို တတ်နိုင်တယ် ဆိုတာ ယုံကြည်ရဲ့လား'

'ယုံကြည်ပါတယ် ဘုရား'

'အေးဗျာ၊ အဲဒီလိုဆိုယင် ဘုရားခေါင်းပေါ်မှာ ပင့်ဗျား၊ ပင့်ဗျား'လို့ ခိုင်းတယ်။

နောက်မှ

'အေး၊ ပင့်ပြီးပြီလား'

'ပင့်ပြီးပါပြီ ဘုရား'

'အေး အေး၊ဘုရားကိုပင့်ပြီးယင် ပြန်ဗျား။ယုံယုံကြည်ကြည် နဲ့သာ ဘုရားကို ပင့်သွားဗျာ'လို့ မိန့်တော်မူတယ်။

အဲဒီအမျိုးသမီးဟာ လေးငါးရက်လောက်ရှိတော့ တခေါက် ရောက်လာသတဲ့။

'တပည့်တော်မ အပူ ငြိမ်းသွာပါပြီ ဘုရား' လို့ လျှောက် တယ်။

စာရေးသူရဲ့ ကိုယ်တွေ့၊ ဘုရားဟာ အပူ ငြိမ်းစေတာ အမှန် ဖြစ်တာကြောင့် ဘုရားမှ ဘုရား။ ဘယ် သွားသွား၊ ဘုရားကို စိတ်ထဲက ပင့်သွားတာချည်းပါပဲ။

ငယ်ငယ်ရှယ်ရှယ်နှင့် ဒုက္ခသုက္ခတွေရောက်တာကိုပဲ ကျေးဇူး တင်ရမလို ဖြစ်နေပြီ။ဘာဖြစ်လို့လဲဆိုယင် စောစောစီးစီး ဘုရား တန်ခိုး သိတာကိုး။

ဘုရား ဟာ ကိုးကွယ်ရာ၊ ချည်းကပ်ရာ အစစ်မှန် သိပါပြီ။ ဒါ့ကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူခဲ့ တဲ့ တရားတော်များကို လိုက်ပြီး လေ့လာချည်းကပ် ကိုးကွယ်ပါ တယ်။တရားတော်ဟာ နက်နဲခက်ခဲလွန်းလှပါတယ်။ ကျွန်တော် တို့ တထွာတမိုက် ဉာဏ်နှင့် မမီပါ။ အင်္ဂလိပ်စာတတ်တာနဲ့၊ဂျီသြ မေကြီး၊ ရူပဗေဒပုစ္ဆာတွေတွက်တတ်တာနှင့် ဘာမှမဆိုင်ပါဘူး။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ တရားတော်တွေဟာ ကျယ်ဝန်းလှပါတယ်။ ပြီးတော့ တရားတော်ရဲ့အဆီအနှစ်တွေ ထားဘိဦး။ ဂါထာတော်၊မန္တယားတော်တွေကလည်း တန်းခိုး ထက်မြက်လိုက်တာ လွန်ပါရော။ ကိုယ်တွေ့ကြုံမှ ယုံရပါတော့ တယ်။ပြီးတော့ သံဃာတော်အရှင်မြတ်များဟာလည်း ကိုးကွယ် ရာအစစ် မဟုတ်ပါလား။ စာရေးသူဟာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတော်ကို သိတဲ့နေ့ကစပြီး 'ကျွန်တော် လူဖြစ်ခဲ့ပါ တယ်' လို့။ ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်တဲ့အပြင် အကျိုးလည်း ပေးပါတယ်။ အကျိုးပေး ထက်သန်ပုံကိုလည်း ကြည့်ပါအုံး။

# အုန်းမှတ်ခွက်အဓိ

စာရေးသူဟာ စာပေကိုဝါသနာပါသူဖြစ်လေတော့ ဆဋ္ဌမတန်း ကျောင်းသားဘဝကပင် မကွေးဝင်းမြင့် ကလောင်နာမည်နှင့် ခလေးဂျာနယ်ထဲမှာ 'မုဆိုးနဂါး တောင်းပန်ထား၊ ဘုရားရှေ့ စက်တော်' လို့ ဆောင်းပါးရေးခဲ့ပါတယ်။ ပြီးတော့ မှုခင်း၊ အိုဝေစတဲ့ ဂျာနယ်တွေထဲမှာ ပြေတ်ရေးသားခဲ့ပြီး သောကြာ စာစောင်ဆိုယင် ဆရာအောင်ဗလတို့လက်ထက်ကတည်းက ရေး ခဲ့ပါတယ်။ စာပေလုပ်သား အမှတ် ၃၀၀၀ ကျော်ရှိတဲ့အနက် စာရေးသူဟာ စာပေလုပ်သား အမှတ် ၀၀၁၆ ဖြစ်ပါတယ်။ နှစ်တွေကြာခဲ့ပေမယ့် ဖြစ်ဖြစ်မြောက်မြောက် အကျိုးကျေးဇူး မခံစားခဲ့ရပါဘူး။

စာရေးသူဟာ ဘုရားမှန်း၊တရားမှန်း၊သံဃာမှန်း ကိုးကွယ် ဆည်းကပ်ရမှန်းသိတဲ့နောက်ပိုင်းမှာ ပရိတ်မှန်မှန်ရွတ်ခဲ့ပါတယ်။ ဓမ္မစကြာဆို တနေ့မှ မပျက်ရအောင် မှန်မှန် ရွတ်ဆိုပွားများ အားထုတ်ခဲ့ပါတယ်။

တရားနှင့်မွေ့သူဆိုတော့ တရားသမားတွေနှင့် တွေ့တာပါပဲ။ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက်တွေ့လို့ ဆိုတယ် မဟုတ်လား။

စာရေးသူတို့မကွေးမြို့ကို တိုင်းအားကစားမှူး ဦးတင်ထွတ်တို့ ဇနီးမောင်နှံ ပြောင်းရွှေ့လာပါတယ်။ ဦးတင်ထွတ်ဇနီးဒေါ်တင် ဦးဟာ အင်္ဂလိပ်ကပြားမပါ။ဟိုတုန်းက ခရစ်ယာန်ဘာသာအယူ ပါ။ခုတော့ ဗုဒ္ဓဘာသာပြောင်းလဲယူလာပြီး သူ့အိမ်မှာ ရောမ ဘုရားစင်ကြီးနှင့်။ ပုတီးကလည်း စိပ်လိုက်ဘိခြင်း။ ဘုရားကို ကြည်ညိုတဲ့နေရာမှာ အံ့မခန်း။ဒေါ်တင်ဦးဟာ အသက်၅၄ နှစ် ရှိပါပြီ။ မျက်လုံးပြာပြာနဲ့။ မေတ္တာဝါဒ အမြဲထားသူဖြစ်ပါ တယ်။ သူ့ကို စာရေးသူတို့တတွေက 'မာမီကြီး'လို့ခေါ်ခဲ့ပါ တယ်။ မာမီကြီးဟာ အသက် ၂၀ အရွယ်ကစပြီး ဗုဒ္ဓဘာသာ အယူယူပြီး တရားဓမ္မလိုက်စားလာသူဖြစ်ပါတယ်။ ဘုရားကြည် ညိုပုံကလည်း အလွန်ပါပဲ။မာမီကြီး ဈေးသွားတော့မယ်ဆိုယင် ဘုရားစင်ရှေ့သွားပြီး

'မြတ်စွာဘုရား၊တပည့်တော်မ ဈေးသွားမလို့ပါဘုရား'လို့ ဝတ်ပြုပြီးမှ ဈေးသွားပါတယ်။ ဘယ်သွားသွား အဲဒီလိုဝတ်ပြု လျှောက်ထားပြီးမှ သွားပါတယ်။ ပြန်ရောက်လာယင်လည်း

'မြတ်စွာဘုရား၊ တပည့်တော်မ ဈေးကပြန်လာပါပြီဘုရား' လို့ လျှောက်ထားပြန်တယ်။

ဒီအကြောင်းနှင့်ပတ်သက်ပြီး မာမီကြီးကိုမေးကြည့်တော့

'ဟဲ့ သားရဲ့၊ မာမီကြီးမှာ အမေရှိဘာမဟုတ်ဘူး။ ဒီအိမ်မှာ အမေရှိယင် အမေရေ သမီးဈေးသွားမလို့ ပြောရမှာပေါ့။ ခုတော့ ဒီအိမ်မှာ အကြီးအကဲဆိုလို့ ဘုရားပဲရှိတာပဲကွယ့်။ ဒါ့ ကြောင့် အိမ်ကနေ အပြင်သွားစရာ လာစရာရှိယင် ဘုရားကိုယ်

တော်မြတ်ကြီးကို လျှောက်ထားပြီးမှသွားတာ အကောင်းဆုံးပေါ့' လို့ ပြောပါတယ်။

ပြီးတော့ ညနေမှောင်ရီပျိုးစပြုလာယင် အိမ်မှာခိုင်းတဲ့ ကလေးကအစ သိတယ်။ ဘုရားမီးကိုဖွင့်ပြီးမှ တခြားမီးတွေဖွင့်တယ်။ ဒါ့ကြောင့် မာမီကြီးကို ကျွန်တော်သဘောကျတာက ဘုရားကို ကြည်ညိုတဲ့နေရာမှာ စံပြုအားကျမိတာအမှန်ပါပဲ။

တနေ့တော့ ပြည်နယ်နှင့်တိုင်း လက်ရွေးပြိုင်ပွဲအတွက် တိုင်းအားကစားမှူးဦးတင်ထွတ်ရန်ကုန်သွားမယ်စီစဉ်တော့ မာမီကြီးက ကျွန်တော့်ကို သွားပါလိုက်သွားပါလားလို့ ပြောပါတယ်။ ဒါ့ကြောင့် လက်ရွေးအဖွဲ့နှင့်အတူ ရန်ကုန်လိုက်သွားပါတယ်။

အောင်ဆန်းကစားပြိုင်ဝင်းအတွင်းမှာ ကျွန်တော်တို့မကွေးလက်ရွေးအဖွဲ့နေရာယူပြီးတော့ လေ့ကျင့်ခန်းတွေ လုပ်ပါတယ်။ ကျွန်တော်ကတော့ သတင်းစာတိုက်ပေါင်းစုံတနေကုန်တနေခန်း သွားပြီး စာအကြောင်းပေအကြောင်း ပြောလိုက်၊ သတင်းသည့်လိုက်နှင့် အချိန်ကုန်ပါတယ်။

ညတိုင်ကျတော့ပြည်နယ်နှင့်တိုင်းလက်ရွေးအဖွဲ့တွေနှင့် စကားလက်ဆုံကျကြယင်း မန္တလေးတိုင်းကလက်ရွေးအသင်းကိုအုပ်ချုပ်လာသူ ဦးဘကျော် (ဆရာကြီးဦးရာဇတ်ညိအရင်း)နှင့် စကားလက်ဆုံကျမိယင်း အုန်းမှုတ်ခွက်နင်းခြင်းအစသိရပါတော့တယ်။ ဦးလေးဦးဘကျော်ကလည်း စိတ်ရှည်လက်ရှည် အုန်းမှုတ်ခွက်

ကျိတ်နင်းနေသူ ရုပ်ရှင်နယ်ထဲက၊ အနုပညာလောက က ပုဂ္ဂိုလ်တွေဆီ လိုက်ပြပါတယ်။ ဒီအကြောင်းကို စာရေးသူက ဆောင်းပါးတပုဒ်ကောက်ရေးလိုက်တော့ တောမီးလောင်သလိုပျံ့နှံ့သွားပါတယ်။ လာလိုက်တဲ့စာတွေ၊ မေးလိုက်တဲ့မေးခွန်းတွေ။ ဒီစာတွေပြန်ဖို့၊ ဒီမေးခွန်းတွေဖြေဖို့ ကိုယ်တိုင်ကိုယ်ကြပ်လည်းနင်း၊ နာတာရှည်ရောဂါရနေသူတွေကို နည်းမေး၊နင်းသူတွေထံ လိုက်ပြီး စိတ်ရှည်လက်ရှည် သုတေသနပြုယင်းက 'အုန်းမှုတ်ခွက်နင်းရောဂါကင်း' စာအုပ် ထုတ်ဝေရတဲ့အထိ ဖြစ်လာပါတယ်။

အဲ၊အုန်းမှုတ်ခွက်နင်းရောဂါကင်းဆိုတဲ့ စာမူကြီး လက်မှာပိုက်ပြီး သိမ်ဖြူ ဆေးသိပ္ပံ ဆရာတော်ဘုရားကို ပြကြည့်တော့ ဆရာတော်က သဘောကျပါတယ်။

'အေး၊ မင်းဟာ နည်းကောင်းပဲ' တဲ့။ ဆရာတော် အားသခိုက် ဆရာတော်ရဲ့ စာရေးစားပွဲမှာ ကျွန်တော်ကထိုင်ပြီး ဆရာတော်က ဆေးပြင်းလိပ်ကို ဖွာရှိုက်ယင်း အုန်းနဲ့ပတ်သက်ပြီး အမိန့်ရှိတာတွေ၊ အကြောနဲ့ပတ်သက်ပြီး အကျယ် ဖွင့်ပြတာတွေကို လိုက်မှတ်သား နာယူပါတယ်။ ပြီးတော့ ဆရာတော်က ခေတ်ဟောင်းဆေးပညာရဲ့ အားနည်းချက်တွေပါ စာရေးသူသိရှိ သဘောပေါက်အောင် အမိန့်ရှိပါတယ်။ ဆရာတော်ထံမှာ အချောသတ်ပြီးတော့ စာအုပ်ထုတ်ဖို့ စီစဉ်ပါတော့တယ်။

စာအုပ်ထုတ်ဖို့စီစဉ်တော့ ဆရာအထောက်တော်လှအောင်ဆီ ပြေးရတော့တာပေါ့။

'ဆရာရေ၊ ဒီစာမူကို ဆရာ ဖြစ်တဲ့နည်းနဲ့ ထုတ်ပေးပါ'လို့ နားပူတော့ ဆရာအထောက်တော်က ဖြစ်အောင် သူထုတ်မည်။ စာရေးသူကို အားနာတာကတကြောင်း၊ ချစ်ခင် သနားတာက တကြောင်း ကူညီဖို့ သူစီမံပါတယ်။ ဒါတင်မကဘူး။ ကျွန်တော့်ကို သူ့သတင်းဂျာနယ်တိုက်မှာနေရမယ်။ ဘယ်မှ သွားမတည်းနှင့်တဲ့။ တတိုက်လုံး ပုံအပ်ပါတော့တယ်။ ညနေ လေးနာရီလောက်ဆိုယင် ဆရာတို့မိသားစု သုဝဏ္ဏပြန်တယ်။ ပုံနှိပ်တိုက်ထဲမှာ စက္ကူထုပ်တွေ အပြည့်။ အဖိုးတန်ပစ္စည်းတွေအမောက်။ သူ စာရေးအနားယူတဲ့ အခန်းကို အပ်တယ်။ အဲဒီထဲမှာ လက်နှိပ်စက်၊ လေအေးစက်၊ ဆိုဖာ ကုလားထိုင်၊ နိုင်ငံခြားဖြစ် စက္ကူအမျိုးမျိုး၊ တယ်လီဖုန်း သုံးချင်သလိုသုံး။ သဘောရှိ ပေးထားတယ်။ အဆင်ပြေလိုက်တာ လွန်ပါရော။ စာရေးသူဟာ ညတိုင်ကျယင် ဥစ္စာစောင့်ကြီး ဖြစ်မှန်းမသိ ဖြစ်နေပါတော့တယ်။ ဘယ်မှ ဝေးဝေးလံလံ မသွားဖြစ်ပါ။ စာပဲ ထိုင်ရေးနေပါတော့တယ်။ ဆရာ အထောက်တော်ကလည်း ကျွန်တော့်ဆိုယင် စိတ်ချက်လက်ချကိုး။

သူ့မှာလည်း အလုပ်ကများလိုက်တာ လွန်ပါရော။ သတင်းစာဘက်က အခေါင်းအသင်းတွေ၊ စာပေသမားတွေ အမျိုးမျိုး တမျိုးမဟုတ်တမျိုး ညဦးတယ်။ အထောက်တော်ရဲ့ ဇနီး မမကြည်ကလည်း ပါရမီဖြည့်ဖက် ပီသလိုက်တာ။ တကယ်သည်းခံနိုင်တာပဲ။ ရိုးရိုးမဟုတ်ဘူး။ တချို့က မူးလာတာ။ ပြောချင်တာပြော၊ တောင်းချင်တာ ဇွတ်တောင်းတာ။ စားတာ သောက်တာ လောက်ကတော့ မပြောနှင့်တော့။

ဆရာ့ကလည်း ကျွန်တော့်မို့လို့ ရိုက်ပေးမယ်၊ ထုတ်ပေးမယ် ပြောတာ။ ကျွန်တော်ရေးတာ ဝတ္ထုလား၊ ဟာသလား၊ ဘာမှန်းညာမှန်းတောင် မေးနေတာမဟုတ်ဘူး။ တနေ့ စာပေစိစစ်ရေး သွားပြီးတင်တော့ ပုံနှိပ်ထုတ်ဝေသူ အထောက်တော်လှအောင်၊ မကြွေးဝင်းမြင့်ရဲ့ အုန်းမှုတ်ခွက်နင်း ရောဂါကင်း၊ အုပ်ရေ (၆၀၀၀)တဲ့။ ကဲ လုပ်လိုက်တာ။ ဆရာ ကတော့ ကျွန်တော် ဖြစ်စေချင်တာ အကုန် လိုက်လုပ်ပေးတာပဲ။

ဒါပေမယ့် သူ့မှာလည်း အင်မတန် ထူထဲတဲ့ စာအုပ်ကြီး တအုပ် ရိုက်နေတယ်။ အဲဒါက၊ ရှစ်စပ်ကဂျင်ခြေလည်သူ ဆိုတာပေါ့။ နေ့ရောညပါ လုပ်တာ။ အဲဒါကြီး ရိုက်လည်းပြီးရော၊ ကျွန်တော့် စာအုပ် ထုတ်မယ် လုပ်တော့ စက္ကူဆိုင်က အထောက်တော်လှအောင်ရဲ့ ထုတ်ဝေခွင့်ကတ်ဟာ ရှစ်စပ်ကဂျင် ခြေလည်သူ စာအုပ်ထုတ်ထားတာ။ အဲဒါ ကလည်း နှစ်တွဲခွဲထုတ်ခြင်းကြောင့် နှစ်အုပ် ထုတ်ထားပြီလို့ သတ်မှတ်တယ်။ ဒါ့ကြောင့် သူ့ ထုတ်ဝေခွင့်နဲ့ စက္ကူမပေးနိုင်လို့ ပြောပါတော့တယ်။ မောပြီပေါ့။

ဒါ့ကြောင့် ထုတ်ဝေခွင့်ကတ် ရဖို့ လိုက်ရတော့တာပေါ့။ အဲဒီအခါတုန်းက စာအုပ် ခေတ်က တယ်ကောင်းနေတာပဲ။ အလုအယက် ထုတ်နေကြတာ။ ခုလို နွေးနွေး ကွေးကွေး ဆိုင်ပိုင်းထိုင်ပိုင်း ထုတ်နေတာမဟုတ်။ သိုင်းဝတ္ထု၊ ဓားဝတ္ထုတွေ ခေတ်စားနေတဲ့အခါကိုး။

သင့်စာပေ ဦးနီဆီလည်းရောက်တယ်။ နှလုံးလှ စာပေတိုက်လည်း ရောက်တယ်။ ဘယ်မှ ထုတ်ဝေခွင့်ကတ် ငှားမရဘူး။ ဆရာအထောက်တော်ကလည်း ရအောင်သာငှား၊ ပေးရတာသူပေးမယ်ပေါ့။ ဒါ့ကြောင့် ကြိုးစားမ်းစားရှာတာ မရပါ။

ဒါနှင့်မောတော့ အပန်းဖြေနားနေရာ ဆရာဦးရန်ဆောင်ဆီ ရောက်တယ်။ ဆရာနှင့်အတူ စကားပြောရတာ အမောပြေတယ်။ ဆရာက လောဘ ဒေါသ ကင်းစင်တယ်။ စားစရာသောက်စရာလည်း ကျွေးတယ်ကိုး။

'မင်းစာအုပ်ကော မထွက်သေး ဘူးလား' တဲ့။ သတင်းဂျာနယ်က ထုတ်မယ်ဆိုတဲ့ အကြောင်း ကြေငြာတာ ဆရာကတွေ့ထားပြီကိုး။

'ဟုတ်တယ်ဆရာ၊ ထွက်ဖို့စီစဉ်ပြီးပါပြီ။ ဒါပေမယ့် ရိုက်ဖို့စက္ကူကိစ္စမှာ ထစ်နေလို့'

'ဘာဖြစ်လို့လဲ'

'ဆရာအထောက်တော်ရဲ့ ထုတ်ဝေခွင့်နဲ့ တင်ထားပါတယ်။ ဆရာအထောက်တော်ရဲ့ ထုတ်ဝေခွင့် ကတ်ကလဲ ရှစ်ငပ်ကဂျင်ခြေလည်သူ ထုတ်ထားတော့ ချက်ချင်း မရသေးပဲ ဖြစ်နေတာဆရာ။ အဲဒါ ထုတ်ဝေခွင့်ကတ် လိုက်ရှာနေတာ။ ဆရာ့ ထုတ်ဝေခွင့် ကတ်ကော အားရဲ့လား။ ခု တလော ဘာထုတ်ထားသေးတုံး'

'ငါ့ထုတ်ဝေခွင့်ကတ် အားမှာပါပဲ။ လာလေ၊တို့ မြို့ထဲသွားရအောင်'

ဆရာက သူ့ထုတ်ဝေခွင့်ကတ် ညာဏ်လင်းပေးထားတာကိုး။ ဒါနှင့် ၃၃ လမ်းက ညာဏ်လင်းစာပေတိုက် ဆရာ တပည့် နှစ်ယောက်သား ရောက်သွားကြတော့

'မောင်တင်အောင်ရေ၊ မောင်တင်အောင်ရေ'

ညာဏ်လင်း စာပေတိုက်က ဦးတင်အောင်ဆိုသူ ထွက်လာဘယ်။

'အော် ဆရာကြီးပါလား၊ လာ ဆရာ'

ကျွန်တော်တို့ ထိုင်မိကြတော့

'ဟောဒါက မကွေးဝင်းမြင့်တဲ့၊ ကိုယ့်မိတ်ဆွေပါကွာ။ ထုတ်ဝေခွင့်ကတ် လိုနေလို့။အဲဒါ ငါ့ထုတ်ဝေခွင့်ကတ်ကလေး ခဏပေးစမ်းပါ'

ညာဏ်လင်းစာပေက ဦးတင်အောင်က သိပ်မပေးချင်။

'ဘာလုပ်ဖို့လဲဆရာ'

'သူ့ အနန်းမှတ်ခွက်နှင်း ရောဂါကင်းဆိုတဲ့ စာအုပ်ကလေး အတွက်ပါကွယ်။ မကြာပါဘူး၊ ခဏပါ'

ဦးတင်အောင်က ကျွန်တော့်ဘက် လှည့်ပြီး

'ဆရာ့စာမူက စာပေစိစစ်ရေးက ကျပြီးသားလား'

'ဟုတ်ကဲ့၊ ကျပြီးသားပါ'

'ကျွန်တော်တို့ ထုတ်ချင်တယ်၊ ဖြစ်မလား'

'ထုတ်ချင် ထုတ်လေ၊ ဖြစ်ပါတယ်'

'ဟဲ့၊ မင်း လှအောင်နဲ့ စကားပြောပြီးသား မဟုတ်လား။ ဖြစ်ပါ့မလား'

ဆရာက လူကြီး ပီပီ ဝင်ပြောတော့

'ဖြစ်ပါတယ် ဆရာရဲ့။ဆရာအထောက်တော်က ကျွန်တော့်မို လုပ်ပေးရမယ့်သူမို့လို့ အလုပ်တွေသိပ်များတဲ့ကြားက လုပ်ပေး ရမှာပါ။ ဒီကထုတ်မယ်ဆိုယင် သူ့အဖို့ ဝန်တောင် ပေါ့သွား သေး'

'အော်၊ အေး အေး၊ အဲဒီလိုဆိုလဲ လုပ်ပေါ့ကွယ်'

ဆယ်မိနစ်အတွင်းမှာပဲ ကျွန်တော်တို့ ဉာဏ်လင်းနဲ့ ထုတ်ဝေ ကိစ္စ စကား အားလုံး သဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီး ဖြစ်ပါတယ်'

တိုတို ပြောကြပါစို့။

အုန်းမှုတ်ခွက်နင်း ရောဂါကင်း စာအုပ် ပထမ အကြိမ် အုပ်ရေ ၃၀၀၀ ရိုက်ပါတယ်။ ချက်ချင်း နွေချင်း၊ ညချင်း ပြတ်သွားပါတယ်။စာအုပ်တအုပ် ဘယ်လောက်ကောင်းကောင်း ခုလို ပြတ်သွားတယ် ဆိုတာ မလွယ်ပါ။ ဒါ့ကြောင့် စာပေ လောက အတွင်း အုန်းမှုတ်ခွက် ဂယက် ရိုက်သွားပါတယ်။ စာအုပ်ထုတ်သူ၊ ရောင်းသူသာမက ဖတ်သူတွေပါ ရိုက်သွားတဲ့ ဂယက်ပါ။

သူငယ်ချင်း ကာတွန်းမောင်မောင်က ဆိုယင်

'ကိုဝင်းမြင့်ကြီး၊ ခင်ဗျား စာအုပ် စုံတယ်ဗျာ။ ကျွန်တော် အစက စုံလိမ့်မယ် မထင်ဘူး။ တကယ် ပြတ်ကို သွားတာ'

ရတနာ သုံးပါး ဂုဏ်ကျေးဇူးပဲ။ ဒုတိယ အကြိမ် ရိုက်ဖို့ လျှောက်တယ်။ တသောင်းလျှောက်တာ ခြောက်ထောင်ချပေးတယ်။ ဒါနဲ့ ခြောက်ထောင်ကို ရိုက်ပြန်တော့ နှစ်လ အကြာ ပြတ်ရော။ ဒါနှင့်လည်း နယ် အမှာစာတွေ လာတုန်း လာဆဲ။ စာအုပ်ကလည်း လက်ကျန် မရှိတော့ဘူး။

ဒုတိယအကြိမ်ရိုက် အုန်းမှုတ်ခွက်နဲ့ ပတ်သက်လို့ ဦးလေး ဓမ္မဃောသက ဦးမောင်မောင်က

'မောင်ရင့် အုန်းမှုတ်ခွက်ကတော့ ၁၉၇၈ ခုနှစ်မှာ ရောင်းအကောင်းဆုံး စာအုပ်ပဲလို့ စာအုပ်ရောင်းသူ လောကမှာ ပြောနေကြတယ်'တဲ့။ သူက ဝမ်းသာအားရ ပြောပါတယ်။

'ကျွန်တော် တော်လို့ မဟုတ်ပါဘူး ဦးလေးရယ်။ ရတနာ မြတ်သုံးပါး ဂုဏ်ကျေးဇူးပါ'

'ဟုတ်ပါတယ်။ မောင်ရင့်စေတနာရယ်၊ ဒီနေ့ လိုအပ်နေတဲ့ စာအုပ် ဖြည့်စွက်လိုက်တော့ အများ သူငါလဲ ရောဂါဘယ ကင်းစင်တာပေါ့။ စေတနာမေတ္တာ အကျိုး ခံစားရတာပေါ့'

စာရေးဆရာ မောင်သိန်းဆိုင်က

'ခင်ဗျား အုန်းမှုတ်ခွက်ကတော့ ရွှေခွက်ဖြစ်နေပြီ' တဲ့။

ကျွန်တော် ဆိုလိုချင်တာက ဘာမဟုတ်တဲ့အကြောင်းအရာ ကလေးကိုရေးတာနဲ့ ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့် အကျိုးပေး ထက်သန်တာကို မြင်စေချင်လို့ တင်ပြနေခြင်း ဖြစ်ကြောင်းပါ။

## အသက်ကလေးရယ်တဲ့ ရှည်စေလို

တနေ့။ စာရေးသူဟာ ဉာဏ်လင်း စာပေက အထွက် လူ တယောက်က ကျွန်တော့်ကို လာပြီး လက်ဆွဲ နှုတ်ဆက်ပါတယ်။

'လာဗျာ၊ လက်ဖက်ရည်သောက်ပါအုံး။ ခင်ဗျား မကွေး ဝင်းမြင့် မဟုတ်လား။ ကျွန်တော် ခင်ဗျားကို သိပါတယ်။ ကျွန်တော်က တံခွန်တိုင် စာပေက မောင်မြတ်ခေါင်ပါ' ဆိုပြီး ၃၃ လမ်း၊ ရွှေကြည်အေး လက်ဖက်ရည်ဆိုင်ထဲ ခေါ်သွား တယ်။ လက်ဖက်ရည်ဆိုင်ထဲမှာ စပယ်ဦး ဦးတင်စိုး၊ ပွင့်လန်း (သတ္တုတွင်း)၊ ဒါရိုက်တာမောင်မိုးသူတို့ဝိုင်းမှာ စုထိုင်ကြတယ်။ မောင်မိုးသူနှင့် ကျွန်တော်က ဟိုတုန်းကတည်းက သိဟောင်း ကျွမ်းဟောင်း။

တံခွန်တိုင်စာပေက ကိုမြတ်ခေါင်က သူ့တိုက်ကထုတ်ချင်လို့ ခုလ မြဝတီထဲမှာ ပါတဲ့ ဆောင်းပါးတွေ စုစည်းပြီး စာအုပ် ထုတ်ချင်ပါသတဲ့။ ကြိုက်လိုက်ပေါ့။

'ကဲ၊ခင်ဗျား ဘယ်လောက်တန် လိုချင်တုံး'

'ရှစ်ကျပ်တန် လောက်ပေါ့'

'စရန်ပေးဗျာ'

'ဘယ်လောက် ယူမလဲ'

'တထောင်ပေး'

ကိုမြတ်ခေါင်က ငွေ တထောင် ထုတ်ပေးတယ်။ ဘာ လက်မှတ်မှ ထိုးစရာ မလို။ ကျွန်တော့်ကို ယုံပါသတဲ့။ ကဲ၊ လွယ်လိုက်တဲ့ ဖြစ်ခြင်း။

'စာအုပ် နာမည်လေး ပေးပါအုံး' တဲ့။

ဒါနဲ့ စာရေးသူက 'အသက်ရယ် ရှည်စေလို' လို့ ပေးလိုက် ပါတယ်။ အဲဒါကို စာရေးတရာ မြင့်မောင်မောင်က 'နေအုံး နေအုံး၊ 'အသက်ကလေးရယ်တဲ့ ရှည်စေလို' အဲဒါမှ ပိုကောင်း တယ်'လို့ ပြင်တယ်။ ကျွန်တော်လဲ အဲဒီ နာမည်ကို သဘောကျ ပါတယ်။ ဘာဖြစ်လို့လဲဆိုယင် ကျွန်တော်တို့ငယ်ငယ်ကတည်းက ရေပန်းစားခဲ့တဲ့ သီချင်းစာသားလေးပဲ။

အသက်ကလေးရယ်တဲ့ ရှည်စေလို
မြနန္ဒာ ရေညိုသန်း၊ ရွှေမန်း တောင်ရိပ်ခို။

စရန်ငွေတထောင်ပိုက်ပြီး အိမ်ပြန်လာတော့ ဘာကစရေး မလဲ။ငွေတော့ယူခဲ့ပြီ။ဒါနှင့် စာရေးသူဟာ ပင်ကိုက ဆေးပညာ ဝါသနာပါသည့်အလျောက် ရပ်ထဲရွာထဲ နေထိုင် မကောင်းသူ

တွေကို တတ်နိုင်သမျှ ဆေးပေးပါတယ်။ ပျောက်ကင်း သက်သာကြပါတယ်။

ပြီးတော့ စာရေးသူ ဝါသနာဘာခုက မိမိ နည်းကောင်းကလေးတခု ရထားယင် သူများကို ပေးချင်တယ်။ ပြောချင်တယ်။ ယုတ်စွအဆုံး နိုင်ငံခြားဖြစ်ဖလန်ထည်တွေ ဘယ် သခ ဝါယမ က အသွဘ်ရောင်းနေတယ်၊ သွားဝယ်ကြ ဆိုတာကအစ ကိုယ်နှင့် ဆိုင်ဆိုင် မဆိုင်ဆိုင် ပြောတာပဲ။

ဆေးနည်းတွေလည်း အပ္ပနာအအေးနာခဲ့ပြီး လူနာနှင့်တည့်တာ ဆေးပေးတာပဲ။ မဝယ်နိုင်ယင် ကုသိုလ်ဖြစ် အလကား ဝယ်ပေးလိုက်သေး။ အဲဒီအတွေ့အကြုံတွေကို စုစည်းပြီး ရေးလိုက်တော့ စာအုပ်တအုပ် ဖြစ်သွားပါတယ်။ တံခွန်တိုင်စာပေက ကိုမြဘ်ခေါင်ကို ရေးပြီးစာမူအပ်လိုက်တော့ သူ ဝမ်းသာသွားရှာဘယ်။ ထင်တာထက် ကောင်းသတဲ့။ နှစ်ဦး နှစ်ဝ အကျိုးရှိဖို့အပြင် ဖတ်သူပါ အကျိုးဖြစ်ဖို့ပါ။

## မဆယ်တင်

'အသက်ကလေးရယ်တဲ့ ရှည်စေလို' စာအုပ်နှင့် ပတ်သက်ပြီး ပိုလို ကောင်းသွားတာက အသက်ရှည်မှုမှာ ကံ၊စိတ်၊ဥတု၊အာဟာရ အကြောင်းတရားလေးပါး အခြေခံပါတယ်။ တခုခု ချွတ်ယွင်း

ယင် အသက်ရှည်ဖို့ မလွယ်ဘူးပေါ့။ အဲဒီအထဲမှာ အာဟာရဟာ အရေးကြီးဆုံးမဟုတ်လား။ ထမင်းအသက် ခုနစ်ရက်လို့တောင် ပြောကြတယ်မဟုတ်လား။

အဲဒါမှာ ထမင်းအသက်ခုနစ်ရက်ဆိုယင် ထမင်းဟင်း၊ ဘာမှ မစားမသောက်ပဲ တနှစ်ကျော်ကျော်ရှိနေပြီး၊ ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ်နဲ့ နေထိုင် အသက်ရှင်နေသူ မိန်းကလေး တယောက်အကြောင်းကို လေ့လာ သုတေသနပြု တင်ပြထားပါတယ်။

စကားအလျဉ်းသင့်လို့ ပြောရယင် အဲဒီ ထမင်းဟင်း လုံးဝ မစား၊ ရေကလေးသာသောက်ပြီး အသက်ရှင် နေထိုင်သူ မိန်းကလေး အမည်က မဆယ်တင်ပါတဲ့။မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်၊ ဝဲဒေါင့်ကျေးရွာမှာ နေပါတယ်။ ကျောင်းတော်ရာနဲ့ ဆိုယင် နှစ်မိုင်လောက်ပဲ ဝေးပါတယ်။ အဲဒီကို ကိုယ်တိုင် ကိုယ်ကြပ် သွားခဲ့ပါတယ်။ အံ့ဩစရာပါ။ထူးဆန်းမှုကို စူးစမ်းမှု ပြုမိခဲ့ပါ တယ်။

မဆယ်တင်ရဲ့ မိဘတွေကတော့ ဝဲဒေါင့်ရွာမှာ နှစ်ထပ် ပျဉ်ထောင်အိမ်ကြီးနှင့် ရိုးသားတဲ့ တောင်သူလယ်သမားတွေပါ၊ ချမ်းချမ်းသာသာ နေထိုင်သူတွေ ဖြစ်ပါတယ်။ ကျွေးနိုင်မွေးနိုင် ပါရက်နဲ့ သူတို့ သမီးကလေးဟာ ရေကလေးသာ သောက်ပြီး ထမင်းလုံးဝမစားပဲ . တနှစ်ခွဲကျော် ဖြစ်နေတာကို လုံးလုံး သဘောမကျပါဘူး။ လိုရင်းက သူတို့သမီးကလေး ထမင်းစားဖို့

ကိစ္စပါ။ ဒါ့ကြောင့် မကွေးတိုင်းဆေးရုံကြီးလည်းလာပြတယ်။ ဒီက သမားတော် ဒေါက်တာ ဦးမင်းနိုင်တို့ကလည်း ကျကျနန ဆီးစစ်၊ ဝမ်းစစ်၊ သွေးစစ် လုပ်ပါတယ်။ ဆီးလည်း မှန်တယ်။ ဝမ်းကလည်း ရေပဲသောက်တော့ အရေပဲသွားပါတယ်။ ဝမ်းလည်း ကောင်းတာပဲ။ သွေးကလည်း မိန်းကလေးတို့ ရှိအပ်တဲ့ သွေးသားအတိုင်း။ လူကလည်း သာမန်မိန်းကလေးတွေလိုပဲ။ သွက်လက်ပပ၊ကြွကြွရွရွ။ ဆရာဝန်တွေလည်း နားကျပ်ကို တဒေါက်ဒေါက် ခေါက် စဉ်းစားနေပါတယ်။ ခုထိ ဘာမှ မပြောနိုင်သေးပါဘူး။

စာရေးသူကတော့ သတင်းထောက်ဆိုတော့ စပ်စုလိုက်မိပါတယ်။

'ဆရာ၊ ဒီကလေးမလေး ရေသောက်နေရုံနဲ့ အာဟာရဖြစ်နေတာ ဘာသဘောလဲ၊ ရေ အာဟာရ ဖြစ်သလား။ ရေသက်သက်နဲ့ အသက်ရှင် ရပ်တည်နေနိုင်ပါသလား'

ဆရာဝန်များ ခေါင်းခါကြပါတယ်။

မဆယ်တင်အဖေ ပြောတာကတော့

'ကျွန်တော့်မှာ သူ့မမွေးခင် သားသမီးကိုးယောက် မွေးပါတယ်။တယောက်မှ အဖတ်မတင်ပါဘူး။ ဆယ်ယောက်မြောက် ဒီကလေးမလေးကျမှ အဖတ်တင်လို့ဆယ်တင်လို့မှည့်ထားတာပါ၊

သူငယ်ငယ်တုန်းက ထမင်းစားပါတယ်။ ကျောင်းလဲ လေးတန်း အထိ နေခဲ့ပါတယ်။ လွန်ခဲ့တဲ့ တနှစ်ခွဲလောက်ကစပြီး ထမင်း မစားတော့တာပါ။ ဒါနဲ့ သူ့အမေလဲ သူ့ကြောင့် စိတ်ပူတာ ပေါ့။ ဆရာဝန်ပေါင်းလဲ စုံပါပြီ။ လိုရင်းက ဒီကောင်မလေး ထမင်းစားဖို့ လိုရင်းပါ။ မိဘက ကျွေးနိုင်မွေးနိုင်ပါရက်နဲ့ သူက မစားမသောက်တဲ့အပြင်၊ ရေတောင် ခုနစ်ရက်မသောက်ပဲ နေ နိုင်ပါတယ်။ ဒီအထိဖြစ်လာတော့ ကျွန်တော်တို့လဲ ဘာဖြစ်မလဲ ဘာဖြစ်မလဲနဲ့ တကြောင့်ကြကြ ကြည့်နေခဲ့ရတာပဲ။ ခုတော့ ရိုးသွားပါပြီ။ သူ ထမင်းမစားပေမယ့် သူလို ငါလို ခွန်အား ရှိတယ်။ အိမ်မှုကိစ္စတွေ သူပဲ ဒိုင်ခံလုပ်နေတာပါ၊ တခါတခါ ပွင့်ဖြူမြို့နယ်က ဆရာဝန်နဲ့အတူ ရန်ကုန်မြို့က ဆရာဝန်ကြီးများ လဲ ဒီအိမ်မှာ တပတ်လောက်နေပြီး မဆယ်တင်ကို သုတေသန ပြုကြပါတယ်။ သူတို့လဲ ထူးဆန်းပါတယ် ပဲပေါ့'

မဆယ်တင် ဖခင်က ကျွန်တော့်ကို အဲဒီလိုပြောပါတယ်။

ဒါ့ကြောင့် စာရေးသူဟာ မကွေးမှာ စာဆိုတော်နေ့ ရောက် တိုင်း ရောက်လာတဲ့ စာရေးဆရာတွေကို ထူးဆန်းတဲ့ မဆယ်တင် ကလေးဆီ ရောက်အောင် ပို့ပါတယ်။ ရောက်ဖူး ကြသူများ ကတော့ ဆရာ ဒေါင်းနွယ်ဆွေ၊ မောင်သိန်းဆိုင်၊ မြင့်မောင် မောင်၊ ညီညီနိုင်၊ တိုင်းရင်းမေ မမြင့်နွယ်တို့ ဖြစ်ပါတယ်။ ရေနံ့သာ ငင်းမောင်ကတော့ မဆယ်တင်နဲ့ လေးတန်းတုန်းက ကျောင်းနေဖက်။

စာရေးသူလည်း မဆယ်တင်ကို စောင့်ကြည့် နေတုန်းပါ။ တခု ထူးထူးခြားခြား တွေ့ရတာက မဆယ်တင်သည် ပုတီးစိပ်ပါတယ်၊ တရားထိုင်ပါတယ်၊ ရောက်လာတဲ့ ဧည့်သည်မှန်သမျှ မငြိုမငြင် ကျွေးမွေး ပြုစုပါတယ်။

# ဒမြဘေး သီသီ လွတ်

စာရေးသူ လူမှန်းသိကတည်းက ယနေ့အထိ ဒမြ အတိုက်မခံရဖူးပါ။ စာရေးသူ ရန်ကုန်ကို အကြိမ်ပေါင်း မြောက်မြားစွာ ခရီးထွက်ခဲ့၊ ထွက်နေဆဲပါ။ တကြိမ် တခါမျှ ကား မမှောက်ဖူးပါ။

သို့သော် ၁၉၇၈ခုနှစ်ဖေဖော်ဝါရီလတုန်းက ရန်ကုန်ကနေ မကွေးသို့ ရောအရှေ့ ကားနဲ့ ပြန်ခဲ့ပါတယ်။ကျွန်တော်နှင့်အတူ မကွေးမြို့နယ် အားကစားမှူး ဦးတင်ထူးလဲ ပါပါတယ်။ ကျွန်တော်တို့ ရန်ကုန်ကနေ ငါးနာရီထွက်တဲ့ ကားနှင့်ထွက်လာခဲ့ကြပါတယ်။ တောင်တွင်းကြီးရောက်တော့ ညနေ စောင်းပြီပေါ့။ တောင်တွင်းကြီးကနေ မကွေးဘက် ထွက်လာခဲ့ကြတော့ ကားပေါ်မှာ ခရီးသည် ခုနစ်ယောက်လောက်ပဲ ကျန်ပါတော့တယ်။ ဗီလိုနှင့် ယင်းချောင်းတံတား ရောက်ဖို့ ငါးမိုင်လောက်အလိုမှာ လမ်းခုလပ်ကနေ လူ ဆယ်ယောက်လောက်က တားပါတယ်။ ခရီးသည်တင်ကား ဆိုတော့လည်းခရီးသည်တားတော့ ရပ်ရတာ

ပေါ့။ သူတို့ ကားပေါ်တက်လာကြပါတယ်။ ကားနောက်မှာ လေးယောက်၊ ကား အလယ်မှာ သုံးယောက်၊ ကား ဒရိုင်ဘာ အနီးမှာ သုံးယောက် နေရာယူကြပါတယ်။ သူတို့ လက်ထဲမှာ ခါး ကိုယ်စီ။ နွား ပျောက်သူတွေ လိုလိုပေါ့။ စာရေးသူက အကဲခတ် နေပါတယ်။ ထုံးစံအတိုင်း သမ္မုဒ္ဒေဂါထာကိုလည်း ရွတ်နေမိပါတယ်။ ၂၄ ပစ္စည်းလည်း ရွတ်သပေါ့။ ရွတ်ပြီးလို့ သူတို့ကို မျက်ခြည် မပြတ် အကဲခတ်နေတုန်း နောက်နားဆီက လူတယောက်က

"ဟော့ ဟော့ ဟော့" လို့ အသံ ပေးပါတယ်။ လက်ကလဲ ခါးကို လှဲပြပါတယ်။ ကား ဒရိုင်ဘာကို ခုတ်ခိုင်းတာပေါ့။ သူ့လူကလည်း ကားဒရိုင်ဘာ နောက်မှာ ဓားကြီး တဝင့်ဝင့်။ အခြေအနေ မဟန်တော့ဘူး ဆိုတာ ကျွန်တော်သာ မက ကား ပေါ်ကလူတွေက ရိပ်မိပါတယ်။ဒရိုင်ဘာကလည်း အလစ်ပေးပုံ မပေါ်ဘူး။ နောက်ကြည့် မှန်ထဲက သတိထားနေပုံပဲ

စာရေးသူက အာရုံပြောင်းသွားအောင်

'ဒီမှာ မိတ်ဆွေ၊ ထိုင်ပါ။ ထိုင်ခုံတွေ လွတ်နေတာပဲဟာ။ ခင်ဗျားတို့ ဘယ်က ပြန်လာတာလဲ' ခပ် ကျယ်ကျယ် ကလေး မေးလိုက်ပါတယ်။ ဓား တဘက်နှင့်လူက စာရေးသူကို ရဲစခန်း တခုက ပြန်လာသလို ခပ်လုံးလုံး ဖြေတယ်။ ကျွန်တော်နှင့်အတူ ယှဉ်ထိုင်နေတဲ့ ဘောလုံးသမား မောင်မြင့်ကိုလည်း အသာ လက်တို့သတိပေးတယ်။ သူလည်း အသင့် အနေအထားပေါ့။

ဒါပေမယ့် ရှေ့မှာရောက်နေတဲ့လူက စပြီးလုပ်ရဲဟန်မတူဘူး။ နောက်ကသူ့လူတွေကို ပေါ်တွေတွေ ပြန်ကြည့်နေတယ်။ လူက လည်း သောက်ထားပုံ ရပါတယ်။ မျက်ထောင့်နီကြီးနှင့်။

ကားရဲ့ အလယ်မှာနေရာယူတဲ့ သူ့လူတွေကလဲ ရှေ့က သူ့လူ အလုပ်မစကောင်းလား အကြည့်နှင့် လက်ရိုင်ပြလိုက်၊ မျက်စပစ် လိုက်နှင့်။

ရောကားကလည်း မြန်လိုက်တာမှ လှတော့တာသားအပြောနှင့် ပြောရယင် ကျည်ဆန်ထိပ်ပဲဖူး ဖက်စီးရသလိုပ။ ဒါနှင့် ကားဟာ ယင်းချောင်းတံတား ရောက်ရော။

ယင်းချောင်းတံတားရောက်တော့ ကားကိုရပ်တယ်။ တံတား ဖြတ်ကျော်ခွင့်ငွေနှစ်ကျပ် ဘီးခွန်ဆောင်ရတယ်။ ကားပေါ်မှာ ပါလာတဲ့ ဓားတဝင့်ဝင့် ခရီးသည် ၁၀ ယောက်လည်း ကား ပေါ်က ဒယိမ်းဒယိုင်နှင့်ဆင်းကြတယ်။ ရောကားက ယာဉ်မှူးက သူတို့ဆီက ကားခ တောင်းတော့ ၁၀ ယောက်အတွက် ကားခ ကလေး ငွေတကျပ်ပဲ ထုတ်ပေးပါတယ်။ ဒါ့အပြင် ပြောလိုက် သေးတယ်။

'ဟော့၊ ရော့၊ ကျေနပ်ရဲ့လား'

'ဟုတ် ဟုတ်ကဲ့၊ ကျေနပ်ပါတယ်'ပေါ့။သူတို့က ဓားတွေနှင့် မူးနေသူတွေ။ တံတားစောင့်ရဲစခန်းရှိလို့ တော်ပါသေး။

ဝူးကနဲ ကားမောင်းထွက်လာတော့ မြို့နယ် အားကစားမှူး ဦးတင်ထူး တယောက် ဒေါ်ပွလိုက်တာ မပြောပါနှင့်တော့။

ကားသမားတွေကို အပြစ်တင်လို့မဆုံး။ ကျန် ခရီးသည်တွေက လည်း တဗျစ်တောက်တောက်ပေါ့။

'ခုနကဟာတွေ လူကောင်း သူကောင်းတွေ မဟုတ်ဘူးဗျ၊ ချောင်ယင် ဒမြတိုက်မလို့၊ နောက်ကလူ ရှေ့ကသူ့လူကို ခုတ်ဖို့ တကဲကဲ ပြောနေတာ၊ ခင်ဗျားသိရဲ့လား'

'သိပါတယ်ဆရာရယ်၊ တင်မိမှကိုး။ ဒါ့ကြောင့် အကဲခတ် နေရတာပေါ့'

'အလယ်ကထိုင်နေတဲ့ လူလေးယောက်ကလဲ ဖင်တကြွကြွဗျ၊ ရှေ့က သူ့လူ အလုပ် မစကောင်းလားလို့၊ ဟင်း၊ ပြောလိုက်သေးတယ်။ တကယ်သတ္တိနည်းတဲ့ ကောင်တွေ'

'ကံကောင်းလို့ပေါ့၊ သူတို့ နေရာယူပုံက မပိုင်ဘူးလား။ ကားတစီးလုံးချောင်နေတာကို ရှေ့မှာတချို့၊ အလယ်မှာတချို့၊ နောက်မှာတချို့ ဓားကြီးတွေက တဝင့်ဝင့်နဲ့။ လုပ်တာနဲ့ ငပြိုင်နက် ကျုပ်ကလဲ အဆော်ပဲ'

ကားပေါ်ပါလာကြတဲ့ ခရီးသည်တွေ တယောက်တပေါက် ပြောကြတယ်။ သူခိုးပြေးမှ ထိုးကွင်းထတယ်ဆိုဆို အားလုံး ရှူးရှူးရှဲရှဲ ဖြစ်နေကြတယ်။

'မှတ်ထား ကားဆရာ၊ ဒီလို အပုပ်ချိန်မှာ မတင်နဲ့ဗျာ၊ ဒီအချိန်အခါမျိုးဟာ သိပ်မကောင်းချင်ဘူး'

ကားဒရိုင်ဘာလည်း သည်လမ်းသည်ခရီး အတွေ့အကြုံ မရှိသေးလို့ မသိတာကိုး။ သူလည်းတင်ပြီးမှ မှားမှန်းသိရှာပါတယ်။

တကယ်လို့သာ ကျွန်တော်တို့ ခရီးသည်တွေက အကြောက်လွန်ပြီး ကိုယ်က ဦးအောင်ဆိုပြီး ထတွယ်ယင်လည်း ဒီကလက်မဲ့၊ သူတို့က လက်နက်တွေနှင့်။ တမျိုးတဖုံတော့ ဖြစ်သွားနိုင်တာပေါ့။ တော်ပါသေး။ အောင့်နိုင်ပြီး သတိမလစ်တမ်း သည်းခံနိုင်စွမ်း ရှိကြလို့။

သူတို့အရိပ်အခြည်ကို မသိကျိုးကျွန်ပြုပြီး ငိုက်မှဉ်းလားယင်လည်း သူတို့က လက်ရဲဇက်ရဲ လုပ်မှာ မလွဲပါဘူး။

ဒီနေ့အထိ အဲဒီအဖြစ်ကလေး တွေးမိတိုင်း ကျောချမ်းမိပါတယ်။ ကေားငေ်မိကြတိုင်း ဘငင်တုန် ရင်ခုန်ကြဆဲပါ။ ဒီလို ကြံစည်မှု မဖြစ်မြောက်ပဲ လွတ်ကင်းလာတာဟာ ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့်ပါလို့ ကျွန်တော်နှင့် အတူပါလာကြတဲ့ အားကစားသမားများကို ပြန်ပြောတော့ သူတို့ကလည်း သဘောတူပါတယ်။

## လူငယ် လူရွယ်တွေ

ဘာသာရေးကို လူငယ်တွေ များများ လိုက်စားသင့်ပါတယ်။ ဒါ့ကြောင့် လူငယ်တွေအတွက် ဘာသာရေးစာပေ အများကြီး လိုနေပါတယ်။ ဘာသာရေးဟာ လူကို သိမ်မွေ့စေတယ်။ နူးညံ့စေတာ အမှန်ပါပဲ။ ပြီးတော့ မကောင်းမှုဒုစရိုက်တွေ လုပ်ဖို့

နှုတ်ဖူးတွေ့ဒူးတွေ့ ဆုံးသ်တရား ဟောသူတော်ကြောင့် မကောင်း တာဘက် ယိုင်မသွားအောင် မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက် နိုင်စေတာကတော့ 'သီလ' ဖြစ်ပါတယ်။

၁၉၇၃ ခုနှစ်နောက်ပိုင်းမှာ လူငယ်တော်တော်များ ဘုရား ဘက် ပုတီးစိပ် လာတာ တွေ့ရပါတယ်။ ဒါဟာ ကောင်းသော အလားအလာဖြစ်ပါတယ်။ တဘက်ကလည်း လူငယ်တွေကို ပျက် စီးအောင် ဘိန်းဖြူ သက်နက်နဲ့ဆိုးနှက်နေပါတယ်။ အရေးကြီးတာ က လူငယ်တွေ အလွယ်တကူဖတ်ရှုနားလည်နိုင်တဲ့ ဘာသာရေး စာအုပ်တွေ များများလိုပါတယ်။

လူငယ်တွေကို ဘိန်းဖြူကြောင့် ဖမ်းဆီးအရေးယူထားတာ ထောင်မှ ထောင်ထဲအထိ ဘိန်းဖြူသွင်းကြပါသေးတယ်။ ကိုယ် ကာယကိုချုပ်ခနောင်၍ ဘယ်လောက်ထားထား ရုပ်ပိုင်းဆိုင်ရာ ထက် စိတ်ပိုင်းဆိုင်ရာကို အသိဉာဏ်ပေးဖို့ လိုပါတယ်။

မကောင်းမှုဆိုတာကဒါ၊ ကောင်းမှုဆိုတာကဒီလို စသည်ဖြင့် စိတ်ပိုင်းဆိုင်ရာပြုပြင်ဖို့လိုပါတယ်။ ပြီးတော့ လူငယ်တွေကို သွန် သင်ပြောဆိုရာမှာ ရောမပုဂ္ဂိုလ်ကြီးတွေပြောတာထက် သူတို့ လေးစားသဘောကျတဲ့ပုဂ္ဂိုလ်ပြောတာကို ပိုပြီးယုံယုံကြည်ကြည် သေးလေးစားစား လက်ခံကြပါတယ်။

သာဓကတခု ပြပါရစေ။လူငယ်တစုအကြောင်း။မန္တလေးမြို့ ပြီးယင် ဒီမြို့ဟာ ဘိန်းဖြူ ရှိတဲ့လူငယ်အများဆုံးမြို့လို့ ပြောစမှတ်ပြု ပါတယ်၊မြို့ကလူငယ်တော်တော်များများကို ဘိန်းသမားတဝက

ချွတ်သူကတော့ တခြားသူမဟုတ်ပါ။ ဆံပင်ညှပ်ဆရာတယောက် ဖြစ်ပါတယ်။ ဒီနေ့ လူငယ်တော်တော်များများအပေါ် ဩဇာ ရှိတာက ဆံသဆရာဖြစ်ပါတယ်။ သူတို့ကြိုက်တဲ့ ဆံပင်ပုံစံကို စိတ်ရှည်လက်ရှည် ညှပ်ပေးတယ်။ ပြီးတော့ ဆံသဆရာက တခွန်း ချင်း သူလိုရာပြောတယ်။

'ဘိန်းဖြူကြောင့် မင်းတို့ ဘာအကျိုးရလဲ။ အိမ်ကပစ္စည်း ကုန်တာပဲ မဟုတ်လား။ ပြီးတော့ ကျန်းမာရေးကော ပညာ ရေးပါ ထိခိုက်ရုံမကဘူး၊ တဖြည်းဖြည်းနဲ့ လုံးပါးပါးပြီး သေပွဲဝင်ကြရတယ်'

အဲဒီလို တစတစ ဘိန်းဖြူအန္တရာယ်ကိုပြောတယ်။ သူကိုယ်တိုင် ကလည်း ပုတီးတကုံးနှင့် ဘုရားတက်ပြတယ်။

'ဘုရားဆိုတာ အင်မတန်အေးချမ်းတဲ့ အရပ်ပေါ့။ အေး တဲ့အရပ်ကိုသွားယင် အေးချမ်းသာယာတဲ့အရသာ ခံစားရ တာပေါ့'

အဲဒီလိုစည်းရုံးယင်းက တစတစ ဖိုးသမား တော်တော်များ များ ကျွတ်တမ်းဝင်ကုန်ပါပြီ။ စာရေးသူ ဆံသတန်းရောက်တော့ ညနေ ၅နာရီလောက်မှာ လူငယ်လူရွယ် တဒါဇင် ကျော်ကျော် လောက်ဟာ ဆံပင်ညှပ်ဆိုင်တန်းလျားလေးပေါ်မှာ ထိုင်နေကြ တယ်။ ဘုရားသွားမလို့တဲ့။ သူတို့နဲ့အတူ ဘုရားသွားဖော် ဆံသ ဆရာကို ခေါင်းတခေါင်းပြီးအောင် ထိုင်စောင့်နေကြတာတဲ့။

မြို့မှာအနေကြာပြီးမြို့သားတပိုင်းဖြစ်နေတဲ့ မောင်နေလင်းက 'အစ်ကိုကြီး၊ အဲဒီတန်းလျားပေါ်မှာ ထိုင်နေကြတဲ့ လူတွေဟာ ဟိုတုန်းက နံပါတ်ဖိုးသမားတွေပေါ့ခုတော့ သူတို့ဘာသာသဘောပေါက်ပြီး ကျတ်တမ်းဝင်လာကြတာ။ ဘိန်းဖြူဟာလဲ စိတ်ပါပဲအကိုကြီးရာ။ ဘိန်းဖြူမသုံးဘဲလဲဖြစ်နေတာပဲဟာ။ ခုထိုင်နေကြတာကြည့်၊ဟိုတုန်းကဖြူဖပ်ဖြူရော်ကလေးတွေ။ခုပြည့်ပြည့်တင်းတင်းနဲ့ ကျက်သရေကိုရှိလို့'

ဟုတ်ပါတယ်။ သိမ်သိမ်မွေ့မွေ့နှင့် သူတို့ဆံသဆရာကို စောင့်နေကြတယ်။

'ညနေတိုင်းသူတို့ ဘုရားတက်တယ်အစ်ကိုကြီးရဲ့၊သူတို့ကိုယ်သူတို့ စောင့်ထိန်းလာတာပေါ့။ ဘယ်လိုမှ ပြောရတဲ့ကောင်တွေပေါ့၊ခုချိုး ဓာချဏာ၂ရိတ်ရွတ်သူရှဘ်၊သမ္မဒ္ဒေရွတ်သူရွတ်နဲ့။ဘာသာရေးကိုလိုက်စားနေကြတာ မြင်ရတော့ မိဘတွေကလည်း ဝမ်းသာနေကြတယ်။မလိုတဲ့လူတွေက ပြောကြသေးတယ်၊စောင့်ကြည့်စမ်းပါအုံးလေတဲ့၊ စောင့်ကြည့်ခဲ့တာပဲ၊ခုဆို တနှစ်တောင်ကျော်တော့မယ်၊ ဒီလိုနဲ့ ဟိုအရပ်ကလူငယ်၊ ဒီအရပ်ကလူငယ် တယောက်ပါလာနဲ့ ခုဆိုယင် သူတို့ 'ဝတ်အသင်း' ကလေး ဖြစ်မှန်းမသိ ဖြစ်နေကြပြီ အစ်ကိုကြီးရဲ့' တဲ့။

ကျွန်တော့်ညီ မောင်နေလင်းက သူတို့ခကြားရအောင် တိုးတိုးကလေး ကျွန်တော့်နားကပ်ပြီး သူတို့အကြောင်း ပြောပြနေပါတယ်။ ကျွန်တော်လည်း သူတို့နားသွားပြီး ရပ်အကဲခတ်မိပါတယ်။ ပုတီးကိုယ်စီနဲ့ လူငယ်ကလေးတွေကို ကြည့်ပြီး စိတ်ထဲပီတိသောမနဿဖြစ်မိတာ အမှန်ပါပဲ။ ဒါ့ကြောင့် လူငယ်

ဖိုးသမားကလေးတွေဟာ ဖိုးပြတ်ပြီး အနာဂတ်နိုင်ငံ့သားကောင်း ရတနာကလေးတွေ ဖြစ်လာမှာ မလွဲတော့ပါ။

အကယ်၍ စာရှုသူ သိချင်တွေချင်ပါဘယ်ဆိုက သူတို့ကလေးတွေကို လိုက်ပြရန် ဝန်မလေးပါ။ လူငယ်ပြုစုပျိုးထောင်ရေးအပိုင်းမှာ အာကာစား၊ ဘာသာရေး၊ အနုပညာလုပ်ငန်းတွေနှင့် လိုရာဆွဲဆောင်ရမှာ ဖြစ်ပါတယ်။ ခုသည်း ကျွန်တော်ဟာ သူတို့ကလေးတွေဖတ်ဖို့၊ သဘိတရားရဖို့၊ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးအကြောင်းကို ကျွန်တော့်ကိုယ်တွေ့သင်ခန်းစာပေး ရေးသားခြင်း ဖြစ်ပါတယ်။

# ဒါတို့ပြည် ဒါတို့မြေ

ဒီခေါင်းစဉ် ဖတ်ပြီး စာဖတ်သူများ ပြုံးမိကောင်း ပြုံးမိကြပါလိမ့်မယ်။ ပြီးတော့ ရတနာ မြတ်သုံးပါး ဂုဏ် ကျေးဇူးနှင့် ဒီ 'ဒါတို့ပြည် ဒါတို့မြေ'နှင့် ဘာဆိုင်တုံးလို့လည်း မေးမိကောင်း မေးကြပါလိမ့်မယ်။ ဆိုင်ပါတယ်ခင်ဗျာ။

အကြောင်း သင့်လို့ ဒီနေရာမှာ ဦးလေး မမွဃောသက ဦးမောင်မောင် ရေးသားတဲ့ သင့်ဘဝ မဂ္ဂဇင်းက ဆောင်းပါးကလေး ဖော်ပြပါရစေ။

# သူတော်ကောင်းခေတ် တရားမြတ် လွှမ်းပတ်ဤကမ္ဘာ

## ပြန်ကြားလိုက်ပါသည် ဒကာကြီး

ဒကာကြီးထံမှ စာကို ရရှိပါသဖြင့် ကျေးဇူးတင်ပါသည်။ စကော့တလန်ပြည်သို့ တလကြာမျှသွားရောက်၍ ဒကာ, ဒကာမများအား တရားအားထုတ်နည်းများကို ဟောကြား ပြသနေရ သဖြင့် ဒကာကြီးထံ စာ ပြန်ရန် နောက်ကျခြင်း ဖြစ်ပါသည်။

အနောက် နိုင်ငံတွင် ဗုဒ္ဓဘာသာကို ဘ၀ လမ်းညွှန် တရပ် အနေဖြင့် စိတ်ဝင်စားကြသူ လူငယ်များ မြောက်မြားစွာ ရှိကြပါသည်။ ဆိုလိုသည်မှာ နေ့စဉ်နှင့် အမျှ စားဝတ်နေရေး အတွက် လုံးပမ်းလုပ်ကိုင်နေကြရာတွင် မြတ်ဗုဒ္ဓ၏ မဂ္ဂင် ရှစ်ပါး တရားတော် အတိုင်း လိုက်နာကျင့်သုံးလိုသောဆန္ဒ ရှိနေကြခြင်းပင် ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ဗမာပြည်၌သည်း မိမိတို့ ဘ၀ရပ်တည်ရေးအတွက် မြတ်ဗုဒ္ဓ၏ အဆုံးအမ ဒေသနာတော်

အစစ်အမှန်အတိုင်း လိုက်နာကျင့်သုံးနိုင်ကြမည် ဖြစ်ပါက အလွန် အကျိုးများကြပါမည်။ အချို့သူများသည် ဗုဒ္ဓဘာသာအမည်တပ်ပြီး ရှေးအစဉ်အလာသမားရိုးကျ ဘာသာရေးလုပ်ငန်းတွေက ဖုံးလွှမ်းနေသဖြင့် မြတ်စွာဘုရား၏ အဆုံးအမဒေသနာအစစ်အမှန်ကို သိနားလည်နိုင်စွမ်း မရှိ ဖြစ်နေပါသည်။ ဗုဒ္ဓဘာသာဝင် နိုင်ငံများတွင် ဗုဒ္ဓဟောကြား ဆုံးမတော်မူသည့်အတိုင်း လိုက်နာကျင့်သုံးကြမည်ဆိုပါက မြတ်ဗုဒ္ဓ၏သာသနာတော်သည် မည်သည့် အဖြစ်မျိုးနှင့် ကြုံတွေ့စေကာမူ မယိုင် မလဲ ခိုင်မြဲနေမည် ဖြစ်ပါသည်။

ဗမာပြည်မှ ရဟန်းငယ်များအား ဗုဒ္ဓဝါဒကို မိရိုးဖလာ ကိုးကွယ်မှု ဘာသာတရပ်အနေထက် လူ့ ဘဝ တသက်တာတွင် လက်တွေ့ အသုံးချနိုင်သည့် ဘာသာတရပ်အနေဖြင့် သိရှိနားလည်ထားရန် သင်ကြား လေ့ကျင့်ပေးနေဖို့ အထူး လိုအပ်နေပါပြီ ဒါယကာကြီး။

ဗုဒ္ဓ၏ တရားတော်အစစ်အမှန် ပြန့်ပွားရေး၊ သာသနာတော် သန့်စင်ရေးအတွက် ဗမာပြည်၌ ဒကာကြီး၏ ကြိုးပမ်းဆောင်ရွက်မှုများ အောင်မြင် နိုင်လိမ့်မည်ဟု ဘုန်းကြီး ယုံကြည်မျှော်လင့်ပါသည်။

မေတ္တာရှေ့ထားလျက်

၂၀-၇-၇၇ ရေဝတမွ

အင်္ဂလန်ပြည် ဘာမင်ဂန်မြို့၌ သီတင်းသုံးလျက်ရှိသော ဆရာတော် (ဒေါက်တာ) ဦးရေဝတဓမ္မထံမှ အင်္ဂလိပ်ဘာသာဖြင့် ပြန်ကြားစာကို အကျဉ်းချုံး၍ ဘာသာပြန် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

ဆရာတော်အရှင်ရေဝတဓမ္မ(၄၆ နှစ်)ကား ဟင်္သာတခရိုင်၊ ဒေါင့်ကြီးမြို့နယ်၊ ကုတ္တိုဆိပ်ရွာ ဇာတိဖြစ်လျက် ငယ်၊ လတ်၊ ကြီး ပထမပြန် စာမေးပွဲများကို ရှင်သာမဏေ ဘဝကပင် အောင်မြင်တော်မူသည်။ ၁၉၅၂ ခုနှစ် ဟင်္သာတမြို့ မြစ်ကွေ့ကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူပြီးနောက် ၁၉၅၄ ခုနှစ် သက်တော် ၂၂ နှစ်၌ ဓမ္မာစရိယ စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်တော် မူသည်။

## ဗာရာဏသီသို့ ကြွခြင်း

၁၉၅၆ ခုနှစ်တွင် အိန္ဒိယသို့ ကြွသွားတော် မူလျက် ဗာရာဏသီ သင်္သကရိုက် တက္ကသိုလ်၊ ဟိန္ဒူတက္ကသိုလ်တို့၌ သင်္သကရိုက် ဘာသာနှင့် ဟိန္ဒီ ဘာသာတို့ကို ဆည်းပူး သင်ကြားသည်။ ၁၉၆၂ ခုနှစ်တွင် သင်္သကရိုက်တက္ကသိုလ်၌ဘီအေအဆင့်အတန်း

ဖြစ်သော ရှာထရိစာမေးပွဲကို မဟာယာန ဗုဒ္ဓအဘိဓမ္မာ ဘာသာ ရပ်ဖြင့် ဖြေဆိုအောင်မြင်သည်။

## ဟိန္ဒီဘာသာဖြင့် သင်္ဂြိုဟ်ကျမ်းအဖွင့်

၁၉၆၅ ခုနှစ်တွင် ဟင်ဒီဘာသာဖြင့် အဘိဓမ္မာ သင်္ဂြိုဟ်အဖွင့် ကျမ်းကို ပြုစုရေးသားသဖြင့် ယူပီပြည်နယ် အစိုးရ၏ ကာလိဒါသဆုကို ချီးမြှင့်ခြင်းကို ခံရသည်။

## ဝိသုဒ္ဓိမဂ်ဖြင့် ဒေါက်တာဘွဲ့ယူ

၁၉၆၇ ခုနှစ်တွင် ဝိသုဒ္ဓိမဂ်ကျမ်းကို ဝေဖန် လေ့လာခြင်း စာတမ်း (**Thesis**) တစောင် ပြုစုရေးသားသဖြင့် ဗာရာဏသီ ဟင်ဒီ ယူနီဗာစီတီက ပါရဂူ (**Ph.D.**) ဒေါက်တာဘွဲ့ကို အပ်နှင်းခြင်း ခံရသည်။

ဗာရာဏသီ ဟင်ဒီတက္ကသိုလ်တွင် မြန်မာစာကထိက အဖြစ် လည်းကောင်း၊ သံသကရိုက် တက္ကသိုလ်တွင် ပါဠိ ဘာသာ ကထိက အဖြစ် လည်းကောင်း၊ ယင်းတက္ကသိုလ်မှ စီစဉ်သော ဗုဒ္ဓဘာသာဆိုင်ရာ ဝေါဟာရများ စွယ်စုံကျမ်းပြုစုရေးအတွက်

အယ်ဒီတာချုပ်အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော် ရေးသား ပြုစုသော စာအုပ်စာတမ်းများ အနက် သင်္ကရိုက်တက္ကသိုလ်မှ ပုံနှိပ်ထုတ်ဝေသော ဟင်ဒီဘာသာပြန် အဘိဓမ္မာ သင်္ဂြိုဟ်နှင့် အဖွင့်ကျမ်း (နှစ်တွဲ) နှင့် ပါဠိဘာသာ ဝိသုဒ္ဓိမဂ်နှင့်အဖွင့်ကျမ်း (သုံးတွဲ) တို့မှာ ထင်ရှားသည်။

## ၁၇နိုင်ငံသို့ သာသနာထွန်းလင်းစေ

ဆရာတော်ရေဝတဓမ္မသည် အိန္ဒိယ၊နီပေါလ်၊သီဟိုဠ်၊ယိုးဒယား၊ မလေး၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ဟောင်ကောင်၊ တရုတ်ပြည်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ ရုရှား၊ ဟော်လန်စသည့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ကြွရောက်လျက် ဗုဒ္ဓ၏ သာသနာ့ရောင်ခြည်ကို တောက်ပြောင် စေတော်မူခဲ့သည်။

၁၉၇၅ ခုနှစ်တွင် ဘာမင်ဂန်မြို့ (အင်္ဂလန်)သို့ ကြွရောက် သီတင်းသုံးတော်မူသည့် အချိန်မှစ၍ မြို့ကြီးများ၏ တက္ကသိုလ် ကျောင်းကြီးများနှင့် အဖွဲ့အစည်းများတွင် ဗုဒ္ဓသာသနာဆိုင်ရာ ဘာသာရပ်များကို ဟောပြောပြသခြင်း၊ လူငယ်များ အတွက် ဗုဒ္ဓဘာသာ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်း စသည့် သာသနာပြုလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်တော်မူလျက် ရှိသည်။

ဆရာတော်၏ လိပ်စာမှာ

ဒေါက်တာ အရှင် ရေဝတဓမ္မ ( **M. A, Ph. D.** ဓမ္မာစရိယ)
အနောက်ပိုင်း ဗုဒ္ဓဘာသာအဖွဲ့ ဥက္ကဋ္ဌ
ဘာမင်ဂန်မြို့၊ ယူနိုက်တက်ကင်းဒမ်း(အင်္ဂလန်)
ဖြစ်ပါသည်။

## ဆရာတော်ပင့်သူ ဒါယိကာမ

ဆရာတော် အရှင် ရေဝတဓမ္မအား အင်္ဂလန်သို့ ပင့်ဖိတ်၍ ဘာမင်ဂန်မြို့ကို ဗဟိုပြုကာ ဗုဒ္ဓ သာသနာတော် ထွန်းကားရေး အတွက် သဒ္ဓါကြည်ညိုစိတ် အပြည့်ဖြင့် လုံးပမ်း ဆောင်ရွက်နေသော သားငယ် ဝှာမီ (နှစ်နှစ်ခွဲ)၊သမီးငယ် တာရာ (၁၀လ) တို့၏ မိခင် ဒေါ်ပက်မေ ( **Mrs Pat May** )ဖြစ်ပါသည်။ အင်္ဂလန်ပြည် အောက်စဖို့မြို့တွင် ၁၉၄၅ ခုနှစ်၌ ဖွားမြင်လျက် ထင်ရှားသော သမားတော်ကြီး တဦး၏ သမီး ဖြစ်သည်။ ကိန်းဘရစ်တက္ကသိုလ်၊ နယူးဟင်ဒီ တက္ကသိုလ်မှ ဘီ-အေ ဘွဲ့ကို အင်္ဂလိပ် ဘာသာ ဂုဏ်ထူးဖြင့် လည်းကောင်း၊ လန်ဒန်မြို့ ကင်းစ် ကောလိပ်(**King's College**)ပညာရေး ဘွဲ့လက်မှတ် ကိုလည်းကောင်း ရရှိသည်။ ၁၉၆၇ ခုနှစ်တွင် မစ္စတာ ဘရိုင်

ယင်မေ ( Byiam May ) နှင့် အိမ်ထောင် ပြုပြီးနောက် သား တယောက်၊ သမီး တယောက် ထွန်းကားခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် မြတ်ဗုဒ္ဓ၏တရားဓမ္မများကို ပထမစတင်၍ စိတ်ဝင်စား လေ့လာပြီးနောက် တိဗက်ဗုဒ္ဓဘာသာကနဲဂျူဂိုဏ်း လာမာဘုန်းတော်ကြီး (Ato Rimpoche) နှင့်တွေ့ဆုံပြီး အကြံဉာဏ်များ ခံယူရရှိသည်။ ထို့နောက် မစ္စက်ပက်မေသည် သူတို့နေထိုင်ရာမြို့ရှိ ဗုဒ္ဓဘာသာအဖွဲ့သို့ ဝင်ရောက်ကာ ဗုဒ္ဓဘာသာဆိုင်ရာ လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လေသည်။ ဘာမင်ဂန်မြို့ရှိ (West Middands Buddhist Centre) ဗုဒ္ဓဘာသာအဖွဲ့ကို ဖွဲ့စည်းကြပြီးနောက် တိဗက်ပြည် ဆစ်ကင်မြို့မှ ဂျာလဝါကာမာပ (H.H Gyalwa Karmapa of Sikkin) ၏ အကြံပေးချက်များအရ အိန္ဒိယတွင်ရှိနေသော ဆရာတော်အရှင်ရေဝတဓမ္မကို အင်္ဂလန်သို့ ပင့်ဆောင်ကာ မစ္စက်ပက်မေနှင့်တကွ အခြားသောပုဂ္ဂိုလ်များကပါ ပူးပေါင်းကူညီဆောင်ရွက်လျက် ရှိကြသည်။

## ဗုဒ္ဓသာသနာကို ကမ္ဘာမှာ မြန်မာကဦးဆောင်

ကမ္ဘာတွင် စီးပွားရေး၌ ခေါင်းဆောင်သော၊ သိပ္ပံပညာ၌ခေါင်းဆောင်သော၊ ဆိုရှယ်လစ်ဒီမိုကရေစီ၌ ခေါင်းဆောင်သော၊ ပါလီမန်ဒီမိုကရေစီ၌ခေါင်းဆောင်သော စသည်ဖြင့် နိုင်ငံကြီး

များ အသီးသီး ရှိကြရာဝယ် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ကမ္ဘာ့အတွက် ဗမာပြည်ကကြိုးစားလျှင် ခေါင်းဆောင်နိုင်ပါသည်ဟု ကလေးမြို့ ဒီပင်္ကရာကျောင်းသစ်ဆရာတော် အရှင်ပဒုမ ထံမှ စာတစောင် ရောက်လာသည်။

**ထိုစကားမှန်၏။ စာရေးသူသည် ဤရည်ရွယ်ချက်ဖြင့် ကမ္ဘာ့ ဗုဒ္ဓသာသနာပြု အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အရှင်သေဋ္ဌိလ (၈၂နှစ်) ၏ ထေရုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်း အကျဉ်းကို သင့်ဘဝတွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။**

ယခု ဗမာ့သားကောင်းရတနာစစ်စစ် သာသနာ့အာဇာနည် တဦးဖြစ်သော ဒေါက်တာ အရှင်ရေဝတဓမ္မကို ဖော်ထုတ်လိုက်ခြင်းဖြစ်လျက် နောင်အကြောင်းညီညွတ်ပါက သာသနာတော်အတွက်ကိုယ်ကျိုးမငဲ့ကွက်ပဲ အဆင်းရဲခံကာ တကယ့်သာသနာပြုဖြစ်တော်မူကြသော တောင်တန်းနယ်ခြား သာသနာပြုဆရာတော်များ၊ ပင်လယ်ရပ်ခြား သာသနာပြု ဆရာတော်များအကြောင်းကို ဖော်ထုတ်တင်ပြသွားမည် ဖြစ်ပါသည်။

မြတ်ဗုဒ္ဓ၏သာသနာရောင် ထွန်းပြောင်နေသို့လင်းစေသော်။

**ဓမ္မဃောသက ဦးမောင်မောင်**

ကဲ ဒီဆောင်းပါးကလေး ဖော်ပြချင်တာက

'ဗုဒ္ဓသာသနာကို ကမ္ဘာမှာ မြန်မာကခေါင်းဆောင်' ဆိုတဲ့ စာပိုဒ်ကလေး ကြိုက်လွန်းလို့ပါ။

ကျွန်တော်တို့မြန်မာနိုင်ငံမှာ လူဖြစ်ရတာ အင်မတန်ကံထူးသူတွေ ဖြစ်ပါတယ်။ ရေမြေအနေအထားကို ကြည့်ပါ။ ပျဉ်းမနား၊ လယ်ဝေး၊ ကျောက်ဆည်ဆိုတဲ့နယ်တွေတဝိုက်က မြေမျိုးတွေ၊ မြေသြဇာတွေ။ ကောင်းပါဘိခြင်း။ လူက အားထုတ်ပြီး မလုပ်ပဲနှင့်တောင် စားစရာသောက်စရာတွေ အလေ့ကျပေါက်တဲ့ တိုင်းပြည်ပါ။

စားဖို့သောက်ဖို့အတွက် လယ်ကွင်းတွေက တမျှော်တခေါ်။ ရာသီပေါ်သီးနှံတွေကလည်း ငှက်ပျော၊ ပိန္နဲ၊ မာလကာ။ စုံပါပေ့။ ဂျပန်မှာ တလုံးကိုနှစ်ကျပ်ပေးရတဲ့ ငှက်ပျောသီးဟာ ကြုံလိုလိုလေးပါ။ ဒါတောင် လူတိုင်းမစားနိုင်။ မြန်မာပြည်မှာ ငှက်ပျောသီး နေရာအနှံ့ ကြိုက်သလောက်စား။

သယံဇာတဓာတ်သတ္တုတွေတူးတုန်း။ရော့မ အဖိုးတန်သတ္တုကြောကြီးတွေ ဗုန်းဗောလအော။ မြေအောက်ရတနာတွေ အမြောက်အမြား။ ပတ္တမြားချင်းတူတယ်ထားအုံး၊ မြန်မာပြည် မိုးကုတ်ကထွက်တဲ့ပတ္တမြားကိုမမီ။ မြေအောက်ရတနာတွေ တူးလို့မကုန်၊ ဖော်လို့မဆုံး။

မြေပေါ်ကပေါက်နေတဲ့ ကျွန်းရွှေဝါတွေကြည့်ပါအုံး။ မြန်မာ့သစ်တောကထွက်တဲ့ သစ်မွှေးဆိုတာ ရှိသေးတယ်။ကမ္ဘာက မြတ်မြတ်နိုးနိုးနှင့် အလုအယက်လာဝယ်ယူရတယ်။ ထူးခြားတာက အိန္ဒိယနှင့်မြန်မာ နယ်ခြားထားတဲ့ ဝါးတရိုက်လောက် ချောင်းကလေးရှိတယ်။ ဟိုမှာဘက် ကျွန်းသစ်လုံးဝမပေါက်။ သည်မှာဘက် ကျွန်းသစ်တွေ အစီအရီ။

သူတို့နိုင်ငံတွေမှာ အထပ်၇၀ကျော်၇၀ရှိတဲ့ မိုးပျံတိုက်ကြီးတွေ ရှိတယ်ထား။ ခမ်းနားဆန်းပြားတဲ့ ရုပ်ရှင်ရုံတွေ၊ဇာတ်ရုံကြီးတွေ၊ စက်ရုံကြီးတွေ၊ အံ့မခန်းဒုံးပျံကြီးတွေ၊ ကျည်ဆန်ရထားလို့ခေါ်တဲ့ အမြန်ရထားကြီးတွေ၊ အဝေးပစ်ဂိုဟ်တုတွေ၊ တင့်ကားကြီးတွေ ရှိတယ်ထား။

အဲဒီ မိုးပျံတိုက်၊ကျည်ဆန်ရထား၊အံ့မခန်း ရုပ်ရှင်ရုံကြီးတွေ၊ စက်ရုံကြီးတွေကို ပိုက်ဆံနဲ့ပေးဝယ်ယင် ရပါတယ်။ ဒါတွေဟာ လူတွေလုပ်ယင် ရပါတယ်။နယူးယောက်မြို့က ခေတ်မီဟိုတယ်ကြီးမျိုးကို ဂျပန်ပြည် တိုကျိုမြို့မှာလည်း တည်ဆောက်နေတာပဲ။ ကားတွေလည်း အပြိုင်အဆိုင် လုပ်နိုင်တာပဲ။ ငွေရှိယင် ဒါတွေ အကုန်ဖြစ်တယ်။

ဒါဖြင့်ယင် ကျွန်တော်တို့မြန်မာနိုင်ငံက လေးဆူဓာတ်ပုံရွှေတိဂုံလိုစေတီတော်မျိုး သူတို့လုပ်နိုင်ပါ့မလား။ အဲဒီထဲမှာ ဌာပနာထားတဲ့ ဘုရားလေးဆူရဲ့ တောင်ဝှေးတော်၊ဆံတော်မျိုး သူတို့နိုင်ငံတွေမှာ ရှိပါ့မလား။မကွေးမြို့က မြသလွန်စေတီတော်ကြီးရဲ့အောက်မှာ ဌာပနာထားတဲ့ မြသားသလွန်တော်မျိုးကော သူတို့နိုင်ငံမှာရှိပါသလား။ငွေပေးဝယ်လို့ကော ရနိုင်ပါ့မလား။ မရပါ။

သူတို့နိုင်ငံမှာ နှစ် ၂၀၀ ပြည့် အထိမ်းအမှတ်တွေ လုပ်ကြတယ်။ ရှေးဟောင်း ပစ္စည်းဆိုယင် တန်ဖိုး ထားလိုက်ကြတာလွန်ပါရော။ ကျွန်တော်တို့ မြတ်စွာဘုရားသခင်ရဲ့ မွေတော်၊ ဆံတော်၊ ဓာတ်တော်တွေနှင့် မနိုင်းကောင်းလို့ မနှိုင်းလိုပါ။

ပုဂံမြို့ဟောင်း ယဉ်ကျေးမှု အနုပညာလက်ရာ၊ ရှေးဟောင်း ပစ္စည်းလောကနှင့်ပဲ ကျွန်တော်တို့က နိုင်နေပါပြီ။

ဘုရားရတနာအစစ် မြန်မာပြည်အနှံ့မှာရှိပါတယ်။ တရားရတနာတွေရှိတယ်။ သံဃာရတနာဖြစ်တဲ့ သံဃာတော် အရှင်မြတ်များ မြန်မာပြည်အနှံ့။ အများကြီး။ ဒီလိုထူးတဲ့ ရတနာတွေ ပိုင်ဆိုင်ရတဲ့ ကျွန်တော်တို့တတွေဟာ ဂုဏ်ယူကြည်နူးစရာ ဖြစ်ပါတယ်။

မြေပေါ်ရတနာ၊ မြေအောက် ရတနာတွေ အပြင် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာနှင့် ပြည့်လျှမ်း နေတဲ့ ကျွန်တော်နိုင်ငံကို ဘုရားဖူးယင်း 'ဒါတို့ပြည်၊ ဒါတို့မြေ' လို့ ဂုဏ်ယူဝင့်ကြွားမိတာ အမှန်ပါပဲ။

ဘုရားရှိခိုးတိုင်းလည်း ဘဝဆက်တိုင်း နိဗ္ဗာန်မရမီ စပ်ကြား ဘုရားတပည့်တော်သည် ရတနာမြတ်သုံးပါး ရောင်ဝါနေသို့ ထွန်းလင်းတဲ့ မြန်မာပြည်သား ဖြစ်ရပါစေလို၏ ဘုရားလို့ အမြဲ ဆုတောင်း နေရပါကြောင်း ခင်ဗျား။

သတ္တဝါအများ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ

မကွေးဝင်းမြင့်

**မကွေးဝင်းမြင့်**

စာရေးဆရာ၊ သတင်းထောက်
စာပေလုပ်သားအမှတ် (၀၀၁၆)
အမှတ် ၆၊ မဲထီးလမ်း၊ ဈေးရပ်
မကွေးမြို့။

# ဘေးရန်ကာဆီး ပရိတ်ကြီး

စာရှုသူများ အလွယ်တကူ ရွတ်ဖတ် သရဇ္ဈာယ် နိုင်ရန်အတွက် ကမ္ဘာ အေး သာသနာရေး ဦး စီး ဌာန့ ဗုဒ္ဓ သာသနာ အဖွဲ့၏ မူ အ တိုင်း ပ ရိတ် ကြီး ၁၁ သုတ်ကို နောက် ဆက်တွဲအဖြစ် ဖော်ပြလိုက်ပါသည်။

# ပရိတ်ကြီး ပါဠိတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

### နတ်ပင့်နှင့် တိုက်တွန်းချက်

၁။ သမန္တာ စက္ကဝါဠေသု၊ အတြာ ဂစ္ဆန္တု ဒေဝတာ။
သဒ္ဓမ္မံ မုနိရာဇဿ၊ သုဏန္တု သဂ္ဂမောက္ခဒံ။

၂။ ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ။

### ဘုရားရှိခိုး

၃။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### တဖန် နတ်ပင့်

၄။ ယေ သန္တာ သန္တစိတ္တာ တိသရဏ သရဏာ
ဧတ္ထ လောကန္တရေ ဝါ၊
ဘုမ္မာ ဘုမ္မာ စ ဒေဝါ ဂုဏ ဂဏ ဂဟဏ
ဗျာဝဋာ သဗ္ဗကာလံ။

ဌာနေ အာယန္တု ဒေဝါ ဝရ ကနက မဏ္ဍေ
မေရု ရာဇေ ဝသန္တော။
သန္တော သန္တောသ ဟေတုံ မုနိ ဝရ ဝစနံ
သောတု မဂ္ဂံ သမဂ္ဂါ။

အမျှဝေနှင့် တိုက်တွန်းချက်

၅။ သဗ္ဗေသု စက္ကဝါဠေသု၊ ယက္ခာ ဒေဝါစ ဗြဟ္မဏော။
ယံ အမှေဟိ ကတံ ပုညံ၊ သဗ္ဗသမ္ပတ္တိသာဓကံ။

၆။ သဗ္ဗေတံ အနုမောဒိတွာ၊ သမဂ္ဂါ သာသနေ ရတာ။
ပမာဒရဟိတာ ဟောန္တု၊ အာရက္ခာသု ဝိသေသတော။

၇။ သာသနဿ စ လောကဿ၊ ဝုဍ္ဎိဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

၈။ သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ၊ ပရိဝါရေဟိ အတ္တနော။
အနီဃာ သုမနာ ဟောန္တု၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

၉။ ရာဇတော ဝါ၊ စောရတော ဝါ
မနုဿတော ဝါ၊ အမနုဿတော ဝါ
အဂ္ဂိတော ဝါ၊ ဥဒကတော ဝါ
ပိသာစတော ဝါ၊ ခါဏုကတော ဝါ
ကဏ္ဍကတော ဝါ၊ နက္ခတ္တတော ဝါ
ဇနပဒရောဂတော ဝါ၊ အသဒ္ဓမ္မတော ဝါ
အသန္ဒိဋ္ဌိတော ဝါ၊ အသပ္ပုရိသတော ဝါ
စဏ္ဍ၊ ဟတ္ထိ၊ အဿ၊ မိဂ၊ ဂေါဏ၊ ကုက္ကုရ၊ အဟိ၊

ဝိစ္ဆိက, မဏိသပ္ပ, ဒီပိ, အစ္ဆ, တရစ္ဆ, သူကရ, မဟိံသ, ယက္ခ, ရက္ခသာဒီဟိ။

နာနာဘယတော ဝါ, နာနာရောဂယော ဝါ, နာနာဥပဒ္ဒဝတော ဝါ, အာရက္ခံ ဂဏှန္တု။

# ၁–မင်္ဂလသုတ်

၁၀။ ယံမင်္ဂလံ ဒွါဒသဟိ (ပ) တံမင်္ဂလ မုတ္တမံ။

၂၄။ ဧတာဒိသာနိ ကတွာန (ပ) တေသံမင်္ဂလ မုတ္တမံ။

မင်္ဂလသုတ္တံ နိဋ္ဌိတံ။

# ၂-ရတနသုတ်

## ပရိတ်ရွတ်ဖတ်သူ၏ အစီအစဉ်

၂၅။ ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမိယော, ဒသ ဥပပါရမိယော, ဒသ ပရမတ္ထ ပါရမိယောတိ။

သမတိံသ ပါရမိယော, ပဉ္စ မဟာပရိစ္စာဂေ, လောကတ္ထစရိယံ ဉာတတ္ထစရိယံ ဗုဒ္ဓတ္ထစရိယန္တိ တိဿော စရိယာယော ပစ္ဆိမဘဝေ ဂဗ္ဘဝေါက္ကန္တိံ ဇာတိံ အဘိနိက္ခမနံ ပဓာနစရိယံ ဗောဓိပလ္လင်္ကေ မာရဝိဇယံ သဗ္ဗညုတဉာဏပ္ပဋိဝေဓံ။

ဓမ္မစက္ကပ္ပဝတ္တနံ နဝလောကုတ္တရ ဓမ္မေတိ သဗ္ဗေပိမေ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတွာ။

ဝေသာလိယာ တီသု ပါကာရန္တရေသု။

တိယာမရတ္တိံ ပရိတ္တံ ကရောန္တော။

အာယသ္မာ အာနန္ဒတ္ထေရော ဝိယကာရုညစိတ္တံ ဥပဋ္ဌပေတွာ။

## နိုးဆော်ချက် ပရိတ်မှမ်း

၂၆။ ကောဋိသတသဟဿေသု၊ စက္ကဝါဠေသု ဒေဝတာ။
ယဿာဏံ ပဋိဂ္ဂဏှန္တိ၊ ယဉ္စ ဝေသာလိယာ ပုရေ။

၂၇။ ရောဂါမနုဿဒုဗ္ဘိက္ခ သမ္ဘူတံ တိဝိဓံ ဘယံ၊
ခိပ္ပ မန္တရ ဓာပေသိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

## အန္တရာယ်ကင်း ပရိတ်တော်

၂၈။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိ ဝ အန္တလိက္ခေ။

သဗ္ဗေဝ ဘူတာ သုမနာ ဘဝန္တု၊
အထောပိ သက္ကစ္စ သုဏန္တု ဘာသိတံ။

၂၉။ တသ္မာ ဟိ ဘူတာ နိသာမေထ သဗ္ဗေ၊
မေတ္တံ ကရောထ မာနုသိယာ ပဇာယ။

ဒိဝါ စ ရတ္တော စ ဟရန္တိ ယေ ဗလိံ၊
တသ္မာ ဟိ နေ ရက္ခထ အပ္ပမတ္တာ။

၂၀။ ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ၊
သဂ္ဂေသု ဝါ ယံ ရတနံ ပဏီတံ။
နနော သမံ အတ္ထိ တထာဂတေန၊
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ။
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၂၁။ ခယံ ဝိရာဂံ အမတံ ပဏီတံ၊
ယ ဒဇ္ဈဂါ သကျမုနီ သမာဟိတော။
န တေန ဓမ္မေန သမတ္ထိ ကိဉ္စိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၂၂။ ယံ ဗုဒ္ဓသေဋ္ဌော ပရိဝဏ္ဏယီ သုစိံ၊
သမာဓိ မာနန္တရိ ကည မာဟု။
သမာဓိနာ တေန သမော န ဝိဇ္ဇတိ၊
ဣဒမ္ပိ ဓမ္မေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၂၃။ ယေ ပုဂ္ဂလာ အဋ္ဌ သတံ ပသတ္ထာ၊
စတ္တာရိ ဧတာနိ ယုဂါနိ ဟောန္တိ။
တေ ဒက္ခိဏေယျာ သုဂတဿ သာဝကာ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၄။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမ သာသနမှိ၊
တေ ပတ္တိပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၅။ ယထိန္ဒခီလော ပထဝိဿိတော သိယာ၊
စတုဗ္ဘိ ဝါတေဘိ အသမ္ပကမ္ပိယော။
တထူပမံ သပ္ပုရိသံ ဝဒါမိ၊
ယော အရိယသစ္စာနိ အဝေစ္စ ပဿတိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၆။ ယေ အရိယသစ္စာနိ ဝိဘာဝယန္တိ၊
ဂမ္ဘီရပညေန သုဒေသိတာနိ။
ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ၊
န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၁၇။ သဟာဝဿ ဒဿန သမ္ပဒါယ၊
တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။
သက္ကာယ ဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊
သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။

၃၈။ စတူဟပါယေဟိ စ ဝိပ္ပမုတ္တော၊
ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၃၉။ ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေန ဝါစာ ဥဒ စေတသာ ဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၀။ ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊
ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ။
တထူပမံ ဓမ္မဝရံ အဒေသယိ၊
နိဗ္ဗာနဂါမိံ ပရမံ ဟိတာယ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၁။ ဝရော ဝရညူ ဝရဒေါ ဝရာဟရော၊
အနုတ္တရော ဓမ္မဝရံ အဒေသယိ။
ဣဒမ္ပိ ဗုဒ္ဓေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၂။ ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တ စိတ္တာယတိကေ ဘဝသ္မိံ။
တေ ခီဏဗီဇာ အဝိရူဠှိ ဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။
ဣဒမ္ပိ သံဃေ ရတနံ ပဏီတံ၊
ဧတေန သစ္စေန သုဝတ္ထိ ဟောတု။

၄၃။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဗုဒ္ဓံ နမဿာမ သုဝတ္ထိ ဟောတု။

၄၄။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
ဓမ္မံ နမဿာမ သုဝတ္ထိ ဟောတု။

၄၅။ ယာနီဓ ဘူတာနိ သမာဂတာနိ၊
ဘုမ္မာနိ ဝါ ယာနိဝ အန္တလိက္ခေ။
တထာဂတံ ဒေဝမနုဿ ပူဇိတံ၊
သံဃံ နမဿာမ သုဝတ္ထိ ဟောတု။

ရတနသုတ္တံ နိဋ္ဌိတံ။

## ၃—မေတ္တသုတ်

### နှိုးဆော်ချက် ပရိတ်မွမ်း

၄၆။ ယဿာနုဘာဝတော ယက္ခာ၊
နေဝ ဒဿေန္တိ ဘီသနံ။
ယမှိစေဝါ နုယုဉ္ဇန္တော၊
ရတ္တိန္ဒိဝ မတန္ဒိတော။

၄၇။ သုခံ သုပတိ သုတ္တောစ၊
ပါပံ ကိဉ္စိ န ပဿတိ။
ဧဝမာဒိ ဂုဏူပေတံ၊
ပရိတ္တံ တံ ဘဏာမ ဟေ။

### အန္တရာယ်ကင်း ပရိတ်တော်

၄၈။ ကရဏီယမတ္ထကုသလေန၊
ယန္တ သန္တံ ပဒံ အဘိ သမေစ္စ။
သက္ကော ဥဇူ စ သုဟုဇူ စ၊
သုဝစော စဿ မုဒု အနတိမာနီ။

၄၉။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ, နနုဂိဒ္ဓေါ။

၅၀။ နစ ခုဒ္ဒ’မာစရေ ကိဉ္စိ၊
ယေန ဝိညူ ပရေ ဥပဝဒေယျုံ။
သုခိနောဝ ခေမိနော ဟောန္တု၊
သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။

၅၁။ ယေ ကေစိ ပါဏဘူတတ္ထိ၊
တသာ ဝါ ထာဝရာ ဝ’ နဝသေသာ၊
ဒီဃာ ဝါ ယေ ဝ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

၅၂။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ၊
ယေဝ ဒူရေ ဝသန္တိ အဝိဒူရေ။
ဘူတာ ဝ သမ္ဘဝေသီ ဝ၊
သဗ္ဗ သတ္တာ ဘဝန္တု သုခိတတ္တာ။

၅၃။ န ပရော ပရံ နိကုဗ္ဗေထ၊
နာတိမညေထ ကတ္ထစိ န ကိဉ္စိ။
ဗျာရောသနာ ပဋိဃသညာ၊
နာည မညဿ ဒုက္ခ မိစ္ဆေယျ။

၅၄။ မာတာ ယထာ နိယံ ပုတ္တ၊
မာယုသာ ဧကပုတ္တ မနုရက္ခေ။
ဧဝမ္ပိ သဗ္ဗဘူတေသု၊
မာနသံ ဘာဝယေ အပရိမာဏံ။

၅၅။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊
မာနသံ ဘာဝယေ အပရိမာဏံ။
ဥဒ္ဓံ အဓော စ တိရိယဉ္စ၊
အသမ္ဗာဓံ အဝေရ, မသပတ္တံ။

၅၆။ တိဋ္ဌံ စရံ နိသိန္နော ဝ၊
သယာနော ယာဝတာ’ဿ ဝိတမိဒ္ဓေါ။
ဧတံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မ’မေတံ ဝိဟာရ’ မိဓ မာဟု။

၅၇။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊
သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနယ ဂေဓံ၊
န သိ ဇာတုဂ္ဂ’ ဗ္ဘသေယျ ပုန ရေတိ။

မေတ္တသုတ္တံ နိဋ္ဌိတံ။

## ၄-ခန္ဓသုတ်

နှိုးဆော်ချက် ပရိတ်မွမ်း

၅၈။ သဗ္ဗာ သီဝိသဇာတီနံ၊ ဒိဗ္ဗမန္တာ ဂဒံဝိယ။
ယံနာသေတိ ဝိသံဃောရံ၊ သေသဉ္စာပိ ပရိဿယံ။

၅၉။ အာဏာခေတ္တမှိ သဗ္ဗတ္ထ၊ သဗ္ဗဒါ သဗ္ဗပါဏိနံ။
သဗ္ဗသောပိ နိဝါရေတိ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

အနန္တရာယ်ကင်း ပရိတ်တော်

၆၀။ ဝိရူပက္ခေဟိ မေ မေတ္တံ၊
မေတ္တံ ဧရာပထေဟိ မေ။
ဆဗျာပုတ္တေဟိ မေ မေတ္တံ၊
မေတ္တံ ကဏှာ ဂေါတမကေဟိ စ။

၆၁။ အပါဒကေဟိ မေ မေတ္တံ၊
မေတ္တံ ဒွိပါဒကေဟိ မေ။

စတုပ္ပဒေဟိ မေ မေတ္တံ၊
မေတ္တံ ဗဟုပ္ပဒေဟိ မေ။

၆၂။ မာမံ အပါဒကော ဟိံသိ၊
မာမံ ဟိံသိ ဒွိပါဒကော။

မာမံ စတုပ္ပဒေါ ဟိံသိ၊
မာမံ ဟိံသိ ဗဟုပ္ပဒေါ။

၆၃။ သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊
သဗ္ဗေ ဘူတာစ ကေဝလာ။

သဗ္ဗေ ဘဒြာနိ ပဿန္တု၊
မာ ကိဉ္စိ ပါပ မာဂမာ။

၆၄။ အပ္ပမာဏော ဗုဒ္ဓေါ၊
အပ္ပမာဏော ဓမ္မော။

အပ္ပမာဏော သံဃော၊
ပမာဏဝန္တာနိ သရီသပါနိ။

အဟိ ဝိစ္ဆိကာ သတပဒီ၊
ဥဏ္ဏာနာဘိ သရဗူ မူသိကာ။

၆၅။ ကတာ မေ ရက္ခာ, ကတံ မေ ပရိတ္တံ၊
ပဋိက္ကမန္တု ဘူတာနိ။
သောဟံ နမော ဘဂဝတော၊
နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

ခန္ဓသုတ္တံ နိဋ္ဌိတံ။

## ၅-မောရသုတ်

### နှိုးဆော်ချက် ပရိတ်မွမ်း

၆၆။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ မောရယောနိယံ။
ယေန သံဝိဟိတာရက္ခံ၊ မဟာသတ္တံ ဝနေစရာ။

၆၇။ စိရဿံ ဝါယမန္တာပိ၊ နေဝ သက္ခိံသု ဂဏှိတုံ၊
“ဗြဟ္မမန္တ”န္တိ အက္ခာတံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

### အန္တရာယ်ကင်း ပရိတ်တော်

၆၈။ ဥဒေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ဒိဝသံ။

၆၉။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော စရတိ ဧသနာ။

၇၀။ အပေတယံ စက္ခုမာ ဧကရာဇာ၊
ဟရိဿဝဏ္ဏော ပထဝိပ္ပဘာသော။

တံ တံ နမဿာမိ ဟရိဿဝဏ္ဏံ ပထဝိပ္ပဘာသံ၊
တယာဇ္ဇ ဂုတ္တာ ဝိဟရေမု ရတ္တိံ။

၇၁။ ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ၊
တေ မေ နမော, တေ စ မံ ပါလယန္တု။
နမတ္ထု ဗုဒ္ဓါနံ, နမတ္ထု ဗောဓိယာ၊
နမော ဝိမုတ္တာနံ, နမော ဝိမုတ္တိယာ။
ဣမံ သော ပရိတ္တံ ကတွာ၊
မောရော ဝါသ မကပ္ပယိ။

မောရသုတ္တံ နိဋ္ဌိတံ။

# ၆—ဝဋ္ဋသုတ်

နိုးဆော်ချက် ပရိတ်မွမ်း

၁၄၂။ ပူရေန္တံ ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တံ ဝဋ္ဋဇာတိယံ။
ယဿ တေဇေန ဒါဝဂ္ဂိ၊ မဟာသတ္တံ ဝိဝဇ္ဇယိ။

၁၄၃။ ထေရဿ သာရိပုတ္တဿ၊ လောကနာထေန ဘာသိတံ၊
ကပ္ပဋ္ဌာယိံ မဟာတေဇံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

အန္တရာယ်ကင်း ပရိတ်တော်

၁၄၄။ အတ္ထိ လောကေ သီလဂုဏော၊
သစ္စံ သောစေယျ, နုဒ္ဒယာ။
တေန သစ္စေန ကာဟာမိ၊
သစ္စကိရိယ မနုတ္တရံ။

၁၄၅။ အာဝဇ္ဇေတွာ ဓမ္မဗလံ၊ သရိတွာ ပုဗ္ဗကေ ဇိနေ။
သစ္စဗလ မဝဿာယ၊ သစ္စကိရိယ မကာသဟံ။

၇၆။ သန္တိ ပက္ခာ အပတနာ၊ သန္တိပါဒါ အဝဉ္စနာ။
မာတာ ပိတာ စ နိက္ခန္တာ၊ ဇာတဝေဒ ပဋိက္ကမ။

၇၇။ သဟ သစ္စေ ကတေ မယှံ၊
မဟာပဇ္ဇလိတော သိခီ။
ဝဇ္ဇေသိ သောဠသကရီသာနိ၊
ဥဒကံ ပတွာ ယထာ သိခီ။
သစ္စေန မေ သမော နတ္ထိ၊
ဧသာ မေ သစ္စပါရမီ။

ဝဋ္ဋသုတ္တံ နိဋ္ဌိတံ။

# ၇-ဓဇဂ္ဂသုတ်

နှိုးဆော်ချက် ပရိတ်မွမ်း

၇၈။ ယဿာနုဿရဏေနာပိ၊ အန္တလိက္ခေပိ ပါဏိနော။
ပတိဋ္ဌ မဓိဂစ္ဆန္တိ၊ ဘူမိယံ ဝိယ သဗ္ဗထာ။

၇၉။ သဗ္ဗုပဒ္ဒဝ ဇာလမှာ၊ ယက္ခစောရာဒိသမ္ဘဝါ။
ဂဏနာ န စ မုတ္တာနံ၊ ပရိတ္တံ တံ ဘဏာမ ဟေ။

## အန္တရာယ်ကင်း ပရိတ်တော်

၈၀။ ဧဝံ မေ သုတံ-
ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ
ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

၈၁။ တတြ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ "ဘိက္ခဝေါ" တိ။ "ဘဒန္တေ" တိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ။ ဘဂဝါ ဧတဒဝေါစ-

ဘူတပုဗ္ဗံ ဘိက္ခဝေ

ဒေဝါသုရသင်္ဂါမော သမုပဗျူဠှော အဟောသိ၊ အထ ခေါ ဘိက္ခဝေ သက္ကော ဒေဝါနမိန္ဒော။

ဒေဝေ တာဝတိံသေ အာမန္တေသိ

သစေ မာရိသာ ဒေဝါနံ သင်္ဂါမဂတာနံ ဥပ္ပဇ္ဇေယျ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ မမံ ဟိ ဝေါ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၂။ နော စေ မေ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ ပဇာပတိဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၃။ နော စေ ပဇာပတိဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ။ ဝရုဏဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၄။ နော စေ ဝရုဏဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ အထ ဤသာနဿ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကေယျာထ၊ ဤသာနဿ ဟိ ဝေါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတီ'' တိ။

၈၅။ တံခေါပန ဘိက္ခဝေ သက္ကဿ ဝါ ဒေဝါနမိန္ဒဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ပဇာပတိဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ, ဝရုဏဿ ဝါ ဒေဝရာဇဿဓဇဂ္ဂံ ဥလောကယတံ ဤသာနဿ ဝါ ဒေဝရာဇဿ ဓဇဂ္ဂံ ဥလ္လောကယတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသောဝါ၊ သော ပဟီယေထာပိ, နော ပဟီယေထ။

၈၆။ တံ ကိဿ ဟေတု၊

သက္ကော ဟိ ဘိက္ခဝေ ဒေဝါန မိန္ဒော အဝီတရာဂေါ အဝီတဒေါသော အဝီတမောဟော ဘီရုဆမ္ဘီ ဥတြာသီ ပလာယီတိ။

၈၇။ အဟဉ္စ ခေါဘိက္ခဝေ ဧဝံ ဝဒါမိ-

သစေတုမှာကံ ဘိက္ခဝေ အရညဂတာနံ ဝါ ရုက္ခမူလဂတာနံ ဝါ သုညာဂါရဂတာနံ ဝါ ဥပ္ပဇ္ဇေယျ ဘယံဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ မမေဝ တသ္မိံ သမယေ အနုဿရေယျာထ။

၇၇။ “ဣတိပိ သော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော, သုဂတော, လောကဝိဒူ, အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ ဘဂဝါ” တိ။

၇၉။ မမံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၀။ နော စေ မံ အနုဿရေယျာထ၊
အထ ဓမ္မံ အနုဿရေယျာထ။

၈၁။ “သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော, ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီ” တိ။

၈၂။ ဓမ္မံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံ ဝါ ဆမ္ဘိတတ္တံ ဝါ လောမဟံသော ဝါ၊ သော ပဟီယိဿတိ။

၈၃။ နော စေ ဓမ္မံ အနုဿရေယျာထ၊
အထ သံဃံ အနုဿရေယျာထ။

၈၄။ “သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော,
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊

သော ဘဂဝတော သာဝကသံဃော,
အာဟုနေယျော, ပါဟုနေယျော,
ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော
အနုတ္တရံ ပုညက္ခေတ္တံ လောကဿာ''တိ။

၉၅။ သံဃံ ဟိ ဝေါ ဘိက္ခဝေ အနုဿရတံ ယံ ဘဝိဿတိ ဘယံဝါ ဆမ္ဘိတတ္တံဝါ လောမဟံသောဝါ၊ သော ပဟီယိဿတိ။

၉၆။ တံ ကိဿဟေတု

တထာဂတောဟိ ဘိက္ခဝေ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ။

၉၇။ ဣဒမဝေါစ ဘဂဝါ၊ ဣဒံ ဝတွာန သုဂတော။
အထာပရံ ဧတဒဝေါစ သတ္ထာ။

